# အခန်း(၇၇၉) - အမှတ်တွေ စုဆောင်းဖို့ အကောင့်ထဲဝင်မယ်....။

ကြယ်လမ်းစဉ် သစ်ပင်၏ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်မှာ စတုတ္ထမြောက် လူသားများ စုဝေးရာ နေရာပင် ။

လင်းဟွမ်သည် အပြာရောင် မီးလျှံအဆင့်တွင် ရှိစဉ်အခါက ဤစစ်ဆေးရေးဂိတ်ကို ရောက်ရှိရန် အရာအားလုံး ထုတ်သုံးခဲ့ရသည်။

အကောင့်ထဲကို နှစ်လခန့် မဝင်ခဲ့သလို သူ စုဆောင်းခဲ့သည့် အမှတ်များကိုလည်း မည်သည့် အချိန်ကမှ အသုံးမပြုခဲ့ပေ။

သို့သော်လည်း အမှတ်ပေးဇယား၏ ထိပ်ဆုံးတွင် ရပ်တည်နေဆဲပင် ။

ပါရမီရှင် သမဂ္ဂမှ အဖွဲ့ဝင်အားလုံးသည် ဦးဆောင်သူ ဇယား၏ပထမအဆင့် လင်းဟွမ်က နောက်တစ်ကြိမ် ဝင်လာသည်ကို သိသွားသည်။ တစ်လနီးပါး တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ပါရမီရှင် သမဂ္ဂတစ်ခုလုံး ရုတ်တရက် အုန်းအုန်းကျွက်ကျွက် ဖြစ်သွား၏။

"သူ ပျောက်နေတာ နှစ်လလောက် ရှိပြီ.. နောက်ဆုံးတော့ လင်းရှီ ပြန်ဝင်လာပြီ"

"ဒီတစ်ကြိမ်မှာ လင်းရှီက အမှတ် ဘယ်လောက်များများ စုဆောင်းမလဲဆိုတာ သိချင်တယ်ဟေ့"

"သူက စစ်ဆေးရေးဂိတ် (၂၁) မှာဘဲ ရှိနေသေးတယ်လို့ မင်းက ထင်နေတာလား..။ စစ်ဆေးရေးဂိတ် (၅၆) ကနေ စစ်ဆေးရေးဂိတ် (၆၀) အထိ.... အဲ့ဒီမှာရှိတဲ့ မွန်းစတားတွေက အင်မော်တယ် အဆင့် (၇) ကနေ အဆင့် (၉) အထိ ရှိတယ်ဟာ။ လင်းရှီရဲ့တိုက်ခိုက်ရေး အဆင့်က

အပြာရောင်မီးလျှံအဆင့်ပဲ။ ဘယ်လောက်ပဲ သန်မာသန်မာ..... အပြာရောင်မီးလျှံ အဆင့်ပဲ။ အပြာရောင် မီးလျှံအဆင့်က အင်မော်တယ် အဆင့် (၇)ကနေ အင်မော်တယ် အဆင့် (၉) အထိရှိတဲ့ မွန်းစတားအုပ်ကြီးကို အလွယ်တကူ ဖြေရှင်းနိုင်မယ်လို့ မင်း ထင်နေတာလား”

“မင်း မှန်တယ်....။ ဒါပေမယ့် နှစ်လလောက် ကြာနေပြီဆိုတော့ ခရမ်းရောင်မီးလျှံ အဆင့်လည်း ရောက်နေနိုင်တာပဲ.....။ ဒါပေမယ့် ဒီလိုလုပ်နိုင်ဖို့က ဖြစ်နိုင်ခြေ နည်းပါတယ်..”

လင်းဟွမ်သည် လူအများက သူ့အကြောင်း ဆွေးနွေးနေကြောင်း မသိပေ။ ပါရမီရှင်သမဂ္ဂထဲ ဝင်ပြီးနောက် စိန်ခေါ်သည့်နေရာသို့ အရင်ဦးဆုံး မဝင်ခဲ့ချေ။ ထိုအစား ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ အခြေစိုက်စခန်းကို တိုက်ရိုက် ဦးတည်ပြီး သွားလိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင် စစ်ဆေးရေးဂိတ် (၅၅) တွင်ရှိနေသော လူအများစု၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့် (၇) မှ အဆင့် (၉) အထိ ရှိသောကြောင့် အဖွဲ့အစည်းအားလုံးအတွက် ပြိုင်ဆိုင်မှု အပြင်းထန်ဆုံး စစ်ဆေးရေးဂိတ် တစ်ခုလည်း

ဖြစ်နေသည်။ ဤနေရာတွင် ကြောက်စရာကောင်းလောက်အောင် အစွမ်းထက်သော စိန်ခေါ်သူများစွာ ရှိသည်။

စစ်ဆေးရေးဂိတ် (၆၃) တွင် ရှိနေသော စိန်ခေါ်သူများက ပိုအားကောင်းသော်လည်း အဆိုပါစစ်ဆေးရေးဂိတ်တွင် ရှိနေသော စိန်ခေါ်သူအရေအတွက်မှာ စစ်ဆေးရေးဂိတ် (၅၅) ထက် နည်းပါးပြီး ရာဂဏန်းမျှသာ ရှိသည်။

ကြယ်လမ်းစဉ် သစ်ပင် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့တစ်ခုတည်းနှင့်ပင် အဖွဲ့ဝင်အရေအတွက်မှာ (၁,၅၀၀)

ကျော်သည်။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့သည် ဤစစ်ဆေးရေးဂိတ်တွင် စိန်ခေါ်သူ အရေအတွက် အများဆုံး ပိုင်ဆိုင်ထားသည့် အဖွဲ့ပင်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ နောက်တွင် ဟုန်မဟာမိတ်အဖွဲ့က ဒုတိယနေရာမှ ရပ်တည်နေပြီး ဤစစ်ဆေးရေးဂိတ်၌ စိန်ခေါ်နိုင်သူ အရေအတွက် (၉၀၀)ကျော် ရှိသည်။ ထန်မဟာမိတ်အဖွဲ့က အဖွဲ့ဝင် (၈၀၀) ခန့်ရှိပြီး တတိယနေရာတွင် ရပ်တည်နေသည်။

ပါရမီရှင် သမဂ္ဂတွင် ပါရမီရှင် အဖွဲ့အစည်းပေါင်း (၂၆၈)ခုရှိပြီး (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်သည်နှင့် မည်သည့် အဖွဲ့အစည်းက

အားကောင်းပြီး မည်သည့် အဖွဲ့အစည်းက အားနည်းလဲ ဆိုသည်ကို အလွယ်တကူ ဆုံးဖြတ်နိုင်သည်။

ပထမနေရာကို ရောက်နိုင်သည့် အဖွဲ့များမှာ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၊ ဟုန် မဟာမိတ်အဖွဲ့၊ ထန်မဟာမိတ်နှင့် မြင့်မြတ် မဟာမိတ်အဖွဲ့တို့ပင်။

ထိုအဖွဲ့များသည် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်တွင် အဖွဲ့ဝင် (၁၀၀) ကျော်စီ ရှိကြသည်။ ထိုအထဲတွင် တတိယတန်းစား စိန်ခေါ်သူများထက် အနည်းငယ် သာလွန်သော လူ (၅၀) ခန့်ပါဝင်သည်။ သူတို့ထဲမှ နှစ်ဆယ်ကျော်သည် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်ရှိရုံမျှသာ စွမ်းဆောင်နိုင်သော

စတုတ္ထတန်းစား စိန်ခေါ်သူများပင် ။ စတုတ္ထတန်းစား အဖွဲ့ဝင် အများဆုံးရှိသည့် အဖွဲ့အစည်း (၁၈၀) ခန့် ရှိ၏။

နောက်ဆုံး၌ နောက်ဆုံး အဆင့်ကို သိမ်းပိုက်ထားသော ပါရမီရှင် အဖွဲ့အစည်းများသာ ဖြစ်လိမ့်မည်။ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို မရောက်နိုင်သည့် အဖွဲ့အစည်းမျိုးက (၁၀) ဖွဲ့ခန့် ရှိသည်။

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှာ ပါရမီရှင် သမဂ္ဂထဲတွင် အသန်မာဆုံး ပါရမီရှင် အဖွဲ့အစည်းဟု လူသိများသော်လည်း သူတို့တွင် ရှိနေသော လူ

အရေအတွက်ကြောင့် မဟုတ်ပေ။ အရေးအကြီးဆုံး အချက်မှာ ပြိုင်ဘက်များ အပေါ် လွှမ်းမိုးနိုင်ခြင်းပင်…..။

ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ထဲတွင် လင်းဟွမ်အပြင် အထွတ်အထိပ် ပါရမီရှင် (၁၈) ယောက်ရှိသည်။ သူတို့ထဲမှ (၁၅) ယောက်သည် အင်မော်တယ် အဆင့် (၉) ရောက်နေကြပြီး ကျန်သည့်(၃)ယောက်မှာမူ အင်မော်တယ် အဆင့်(၇) သို့မဟုတ် အဆင့် (၈) ဖြစ်ကြသည်။ သူတို့၏ စွမ်းရည်များက အင်ပါယာအဆင့်ကို သတ်ဖြတ်ရန် လုံလောက်ပေသည်။

ဟုန် မဟာမိတ်အဖွဲ့သည် သူတို့၏စွမ်းရည်ကို အခြေခံ၍ အလုံးစုံ စွမ်းရည်အရ အထွတ်အထိပ် ပါရမီရှင်(၁၂) ယောက် ရှိသော်လည်း ထိုအထဲမှ (၇) ယောက်သာ အင်မော်တယ် အဆင့် (၉) ဖြစ်သောကြောင့် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ အရေအတွက်၏ တစ်ဝက်သာ ရှိသည်။

ထန် မဟာမိတ်အဖွဲ့နှင့် မြင့်မြတ် မဟာမိတ်အဖွဲ့တွင် အထွတ်အထိပ် ပါရမီရှင် အရေအတွက် နည်းပါးပြီး (၁၀)ယောက်ပင် မပြည့်ချေ။

ထို့အချက်က (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က မည်မျှ

အင်အားတောင့်တင်းကြောင်း ရှင်းရှင်းလင်းလင်း မီးမှောင်းထိုးပြနေပြီး လူအများစုက သူတို့အဖွဲ့ဝင်များကို ရန်စရဲခြင်း မရှိကြပေ။

မြင့်မြတ် မဟာမိတ်အဖွဲ့မှ စိန်ခေါ်သူများသည် ကျန်သည့်ဂိတ်တွင် အားနည်းပုံမရဘဲ ရန်စရဲသော်လည်း ဤစစ်ဆေးရေး ဂိတ်တွင်မူ ကွဲပြားခြားနားသည်။

လင်းဟွမ်သည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ အခြေစိုက်စခန်းကို လမ်းလျှောက်သွားစဉ် လမ်း၌ ပါရမီရှင်အဖွဲ့အစည်း အသီးသီးမှ စိန်ခေါ်သူများနှင့် ကြုံတွေ့ခဲ့ရသည်။ စိတ်ထဲမှ ကြိုတင် ပြင်ဆင်ထားခဲ့သော်လည်း မည်သည့်အရာမျှ ဖြစ်ပွားလာခြင်း

မရှိပေ။ သူတို့ တစ်ယောက်ချင်းစီက အကြည့် တစ်ချက်သာ လှမ်းကြည့်ကြပြီး မည်သူမျှ သူ့လမ်းကို မပိတ်ဆို့ကြချေ။

"ငါ့ကို စိန်မခေါ်ကြဘူးလား။ ငါ့ဆီမှာ အမှတ်တစ်မှတ်မှ မရှိလို့လား.."

လင်းဟွမ် ရိပ်မိသွားသည်။

အမှန်တကယ်ဆိုလျှင် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်တွင် ကောင်းကင်ဘုံ မဟာမိတ်က အလွန် အင်အားတောင့်တင်း လွန်း၏ ။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ကြယ်လမ်းစဉ်သစ်ပင်၏ အကြီးဆုံး အကိုင်းအခက် သုံးခုကို သိမ်းပိုက်ထားပြီး

လူအရေအတွက် အများဆုံး ရှိနေသည်။ အင်မော်တယ်အဆင့် (၉) အဖွဲ့ဝင် သုံးယောက်က အခြေစိုက် စခန်း (၃) ခုကို စောင့်ကြပ်နေကြခြင်းသာ....

လင်းဟွမ်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ ဌည့်ကြိုဌာန ရှိသည့် ပထမဦးဆုံး ဌာနခွဲသို့ လျှောက်သွားနေသည်။

အစောပိုင်းတွင် သူက (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်သည်နှင့် ပြန်ထွက်ခဲ့သောကြောင့် ဤစစ်ဆေးရေးဂိတ်က အခြေစိုက်စခန်းကို မရောက်ခဲ့ပေ။ သူ သည်နေရာကို ရောက်ကတည်းက သူတို့နှင့် တွေ့သင့်သည်။

ခဏအကြာ လင်းဟွမ်သည် ညှော်ကြိုဌာနရှိသော သစ်ရွက်ပူဖောင်းထံ ရောက်လာသည်။ ထွင်းဖောက်မြင်ရသော ပူဖောင်းနှင့် ဖုံးအုပ်ထားသောကြောင့် အဆောက်အဦးကို ထင်ထင်ရှားရှား မြင်နေရသည်။

လင်းဟွမ်သည် နေရာမှန်ကြောင်း အတည်ပြုပြီးနောက် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ပူဖောင်း မျက်နှာပြင်ကို လက်ဖဝါးနှင့် ထိလိုက်သည်။

ခဏအကြာ နှစ်မီတာခန့်မြင့်သော တံခါးလေးတစ်ခု ပေါ်လာပြီး လင်းဟွမ်အထဲသို့ လမ်းလျှောက်ဝင်သွားသည်။ အရွက်ထဲမှ ဒိုင်မေးရှင်းထဲ

ဝင်လိုက်သည်နှင့် အရပ်ရှည်ပြီး ငယ်ရွယ်သော မိန်းမပျိုလေး တစ်ယောက်က သူ့ကို ကြိုဆိုနေသည်။

"မစ္စတာလင်း.... ကျေးဇူးပြုပြီး ငါနဲ့လိုက်ခဲ့ပေးပါ.."

လင်းဟွမ်သည် အံ့အားသင့်သွားသော်လည်း သူမ နောက်မှ ချက်ချင်း လိုက်သွားလိုက်သည်။

"ငါ လာမယ်ဆိုတာ မင်း သိနေတာလား"

"မင်း ပါရမီရှင်သမဂ္ဂထဲကို ဝင်လိုက်တာနဲ့ ငါတို့ သိနေတယ်။ ခဏနေရင် မင်းက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အခြေစိုက်စခန်းကို ဦးတည်ပြီး လာနေတာကို စောင့်ကြည့်ရေးခြင်က ဖမ်းမိခဲ့တယ်.."

သူမက လင်းဟွမ်ကို အကဲခတ်ရင်း ပြောလိုက်သည်။

"မင်း ငါ့ကို ဘယ်ခေါ်သွားတာလဲ.."

လင်းဟွမ်သည် အဖြေကို အကြမ်းဖျင်း ခန့်မှန်းမိသော်လည်း အတည်ပြုချင်သေးသည်။

"စောင့်ရှောက်သူနဲ့ တွေ့ဖို့.."

အမျိုးသမီး၏ အဖြေက သူမျှော်လင့်ထားသည့် အတိုင်းပင်....။

စောင့်ရှောက်သူ ဆိုသည်မှာ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ အင်မော်တယ်အဆင့် (၉) အထွတ်အထိပ် ပါရမီရှင် သုံးယောက်ပင် ။ သူတို့က

(၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ အခြေစိုက်စခန်း တစ်ခုစီကို စောင့်ရှောက်နေသောကြောင့် ကာကွယ်သူများဟု ခေါ်ကြသည်။

"ဒီနေရာရဲ့ကာကွယ်သူက ဘယ်သူလဲ.."

လင်းဟွမ်သည် ချန်းသွမ်မှလွဲ၍ ကျန်သည့် အထွတ်အထိပ် ပါရမီရှင်များ၏ နာမည်ကို မသိပေ။ ဤကဲ့သို့ အချက်အလက်များကိုလည်း အာရုံမထားချေ။

"ဆရာ ဖိန်ရီ.."

"ဖိန်ရီ...."

လင်းဟွမ်သည် ဤလူအကြောင်းနှင့် ပက်သက်၍ ဘာမှ မသိချေ။ ထို့နောက် အမျိုးသမီးက တိတ်ဆိတ်နေပြီး မည်သည့်စကားမျှ ထပ်မရှင်း ပြတော့ချေ။ ကာကွယ်သူက မည်သူ ဖြစ်ပါစေ၊ လင်းဟွမ်ကလည်း မေးခွန်း မေးချင်စိတ် မရှိတော့ပေ။

ခဏအကြာ လင်းဟွမ်သည် အမျိုးသမီးနောက် လိုက်သွားပြီး တံခါးပေါက်တစ်ခုကို ရောက်ရှိလာသည်။

“ဝင်သွားလိုက်ပါ..”

အမျိုးသမီးကို ကြည့်ရသည်မှာ တစ်ခုခု ပြောချင်နေသော်လည်း ထိန်းထားပုံရသည်။

လင်းဟွမ်က ထိုအချက်ကို သတိထားမိသော်လည်း တံခါး တွန်းဖွင့်လိုက်သည်။ သူ ဝင်လိုက်သည်နှင့် အခန်းက စတုရန်းမီတာ (၃၀) အောက်သာရှိသော အခန်းလေး တစ်ခုဖြစ်ကြောင်း သိလိုက်ရသည်။ နံရံ တစ်လျှောက်တွင် မြင့်မားသော စာအုပ်ပုံကြီးနှင့် သူ့ကို နောက်ကျောပေးထားသော သန်မာသည့် အမျိုးသား တစ်ယောက် ရှိနေသည်။ စာအုပ်ပုံထဲတွင် တစ်ခုခု ရှာဖွေနေသကဲ့သို့ မတ်တပ်ရပ်နေသည်။

"ထိုင်ပါ.."

လင်းဟွမ် ဝင်လာသော အသံကိုကြားလျှင် လှည့် မကြည့်ဘဲ ပြောလိုက်သည်။

လင်းဟွမ်က ဘာမှ ပြန်မပြောဘဲ အခန်းထောင့်ရှိ ဆိုဖာ ထိုင်ခုံပေါ်တွင် ထိုင်လိုက်သည်။ မိနစ်အနည်းငယ် ကြာပြီးနောက် ထိုလူက စာအုပ်စင်မှ စာအုပ်တစ်အုပ် ထုတ်ယူကာ လှည့်ကြည့်လာသည်။ စာအုပ်ကို စားပွဲပေါ်တင်ပြီး လင်းဟွမ်ကို စတင် လေ့လာနေသည်။

ဖိန်ရီက လင်းဟွမ်ကို လေ့လာ အကဲခတ်ပြီးနောက် အမူအယာကင်းမဲ့သော မျက်နှာနှင့် ..

"လင်းရှီ.. ငါတို့ဆီက လိုအပ်တာရှိရင် အကြောင်း ကြားပါ.. ချန်းသွမ်က မင်းအကြောင်း အကုန် ပြောပြထားတယ်."

သူ၏အသံက စိတ်ဆိုးနေလား၊ ကျေနပ်နေလား ဆိုသည်ကို မည်သူမျှ အတိအကျ မသိနိုင်ချေ။ လင်းဟွမ်သည် သူနှင့် စကားအနည်းငယ် ပြောရမည်ဟု တွေးထားခဲ့သော်လည်း မမျှော်လင့်စွာဖြင့် ဒွဲ့တိုးသမား တစ်ယောက် ဖြစ်နေသည်။

"မင်း လိုတာရှိချင်ရင် ပွင့်ပွင့်လင်းလင်း ပြော.."

"ဒါဆိုလည်း ပွင့်ပွင်လင်းလင်းပဲ ပြောတော့မယ်။ (၅၅)ခုမြောက် စစ်ဆေးရေး ဂိတ်နောက်ပိုင်းက အဆင့်တွေရဲ့ အသေးစိတ် အချက်အလက်တွေ လိုချင်တယ်.."

"(၆၃) ခုမြောက် စစ်ဆေးရေးဂိတ်လည်း ပါတယ်….."

လင်းဟွမ်က သူ့ရည်ရွယ်ချက်ကို အမှန်အတိုင်း ထုတ်ပြောလိုက်သည်။

ဖိန်ရီ မျက်မှောင်ကြုတ်သွားသော်လည်း ခဏအကြာ အမူအရာက ပုံမှန် ပြန်ဖြစ်သွားကာ

"(၅၅) ကနေ (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်အထိ အချက်အလက်တွေကို ပေးလို့ရတယ်။ ဒါပေမယ့် (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ကို ကျော်သွားတဲ့ အချက်အလက်တွေကိုတော့ အကြီးအကဲနဲ့ လက်ထောက် အကြီးအကဲတွေကပဲ ပေးပိုင်ခွင့် ရှိတယ်။ ငါ့မှာ လုံလောက်တဲ့ အခွင့်အာဏာ မရှိဘူး.."

“ဒါဆိုလည်း ရတယ်။ (၅၅) ကနေ (၆၃) ခုမြောက် စစ်ဆေးရေးဂိတ် အထိ အသေးစိတ် အချက်အလက်တွေ ယူမယ်။ (၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ကို ကျော်သွားတဲ့ အချက်အလက်တွေကတော့ အရေးတကြီး မလိုသေးဘူး။ အားတဲ့အချိန်မှ အကြီးအမှူးဆီ သွားယူလိုက်မယ်”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။ မအံ့အောမိပေ။ အဖွဲ့အစည်း တော်တော်များများသည် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ် နောက်ပိုင်းက အချက်အလက်များကို လျှို့ဝှက်ချက်အဖြစ် လျှို့ဝှက်ထားကြသည်။ ထို့ကြောင့် (၆၃) ခုမြောက် စစ်ဆေးရေးဂိတ် နောက်ပိုင်းမှ

အချက်အလက်များကမူ ထိပ်တန်း လျှို့ဝှက်ချက်များ ဖြစ်လိမ့်မည်။

"မင်းဆီ အချက်အလက်တွေ ပို့ပေးပြီးပြီ။ အဲ့ဒါက ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းရဲ့ အတွင်းပိုင်း အချက်အလက်တွေပဲ......။ မင်း တခြားသူတွေကို ထုတ်ပြောခွင့် ဒါမှမဟုတ် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်အောက်မှာ ရှိတဲ့ ကျန်တဲ့ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်တွေကိုလည်း ပြန်လည် ဖြန့်ဝေခွင့်မရှိဘူး။ ထိန်းသိမ်းထားရမယ်။ စာရွက် စာတမ်းတွေကို ကာကွယ်ထားရမယ်။ တခြားသူတွေဆီ ပေးပိုင်ခွင့် မရှိဘူး.."

ဖိန်ရီထံတွင် ဘက်ပေါင်းစုံမှ လုပ်နိုင်သော အခွင့်အာဏာရှိသည်။ လင်းဟွမ်နှင့် စကား၍ မဆုံးခင် ဖိုင်များကို ပို့ပြီးသွားခဲ့ပြီ။

‘တစ်ကယ် အလုပ်ကြိုးစားတဲ့လူပဲ..”

လင်းဟွမ်စိတ်ထဲမှ တွေးလိုက်သည်။

“မင်း လိုချင်တာ ရှိသေးလား..”

ဖိန်ရီက မေးသည်။

“မရှိတော့ဘူး….၊ ကျေးဇူးတင်ပါတယ်”

လင်းဟွမ်က ထိုင်ခုံပေါ်မှ မတ်တပ်ထရပ်ကာ ခေါင်းခါပြလိုက်သည်။ ခြေလှမ်း အနည်းငယ်လှမ်း၍

တံခါးအဝ ရောက်ခါနီး၌ နောက်ဘက်မှ ဖိန်ရီ၏အသံ ရုတ်တရက် ထွက်ပေါ်လာသည်။

"(၆၃) ခုမြောက် စစ်ဆေးရေးဂိတ်ကို စမ်းကြည့်ဖို့ ပြန်လာတာလား.."

လင်းဟွမ်က ခြေလှမ်းကို ရပ်တန့်လိုက်ပြီး ဖိန်ရီကို လှည့်ကြည့်လိုက်ကာ ....

"မဟုတ်ဘူး၊ အမှတ်တွေ စုဆောင်းဖို့ အကောင့်ထဲ ဝင်လာတာ.. ဒါပေမယ့် ဘယ်လောက် ဝေးဝေး သွားနိုင်မလဲဆိုတာ စမ်းကြည့်ရအုံးမှာ.."

# အခန်း(၇၈၀) - လျှို့ဝှက် သစ်တော....

ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်မှာ လူသားများ စုဝေးရာ နေရာတစ်ခု ဖြစ်ရုံသာမက စိမ်းလန်းစိုပြေသော တောအုပ်ကြီး တစ်ခုလည်း ဖြစ်သည်။

ပုံမှန် သစ်ပင်တစ်ပင်တွင် ရေညှိများ၊ မှိုများ ပေါက်ရောက်နေသည်ကို လူများက မြင်ကောင်း မြင်နိုင်သော်လည်း (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်တွင်မူ သစ်ပင်များ ကြီးထွား ပေါက်ရောက်နေသည်။

(၅၅) ခုမြောက် စစ်ဆေးရေးဂိတ်....

ကြယ်လမ်းစဉ်သစ်ပင်၏ အကိုင်းအခက် အရင်းတွင် မတ်တပ်ရပ်နေသော လင်းဟွမ်သည် ခေါင်းမော့ကာ အပေါ်ဘက်မှ ပင်စည်ကို လှမ်းကြည့်လိုက်သည်။ ယခုအခါ၌ ပင်စည်ကြီးသည် ရေးဟောင်း သစ်တောများနှင့် လုံးဝ ဖုံးလွှမ်းနေသည်။

သစ်ပင်ကြီးများ၏ အမြစ်သည် ကြယ်လမ်းစဉ် သစ်ပင်၏ အခေါက်ထဲကို နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နေသည်။ အခေါက်ပေါ်တွင် ပေါက်ရောက်နေသော တောရိုင်းပန်း အမျိုးအစားများလည်း ရှိ၏။

လင်းဟွမ်သည် ထိုအရာကို မြင်လျှင် မမျှော်လင့်ထားသဖြင့် အံ့အားသင့်သွားသည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်ရှိ (၅၀) မြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ပြီးနောက် ကြယ်လမ်းစဉ် သစ်ပင်၏ အခေါက်က မည်မျှ မာကြောကြောင်း လင်းဟွမ် သိရှိခဲ့သည်။ သူ့တွင် ရှိရှိသမျှ အားများကို ထုတ်သုံးလျှင်ပင် အခေါက်များကို ဖျက်ဆီး၍ မရချေ။

ကြယ်လမ်းစဉ် သစ်ပင်ကြီးကို အတုယောင်လောကထဲမှ ဖျက်ဆီးနိုင်ပါ့မလား ဟုပင် သံသယ ဖြစ်ခဲ့ဖူးသည်။ ထို့ကြောင့် ကြယ်လမ်းစဉ် သစ်ပင်၏ အခေါက်များပေါ်တွင် သစ်ပင်များ

ပေါက်ရောက်နေသည်ကို မြင်သောအခါ ထုံးစံအတိုင်း အံ့အားသင့်သွားသည်။

"ဒါက လျှို့ဝှက်သစ်တော ထင်တယ်..."

လင်းဟွမ်က သစ်တောကို လေ့လာနေသည်။

ဖိန်ရီ ပေးလိုက်သော အချက်အလက်များကို အကြမ်းဖျင်း လေ့လာပြီးနောက် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်က သူထင်ထား သလောက် မရိုးရှင်းကြောင်း သိခဲ့ရသည်။

(၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ လျှို့ဝှက် သစ်တော၏ ထူးခြားချက်မှာ အကိုင်းခက်ပေါ်ရှိ သစ်ပင်များ၊ ပန်းများမဟုတ်ဘဲ ဤအဆင့်တွင်

ချမှတ်ထားသော အထူးနိယာမများက လူများ၏ အာရုံစိုက်မှုကို ဆွဲဆောင်နိုင်ခဲ့သည်။

လျှို့ဝှက်သစ်တောထဲကို ဝင်သွားသော သက်ရှိများ အားလုံး လူသားများ အပါအဝင် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် နေထိုင်သော မွန်းစတားများပင် ကျုံ့သွားကြသည်။ ၎င်းတို့၏ ခန္ဓာကိုယ် အရွယ်အစားမှာ မူလအရွယ်အစားမှ အဆတစ်ထောင်အထိ ကျုံ့ဝင် သွားနိုင်သည်။

အရပ်နှစ်မီတာ မြင့်သော လူတစ်ယောက်က သစ်တောထဲ ဝင်လိုက်မည်ဆိုပါက ချက်ချင်း ဆိုသလို ထိုလူ၏အရပ်မှာ နှစ် မီလီလီတာအထိ ကျုံ့ဝင်

သွားလိမ့်မည်။ အဝတ်အစား၊ ဖိနပ်၊ အင်ပါယာနှလုံးသားလက်စွပ် အပါအဝင် အခြားအရာများ အားလုံးလည်း ခြွင်းချက်မရှိ ကျုံ့ဝင်သွားမည်။

ကျုံ့ဝင်သွားသော သက်ရောက်မှုကြောင့် အစက မီတာတစ်ထောင် ဝေးသော တက်လမ်းသည် မီတာတစ်သောင်းအထိ ရှည်သွားမည်။ နောက်တစ်ချက်မှာ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ပျံသန်းနိုင်ခြင်း မရှိသလို နေရာကူးပြောင်းခြင်းကိုလည်း တားမြစ်ထားသည်။ ခြေနှင့်လက်ကိုသာ အားကိုးပြီး အပေါ်တက်နိုင်သည်။

ကြောက်စရာကောင်းသော ဆွဲငင်အားက ခရီးသွားမှု အမြန်နှုန်းကို လုံးဝ ကန့်သတ်ထားသည်။ အင်ပါယာအဆင့်ကို သတ်နိုင်သော ချန်းသွမ်ကဲ့သို့ လူများပင် သူတို့၏ ခရီးသွားမှုအမြန်နှုန်းကို လုံးဝ ဖိနှိပ်ခြင်းခံရပြီး ယခုအချိန်၌ သာလွန်အဆင့်၏ ခရီးသွားမှု အမြန်နှုန်းထက်ပင် ပို၍ နှေးသွားစေသည်။

လင်းဟွမ်၏ ခရီးသွား အမြန်နှုန်းမှာ ကံကြမ္မာစက်ဝိုင်း တစ်ခုတည်းသာ ကျင့်ကြံထားသည့် သာမန်ကျင့်ကြံသူ တစ်ယောက်ထက်ပင် ပိုမြန်လိမ့်မည် မဟုတ်ချေ။

လင်းဟွမ်သည် အဆတစ်ထောင် ပိုသေးငယ်သော သူ့ခန္ဓာကိုယ်နှင့် မီတာတစ်သောင်းရှည်သော

အပေါ်ကိုတက်ရန် အတားအဆီး မရှိဘဲ အလွတ်တက်ရမည် ဆိုပါက သုံးရက် အချိန်ယူရမည် ဖြစ်ကြောင်း သိနေသည်။

“ကျုံ့ဝင်တဲ့ ခန္ဓာကိုယ် အရွယ်အစားနဲ့ဆို အပေါ်တက်ဖို့ အနည်းဆုံး သုံးရက်လောက် အချိန် ယူရလိမ့်မယ်။ လေလံပွဲကလည်း သုံးရက်ကြာရင် စတော့မှာ…”

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။

“ကံကောင်းတာက ငါ့မှာ ကိုယ်ပိုင် သယ်ယူ ပို့ဆောင်ရေး ရှိတာပဲ”

ဆန်းကြယ် မျောက်ဝံ၏ အမြန်နှုန်းနှင့် အရွယ်အစားကြောင့် အဆတစ်ထောင် ပိုသေးငယ် သွားလျှင်ပင် အတားအဆီး မရှိပါက တစ်ရက်မပြည့်ခင် ရောက်အောင်တက်နိုင်သည်။

"ဒီနေ့ပဲ (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်အောင် သွားရမယ်။ မနက်ဖြန်မနက်မှ ရီကျန်းနဲ့ တွေ့မယ်။ ဒါဆိုရင် မနက်ဖြန်ညမှာ အမှတ်တွေ ပြန်စုဆောင်းလို့ ရပြီ"

"ဟာကျူလီ ဘုရင်..."

လင်းဟွမ်သည် သူ့လက်ထဲမှ ကတ်ပြားကို ချေမွပြီး ဆန်းကြယ် မျောက်ဝံအား တိုးတိုးလေး ဆင့်ခေါ်လိုက်သည်။

ယခုအခါ အင်မော်တယ်အဆင့် (၄) ရောက်နေသော ဆန်းကြယ်မျောက်ဝံသည် မီတာလေးရာကျော် မြင့်မားကာ တောင်ကုန်းလေး တစ်ခုနှင့် ဆင်တူနေသည်။

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံ၏ ပုခုံးပေါ် ဖျတ်ခနဲ ခုန်တက်သွားပြီး သစ်ရွက်များ ထူထပ်နေသော တောကို လက်ညှိုး ထိုးပြလိုက်သည်။

“ဒီသစ်တောကို တက်နိုင်သမျှ ခပ်မြန်မြန် ဖြတ်…”

ဆန်းကြယ် မျောက်ဝံက လျှို့ဝှက်သစ်တောဧ၏ နယ်စပ်ထဲ ဝင်ရောက်သွားသည်။ တောထဲ ဝင်သွားသည်နှင့် တပြိုင်နက် လင်းဟွမ်နှင့် ဆန်းကြယ်မျောက်ဝံတို့၏ ခန္ဓာကိုယ်သည် မူလအရွယ်အစားမှ အဆ တစ်ထောင်ပုံ၊ တစ်ပုံအထိ သေးငယ်သွား၏။

ဖြစ်စဉ်တစ်ခုလုံးသည် လင်းဟွမ်အတွက် မထူးဆန်းပေ။ သူ ခံစားရသည်မှာ သူ့ရှေ့မှ အရာအားလုံးက ရုတ်တရက် ကြီးထွားလာခြင်းပင်......

ဆန်းကြယ် မျောက်ဝံကမူ အနည်းငယ် ကြောင်တောင်တောင် ဖြင့် ဘာဖြစ်နေလဲ ဆိုသည့်ကို မသိပေ။

လင်းဟွမ်က ဆန်းကြယ်မျောက်ဝံ လန့်နေသည်ကို သိလိုက်လျှင် လည်ပင်းကို ပွတ်ပေးလိုက်ကာ

“စိတ်အေးအေးထား...။ ဒါက ဒီနေရာရဲ့ နိယာမ ကြောင့်ပဲ။ ငါတို့က အဆတစ်ထောင် ပိုသေးသွားတာ။ ဒီတောထဲက ထွက်သွားပြီးရင် မူလ အရွယ်အစား ပြန်ပြောင်းသွားလိမ့်မယ်...”

လင်းဟွမ် စကားကို ကြားလျှင် ဆန်းကြယ်မျောက်ဝံက ခေါင်းညိတ်ပြသည်။

အစောပိုင်းက ဆင့်ခေါ်ခံရပြီး ဖြစ်ပျက်သွားသော အဖြစ်အပျက်ကြောင့် လှုပ်ရှားနေသော စိတ်သည် ပြန်လည်တည်ငြိမ်သွားပြီးနောက် အပေါ်သို့ လျှင်မြန်စွာ တက်သွားလိုက်သည်။

မီတာ လေးရာကျော် မြင့်မားသော ဆန်းကြယ် မျောက်ဝံသည် သစ်တော၏ နိယာမအတိုင်း စင်တီမီတာ(၄၀) အထိသာ ကျုံ့သွားပြီး ကင်းကောင်၏ သေးငယ်သော မျောက်နမူနာ ပုံစံအဖြစ် ပြောင်းလဲသွားသည်။

သို့သော်လည်း ဤပြောင်းလဲမှုက ဆန်းကြယ်မျောက်ဝံ၏ လှုပ်ရှားမှုအပေါ်တွင် သိသာ

ထင်ရှားသော သက်ရောက်မှု မရှိခဲ့ပေ။ ခန္ဓာကိုယ်အရွယ်အစား သေးငယ်သွားသောကြောင့် အကိုင်းအခက်များကို ဖြတ်ကျော်ရာ၌ ပိုမို သွက်လက်လာခဲ့သည်။

သစ်ပင်များကို အရှိန်အဟုန် ပြင်းပြင်းနှင့် ကျော်ဖြတ်နေသည်။ တစ်ခါတစ်ရံ သစ်ကိုင်းများ၊ အကိုင်းအခက်များကို ကိုင်၍၊ လွဲ၍ သစ်ပင် တစ်ပင်မှတစ်ပင်သို့ ခုန်ကျော်နေသည်။

သစ်တောနှင့် ရင်းနှီးလာသည်နှင့်အမျှ ဆန်းကြယ် မျောက်ဝံ၏ လှုပ်ရှားမှုသည် ပိုမို ချောမွေ့လာပြီး အရှိန် ပိုမြန်လာသည်။

လင်းဟွမ်သည် ဆန်းကြယ်မျောက်ဝံကို ဆင့်ခေါ်ရန် ဆုံးဖြတ်ခြင်းက မှန်ကန်သည်ဟု တွေးလိုက်မိသည်။ သို့သော်လည်း ပတ်ဝန်းကျင်အပေါ်တွင် သတိကြီးကြီး ထားနေဆဲပင်....

နယ်မြေ ပိုင်နက်အသိနှင့် စိတ်စွမ်းအားများက သူ့ကိုဗဟိုပြု၍ ပတ်ဝန်းကျင် လေးကီလိုမီတာ အချင်းဝက်ကို လွှမ်းခြုံထားသည်။ ညာဘက် လက်ထဲတွင် ကိုင်ထားသည့်ဓါးကို ဘယ်တော့မှ မလွှတ်ချခဲ့ပေ....။

ဤလျှို့ဝှက် သစ်တောထဲ၌ အန္တရာယ်ရှိသော မွန်းစတားများအပြင် ၊ အပင်အချို့လည်း ရှိသေးသည်။

အချို့ ထိခိုက်မှု စွမ်းရည်များက အင်မော်တယ်အဆင့် (၉) ကိုပင် တုန်းခနဲ လဲသွားအောင် ချက်ချင်း သတ်ဖြတ်နိုင်သည်။

"ဟာကျူရီ မျောက်ဝံ… ရပ်…..ရပ်…."

လင်းဟွမ်က ရုတ်တရက် အော်ဟစ်လိုက်သည်။

ဆန်းကြယ်မျောက်ဝံသည် ရှေ့ဆက်မသွားဘဲ တုံ့ခနဲ ရပ်ကာ လက်တစ်ဖက်က သစ်ကိုင်းကို ဖမ်းကိုင်လိုက်သည်။ ထို့နောက် ခေါင်းပြန်လှည့်ပြီး လင်းဟွမ်ကို ဇဝေဇဝါ လှည့်ကြည့်သည်။

"ငါတို့ရှေ့မှာ စုန်းပန်းပွင့်တွေ ရှိတယ်။ နေရာကြီးကြီးမားမားတော့ မဖုံးလွှမ်းထားဘူး... အဲ့ဒါကို ညာဘက်ကနေ ပတ်ပြီး ဖြတ်ကျော်လိုက်..."

ရှေ့သို့လှမ်းကြည့်နေသည့် လင်းဟွမ်၏ အမူအရာက လေးလံနေသည်။ စုန်းပန်းပွင့်၏ တည်ရှိမှုကို စိတ်စွမ်းအားနှင့် ဖမ်းမိခဲ့သည်။

ဒါသည် ဆွဲဆောင်မှုအား အလွန်ကောင်းသော နတ်ဆိုးသစ်ပင် တစ်မျိုးပင် ။ ၎င်းသည် ဆွဲဆောင်မှုအား အလွန်ကောင်းပြီး အနားကပ်လာသော သက်ရှိများကို သတ်ပစ်တတ်သည်။ ထို့နောက် အလောင်းများကို ၎င်း၏ အာဟာရအဖြစ် စုပ်ယူသည်။

စုန်းပန်းပွင့်၏ တိုက်ခိုက်ရေးအဆင့်မှာ မမြင့်မားပေ။ အခြေခံအားဖြင့် အင်မော်တယ် အဆင့် (၁) မှ အဆင့် (၃)အထိသာ ရှိတတ်သည်။ သို့သော်လည်း အပင်၏ ဆွဲဆောင်မှု အကျိုးသက်ရောက်မှုက အင်မော်တယ် အဆင့် (၄) မှ အဆင့် (၆) အထိ သက်ရှိများကို လှည့်စားပြီး သတ်ပစ်နိုင်သည်။

သို့သော်လည်း အပင်များ၏ ဆွဲဆောင်မှု အကျိုးသက်ရောက်မှုက တိုးပွားနိုင်သည်။ အပင်တစ်ပင် သို့မဟုတ် နှစ်ပင်ဆိုလျှင် အကျိုးသက်ရောက်မှုက ပြင်းထန်ခြင်း မရှိသော်လည်း စုန်းပန်းပွင့်ပေါင်း

ထောင်သောင်းချီလာပါက ကြီးမားသော အိမ်မက်ဆိုးကြီး ဖြစ်လာလိမ့်မည်။

သူတို့သည် ကြောက်စရာ ကောင်းသော အိပ်မက်နယ်မြေ ထဲတွင် အင်ပါယာအဆင့်ကိုပင် ဒူးထောက် အညံ့ခံအောင် ပြုလုပ်နိုင်သည်။

သူတို့ရှေ့တွင် စုန်းပန်းပွင့်ပေါင်း (၈,၀၀၀) ကျော် ရှိသည်။ ကံကောင်းသည်မှာ လင်းဟွမ်က အချိန်မီ သိရှိခဲ့သည်။

ဟာကျူရီဘုရင်က သူ့ကို ထိုနေရာထဲသို့ ခေါ်သွားလျှင် အိပ်မက်နယ်မြေထဲမှ လွတ်မြောက်အောင် ထွက်ပြေးနိုင်ပါ့မလား ဆိုသည်ကို သူလည်း

မပြောနိုင်ပေ။ ဆန်းကြယ်မျောက်ဝံသည် စုန်းပန်းပွင့်အကြောင်း မသိသော်လည်း လင်းဟွမ်၏ လမ်းညွှန်ချက်အတိုင်း တိတိကျကျ လိုက်နာလိုက်သည်။

စုန်းပန်းပွင့် သစ်တောကို ညာဘက်မှ ဝေ့ဝိုက်၍ ဖြတ်ကျော်ပြီးနောက် လင်းဟွမ်သည် စုန်းပန်းပွင့်များ လွှမ်းမိုးထားသည့် နေရာမှ ထွက်ခွာလာနိုင်ပြီ ဖြစ်ကြောင်း အတည်ပြုလိုက်သည်။ ထို့နောက် ဆန်းကြယ်မျောက်ဝံကို ဒုန်းစိုင်း၍ သွားခွင့် ပေးလိုက်ကာ လျှို့ဝှက်သစ်တော၏ ထိပ်ပိုင်းကို ဦးတည် သွားနေကြသည်။

လင်းဟွမ်၏ စိတ်စွမ်းအားကြောင့် လူသားများ၊ မွန်းစတားများနှင့် အန္တရာယ်ရှိနိုင်သည့် နေရာများကို အကြိမ်ကြိမ် ရှောင်ရှားနိုင်ခဲ့သည်။ နေ့တစ်ဝက် ကုန်ဆုံးပြီးနောက် ဆန်းကြယ်မျောက်ဝံနှင့် လင်းဟွမ်တို့သည် ခရီးတစ်ဝက်ခန့် ဖြတ်ကျော် လာကြသည်။

“ဒီအရှိန်နဲ့ဆိုရင် လျှို့ဝှက်သစ်တောကို ညနေ (၄) နာရီမထိုးခင် ဖြတ်ကျော်နိုင်လိမ့်မယ်။ မမှောင်ခင် (၅၆)ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်မှာပဲ”

# အခန်း(၇၈၁) - ပျားအုံ။

လျှို့ဝှက် သစ်တောထဲတွင် လင်းဟွမ်၏ ခန္ဓာကိုယ် အရွယ်အစားမှာ (၂) မီလီမီတာထက်ပင် သေးငယ်သည့် အရွယ်အစားအထိ ကျုံ့ဝင်သွားသည်။ အရာအားလုံးက သူ့အတွက် အလွန် ကြီးမားနေသည်။

လင်းဟွမ်က သာမန် ရှုံးပတီသီး တစ်ခုကိုပင် ရောမ အမိုးခုံးကြီး တစ်ခုကဲ့သို့ မြင်နေရသည်။ လျှို့ဝှက်သစ်တောရှိ သစ်ပင်များက မည်သူမှ မကျော်ဖြတ်နိုင်သော ချောက်ကမ်းပါးကြီးများကဲ့သို့ ဖြစ်နေသည်။

ကံကောင်းသည်မှာ သူ၏ တိုက်ခိုက်ရေးအစွမ်းနှင့် စိတ်စွမ်းအားအပေါ် သက်ရောက်ခြင်း မရှိခဲ့ချေ။ နယ်မြေပိုင်နက်အသိနှင့် စိတ်စွမ်းအားတို့ကိုလည်း ကန့်သတ်ထားခြင်း မရှိပေ။

မီတာ (၄,၀၀၀) အချင်းဝက်အတွင်းရှိ အရာများကို ထောက်လှမ်း နိုင်သောကြောင့် ကောင်းစွာ အသုံးချနိုင်သည်။

သက်ရှိ အားလုံး ကြောက်သွားနိုင်သည့် အခြေအနေမျိုးအောက်တွင် သူ၏ ထောက်လှမ်းရေး အစွမ်း လွှမ်းခြုံနိုင်သောနေရာက အဆတစ်ထောင် ပိုမို

ကျယ်ပြန့်လာသည်။ ထို့ကြောင့် အတားအဆီးမရှိ သွားလာနိုင်ပြီး အန္တရာယ်များကို ရှောင်ရှားနိုင်ခဲ့သည်။

လင်းဟွမ်က အတားအဆီး အားလုံးကို ရှောင်ရှားခဲ့ခြင်း မဟုတ်ပေ။ အချိန်အများစုက အတားအဆီးများကို တတ်နိုင်သမျှ အမြန်ဆုံး ဖြတ်နိုင်ကျော်မည့် နည်းလမ်းကို ရွေးချယ်ခဲ့ခြင်းသာ။

စုန်းပန်းပွင့်ကဲ့သို့ မွန်းစတားများ၊ အချိန်တိုလေးအတွင်း ဖြတ်ကျော်ရန် ခက်ခဲသော နေရာများ၊ ခက်ခဲသော အတားအဆီးများကို ကြုံတွေ့ရမှသာ ထိုနေရာကို ဝေ့ဝိုက်၍

လမ်းရှောင်သွားရန် ဆန်းကြွယ်မျောက်ဝံကို ခိုင်းလေ့ရှိသည်။

ဆန်းကြွယ် မျောက်ဝံ၏ ပခုံးပေါ်တွင် မတ်တပ်ရပ်နေသော လင်းဟွမ်က ရုတ်တရက် အော်ဟစ်လိုက်သည်။

"ခပ်လှမ်းလှမ်းမှာ ပျားအုံကြီးတစ်ခု ရှိတယ်။ တိုက်ပွဲပြင်.."

"ဝေါင်း.."

ဆန်းကြွယ်မျောက်ဝံက အသံပြာကြီးနှင့် ဟိန်းဟောက် လိုက်ပြီး ၎င်း သွားနေသောအရှိန်ကို နှေးချကာ သတိထားလိုက်သည်။

ခဏအကြာ လင်းဟွမ်သည်၏ စိတ်စွမ်းအားနှင့် ပျားအုံကို ရှာတွေ့သွားသည်။

ပျားအုံ၏အသိုက်သည် အလွန်ကြီးမားခြင်း မဟုတ်ပေ။ လူလက်သီးဆုပ် နှစ်ခုစာ အရွယ်အစားခန့် ရှိပြီး တမာကိုင်း တစ်ခုပေါ်တွင် တွဲလောင်းကျနေသည်။ သို့သော်လည်း ယခုလက်ရှိ ကျုံ့ဝင်နေသော အနေအထားအရ လင်းဟွမ်အတွက် အလွန် ကြီးမားနေသည်။ ပျားအုံပတ်လည်တွင် ပျံသန်းနေသော ပျားတစ်ကောင်ချင်းစီက သူ့ထက် အဆအနည်းငယ် ပိုကြီးနေသည်။ အချို့ဆိုလျှင် သူ့ထက် ဆယ်ဆ ပိုကြီးသည်။

"တိုက်ခိုက်ရေး ပျားနတ်ဆိုး.. ဒါက (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်မှာ အမှန်တကယ် ရှိနေတာလား.....။ ဒါက (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်မှာ ရှိတဲ့ တိုက်ခိုက်ရေး ပျားနတ်ဆိုးတောင် ဖြစ်ကောင်း ဖြစ်နိုင်တယ် ဒါက (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ညညဆိုရင် ကျူးကျော်လာတဲ့ တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေက ဒီနေရာမှာ အသိုက် ဆောက်ထားတာပဲ။ ကံကောင်းတာက တိုက်ခိုက်ရေး ပျားနတ်ဆိုးက သေးသွားလို့ ပျားအုံလည်း သေးသွားတယ်။ ပျားအုံထဲမှာ အကောင်ရေ (၂၀,၀၀၀) လောက်ပဲ ရှိမယ်"

တိုက်ခိုက်ရေး ပျားနတ်ဆိုးများသည် (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်တွင် နေထိုင်သော မွန်းစတားများ ဖြစ်သည်။ သူတို့၏ အသိုက်များသည် ကြယ်လမ်းစဉ်သစ်ပင် (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်၏ နေရာတိုင်းတွင် ရှိနေသည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုးများသည် ထိပ်တိုက် ရင်ဆိုင်ရခြင်းကို နှစ်သက်သော နတ်ဆိုးများပင် ။ ၎င်းတို့က နယ်မြေစိုးမိုးမှု အားကောင်းပြီး သူတို့ နယ်မြေထဲသို့ ကျူးကျော်ရန် ကြိုးပမ်းလာသည့် သက်ရှိတိုင်းကို သတ်ပစ်ကြသည်။

သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ ပုံမှန်အားဖြင့် အင်မေဒ်တယ် အဆင့် (၇) မှ အဆင့် (၉) အထိ ရှိကြသည်။ သူတို့၏ ပင်ကိုစွမ်းရည်က သိပ်အား မကောင်းသော်လည်း သေမှာမကြောက်ဘဲ ဝိုင်းအုံပြီး တုပ်တတ်သောကြောင့် အဆိပ်ပြင်းသည်ဟု ပြောရမည်။

၎င်းတို့၏ အဆိပ်နှင့်ထိလိုက်ပါက နာကျင်ခြင်း၊ ယားယံခြင်းတို့ ဖြစ်ပေါ်စေသည်။ အဆိပ်က ခန္ဓာကိုယ် အနှံ့ကို လျင်မြန်စွာ ပျံ့နှံ့သွားပြီး အနက်ရောင် အဖုအဖိန်းများ မရပ်မနား ကြီးထွားလာကာ အထဲမှ အရည်များ ကျလာ၍ ကူးစက်ရောဂါကဲ့သို့ အခြားနေရာနှင့် အခြားလူများကို ကူးစက်စေနိုင်သည်။

အစပိုင်း၌ အဆိပ်က အရေပြားအပေါ်ယံတွင် အလုပ်လုပ်သည်။ သို့သော်လည်း (၂၄) နာရီ ကြာပြီးနောက် အသားအတွင်းပိုင်းကို ထိုးဖောက် ဝင်ရောက်လာပြီး (၃၆) နာရီ ကြာသောအခါ အတွင်းပိုင်း ကိုယ်တွင်းအင်္ဂါအထိ စိမ့်ဝင် သွားလိမ့်မည်။ ဦးနှောက်အထိပင် ကူးစက်စေနိုင်သည်။ နောက်ဆုံး၌ ခံစားရသောလူမှာ မချိမဆန့် ခံစားပြီး သေဆုံးသွားမည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုးများ၏ ခန္ဓာကိုယ် တစ်ခုချင်းစီတွင် အဆိပ်ဖွဲ့စည်းပုံ အနည်းငယ်ကွဲပြားမှု

ရှိသည်။ သို့သော်လည်း အဆိပ်များကို အကြိမ်ပေါင်းများစွာ အသုံးပြုနိုင်သည်။

အကယ်၍ အင်မော်တယ်အဆင့် (၉) တိုက်ခိုက်ရေး ပျားနတ်ဆိုး၏ အဆိပ်နှင့်တုပ်မိပါက ထိုလူသည် အများဆုံး နာရီ (၄၀) ကျော်သာ အသက်ရှင်နိုင်တော့မည်။ အကယ်၍ ဒုတိယမြောက် တိုက်ခိုက်ရေး ပျားနတ်ဆိုးက ထိုလူကို နောက်တစ်ချက် ထပ်တုပ်လိုက်ပါက အဖျက်စွမ်းအား တိုးပွားလာပြီး အဆိပ်ပျံ့နှံ့သော အချိန်မှာ တစ်ဝက်ခန့် လျော့ကျသွားလိမ့်မည်။ ပြောချင်သည်မှာ ထိုလူသည် အများဆုံး နာရီ (၂၀) သာ အသက်ရှင်နိုင်တော့မည်။

အကယ်၍ တတိယမြောက် တိုက်ခိုက်ရေးပျားနတ်ဆိုးက အဆိပ်နှင့် ဝင်တုပ်ပါက အဆိပ် သက်ရောက်မှုမှာ ပိုမိုပြင်းထန်လာပြီး အခြေအနေ ပိုဆိုးသွားမည်။

လူတစ်ယောက်၏ ခန္ဓာကိုယ် ဖွဲ့စည်းပုံကလည်း အဆိပ်၏ ဆပွားသက်ရောက်မှုကို ပံ့ပိုးပေးနေသည်။ တိုက်ခိုက်ရေး ပျားနတ်ဆိုး သုံးကောင်ထက် ပို၍ အတုပ်ခံရပါက အင်မော်တယ်အဆင့် အများစုပင် တောင့်မခံနိုင်ဘဲ သေဆုံးကြသည်။

အင်ပါယာအဆင့် လူအများစုပင် တိုက်ခိုက်ရေး ပျားနတ်ဆိုးအုပ်ကြီး ရှိနေသည့်နေရာကို ရှောင်ရှား

တတ်ကြသည်။ ဒါသည် ဤကဲ့သို့ မွန်းစတားမျိုးကို မစော်ကား ရန်မစချင်သည့် အကြောင်းအရင်းလည်း ဖြစ်သည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုး၏ အဆိပ်သည် အင်ပါယာအဆင့် ပေါ်တွင် သက်ရောက်မှု မရှိပုံပင်။ သို့သော်လည်း တိုက်ခိုက်ရေး ပျားနတ်ဆိုးက (၇) ကောင် သို့မဟုတ် (၈) ကောင်ထက်ပိုပြီး လူတစ်ယောက်တည်းကို ဝိုင်းဝန်း တိုက်ခိုက်ပါက များပြားလှသော အဆိပ်များကြောင့် အင်ပါယာအဆင့်လည်း အဆိပ်မိသွားလိမ့်မည်။

မည်သည့်အရာကိုမှ မကြောက်တတ်သော ဆန်းကြယ်မျောက်ဝံပင် ပျားအုံကို အဝေးမှ မြင်လိုက်သည်နှင့် ရှေ့ဆက် မတက်တော့ချေ။ တိုက်ခိုက်ရေးပျားနတ်ဆိုး အကြောင်းကို မသိသော်လည်း မွန်းစတားများ၏ ဗီဇအရ ခြိမ်းခြောက်မှုကို သတိထားမိသည်။

"ဒီမှာ တိုက်ခိုက်ရေး ပျားနတ်ဆိုးနဲ့ တွေ့ပြီဆိုတော့ အရင်က တွေ့ခဲ့ဖူးတဲ့ အမဲလိုက်နည်းစနစ်ကို နည်းနည်းလောက် စမ်းကြည့်ဖို့ အချိန်တန်ပြီ.."

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

“ချောကလက်လေးရဲ့ နဂါးမီးလျှံက တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ အဆိပ်ကို ကန့်သတ်နိုင်တယ်။ ပိုင်ရဲ့ သွေးစုပ်ဖုတ်ကောင် အမှုန်ကလည်း တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ တိုက်ခိုက်မှုကို အကောင်းဆုံး ခုခံ ကာကွယ်နိုင်တယ်။ အာဏာရှင်ရဲ့ ခုခံနိုင်စွမ်းနဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ အဆိပ်ကို မကြောက်ဘူး။ လန်းစလေ့ရဲ့ အမှောင်ထု ကြေးမုံက တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ တိုက်ခိုက်မှုကို ကောင်းကောင်း ကာကွယ်နိုင်တယ်။ နောက်ပြီးတော့ သူ့ရဲ့ ဆေဘာတာအိုနဲ့ ဓါးအသံချေတို့က တိုက်ခိုက်လို့ ကောင်းတဲ့ စွမ်းရည်တွေပဲ”

"ကိုင်လီရဲ့ လျှပ်စီးထိန်းချုပ်ခြင်း ကလည်း ဆိုးကျိုးတွေကို တန်ပြန်နိုင်တယ်။ ရုပ်ဆိုးလူရွှင်တော်ရဲ့ စိတ်စွမ်းအားနဲ့ ပုံရိပ်ယောင် စွမ်းရည်တွေကလည်း အုပ်စုလိုက် တိုက်ခိုက်ဖို့ ကောင်းမွန်တယ်။ လငပုပ် စပါးအုံးမြွေရဲ့ ဝါးမြိုနိုင်စွမ်းကလည်း အဆိပ်တွေကို မကြောက်ဘူး.. နောက်ပြီးတော့ အဆင်မြင့် သွေးမျိုးဆက်ရှိတဲ့ မိစ္ဆာနှစ်ကောင်လည်း ရှိသေးတယ်.."

စုန်းမကမှု လင်းရှင်နှင့် ရှိနေသည်။

ဆန်းကြယ်မျောက်ဝံသည် သန္ဓေသုံးကြိမ် ပြောင်းထားသော်လည်း ၎င်း၏စွမ်းရည်မှာ ပိုင်နှင့် အခြားမွန်းစတားများထက် အနည်းငယ် အားနည်း

နေသေးသည်။ တိုက်ခိုက်ရေး ပျားနတ်ဆိုးကဲ့သို့ အဆိပ်ပြင်း မွန်းစတားများနှင့် တိုက်ခိုက်ရန် မသင့်တော်ပေ။

“ဒီတိုက်ပွဲက မင်းအတွက် မဟုတ်ဘူး။ အရင်ဆုံး အနားယူလိုက်။ ပြီးမှ ခရီးဆက်ကြမယ်..”

လင်းဟွမ်က ဆန်းကြယ်မျောက်ဝံကို ပြန်သိမ်းပြီးနောက် မွန်းစတားကတ်များကို ချေမွ လိုက်သည်။ ချောကလက်လေး၊ ပိုင်၊ အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများကို ဆင့်ခေါ်လိုက်ရာ လင်းဟွမ်ရှေ့တွင် ပေါ်လာသည်။

“ဒီအပင်တွေ..”

ပိုင် မျက်မှောင် ကြုတ်သွားသည်။ ချောကလက်လေးနှင့် ကျန်သည့် မွန်းစတားများလည်း အပင်က ထူးဆန်းကြောင်း သတိထားလိုက်မိကြသည်။

"ဒီတောထဲမှာ သက်ရောက်နေတဲ့ အထူးနိယာမ တစ်မျိုးရှိတယ်။ ဒေသခံမွန်းစတားတွေ အပါအဝင် ဝင်လာတဲ့ သက်ရှိတွေအားလုံးက အဆတစ်ထောင် သေးငယ်သွားတယ်"

လင်းဟွမ်က အတိုချုပ် ရှင်းပြပြီးနောက် အဓိက အချက်ကို ပြောလိုက်သည်။

"မင်းတို့ကို ဆင့်ခေါ်ရတဲ့ အကြောင်းအရင်းက တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေကို သတ်ဖို့ပဲ။ သွေးရဲရဲလေးက စစ်ပွဲကို ဦးစီးလိမ့်မယ်"

လင်းဟွမ်က အစီအစဉ်ကို အကျဉ်းချုံး ပြောပြပြီးနောက် သွေးရဲရဲလေးအား တိုက်ခိုက်ရေး ပျားနတ်ဆိုး၏ အချက်အလက်များကို ပြသလိုက်သည်။

သွေးရဲရဲလေးက တိုက်ပွဲထဲ တိုက်ရိုက် မပါဝင်ပေ။ သူက တိုက်ပွဲတစ်ခုလုံးကို ထိန်းချုပ်၍ မွန်းစတားတိုင်း၏ တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန် ဗျူဟာမှူး တာဝန် ယူထားသည်။ ကပ်ပါး ကူးစက်စွမ်းရည်သည်

သွေးရဲရဲလေးထက် တိုက်ခိုက်ရေးအဆင့် ပိုမြင့်သည့် မွန်းစတားများ အပေါ်တွင် အလုပ်မဖြစ်ချေ။

အားအနည်းဆုံး တိုက်ခိုက်ရေး ပျားနတ်ဆိုးကပင် အင်မော်တယ်အဆင့် (၇) ရှိနေသောကြောင့် ယခုလက်ရှိတွင် အင်မော်တယ် အဆင့် (၄) သာရှိသော သွေးရဲရဲလေး၏ တိုက်ခိုက်ရေးအဆင့်က ကန့်သတ်ထားသည်။ ထိုကဲ့သို့ မဟုတ်လျှင် တိုက်ခိုက်ရေး ပျားနတ်ဆိုးများက မည်မျှပင် များပြားနေပါစေ သွေးရဲရဲလေးက အားလုံးကို တစ်ကောင်တည်းနှင့် တိုက်ခိုက်နိုင်သည်။

"ဒါက သွေးပူ တိုက်ပွဲလေးပဲ။ တိုက်ခိုက်ရေး ပျားနတ်ဆိုး အရေအတွက်က နည်းနည်းလေးပဲရှိတော့. သွေးရဲရဲလေးရဲ့ အစီအစဉ်အတိုင်း လိုက်နာပြီး အစွမ်းကုန် သတ်ပစ်နိုင်ဖို့ အကောင်းဆုံး ကြိုးစားမယ်လို့ မျှော်လင့်တယ်။ နောက်ပိုင်းကျရင် ရန်သူ အရေအတွက်က ရာနဲ့ချီလိမ့်မယ်။ (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်မှာ တိုက်ပွဲ ပိုကြီးမယ်၊ ပိုခက်မယ်။ မင်းတို့ အားလုံးက တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ အဆိပ်ကို ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး.. ဒါကြောင့် ဒဏ်ရာ မရဖို့ မျှော်လင့်တယ်.."

လင်းဟွမ်က အဓိပတိ အရှင်သခင်ကို တစ်ချက်ကြည့်လိုက်သည်။ ကျန်သည့် မွန်းစတားများကို စိတ်မပူပေ။ သို့သော်လည်း လူ့ရှင်တော်တွင် တော်တော်လေး ဗရုပ်ကျသောစရိုက် ရှိသည်။

ရုပ်ဆိုး လူ့ရှင်တော်သည် လင်းဟွမ် သူ့အား စိုက်ကြည့်နေသည်ကို မြင်လျှင် ရယ်စရာကောင်းသော မျက်နှာပေးနှင့် လျှာထုတ်ပြသည်။

လင်းဟွမ်က သွေးရဲရဲလေးကို စကားပြောခွင့် ပေးလိုက်သည်။ သွေးရဲရဲလေးက တာဝန်အသီးသီး စတင် ခွဲခြမ်းပေးသည်။ ခဏအကြာ သွေးရဲရဲလေးက တာဝန်များကို သတ်မှတ် ပေးပြီးသွားခဲ့သည်။

"ကောင်းပြီ စတင် သတ်ဖြတ်မယ်.."

လင်းဟွမ်က လက်ကိုမြှောက်ပြီး အဝေးမှပျားအုံကို လက်ညှိုးထိုးပြလိုက်သည်။ သူ့စကားမဆုံးခင် ပိုင်နှင့် ကျန်သည့် မွန်းစတားများက ပျားအုံထံ ပြေးဝင်သွားကြသည်။

## အခန်း(၇၈၂) - တစ်ဖက်သတ် တိုက်ပွဲ.......

မွန်းစတားကတ် (၁၀) ကတ်၏ နောက်ကွယ်မှ ဖြစ်ရပ်များကို သွေးရဲရဲလေး တာဝန်ယူ ကိုင်တွယ်နေသည်။

အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသော ကိုင်လီက သူမနောက်ကျောမှ အတောင်ပံ (၁၂) ခုကို တဖြတ်ဖြတ် ခတ်လိုက်ပြီး နောက်ထပ် အခိုက်အတန့်၌ ပျားအုံရှေ့သို့ ရောက်သွားသည်။ သူမ၏ ပုံ့သန်းနိုင်စွမ်းကို ကြယ်လမ်းစဉ်သစ်ပင်၏ နိယာမက ကန့်သတ်ထားသလို သူမ၏ အရွယ်အစားကြောင့်

အမြန်နှုန်းအပေါ်တွင် ထိခိုက်မှု ရှိနေသော်လည်း ရေတိုပြိုင်ပွဲသန်းမှုတွင် မွန်းစတားအားလုံးထဲ၌ အမြန်ဆုံးဖြစ်နေသေးသည်။

မိုးကြိုးပင် သူမနှင့် မယှဉ်နိုင်ချေ။

အခြားသူများ မရောက်ခင် ကိုင်လီက သူမ၏လုံ့ကိုကောက်ကိုင်ပြီး ဘလိတ်ဓါးနှင့်တူသော ခရမ်းရောင်လျှပ်စီးအလင်းများက သူမ၏လုံ့ထိပ်တွင် တဖြတ်ဖြတ်လျှပ်နေသည်။ လုံ့ထိပ်ဖြားနှင့် ထိုးလိုက်သည်နှင့်တပြိုင်နက် တိုက်ခိုက်ရေး ပျားနတ်ဆိုးအချို့သည် ခရမ်းရောင်လျှပ်စီး၏ ဝါးမျိုခြင်းကိုခံရကာ ချက်ချင်း ပြာဖြစ်သွားသည်။

ကိုင်လီက တိုက်ခိုက်သလို တိုက်ခိုက်ရေး ပျားနတ်ဆိုးများကလည်း အတောင်ပံများ တဖြတ်ဖြတ် ခတ်ပြီး ကိုင်လီကို ဝိုင်းထားကြသည်။ ပျားအုံထဲရှိ တိုက်ခိုက်ရေး ပျားနတ်ဆိုး အများအပြားကလဲ ပျားအုံ အပြင်ဘက်မှ ထွက်ပေါ်လာသော တိုက်ခိုက်ရေး စွမ်းအင်လှိုင်းကို ခံစားသိရှိလိုက်ကြသည်။ ထို့ကြောင့် ပျားအုံထဲမှ ချက်ချင်း ထွက်လာပြီး ကိုင်လီကို ဘက်ပေါင်းစုံမှ ဝိုင်းထားကြသည်။

ကိုင်လီက ပြင်းထန်သော တိုက်ပွဲတစ်ခု မဆင်နွှဲရ သေးခင် ပိုင်က တိုက်ပွဲထဲ ပါဝင်လာသည်။

အနောက်ဘက်တွင် တောင်ပံ (၁၂) ချောင်းပါပြီး အနက်ရောင် ဝတ်စုံ ဝတ်ထားသော ကိုလူချောတစ်ယောက်ကို တွေ့နေရသည်။ ဒါသည် ပိုင်ကိုမြင်နေရသော မြင်ကွင်းပင် ။ တောင်ပံများက သွေးရောင် တောက်ပနေပြီး သွေးစုပ်ဖုတ်ကောင် အမှုန်များနှင့် ပြုလုပ်ထားသည်။ ကိုင်လီ၏ တောင်ပံနှင့်ယှဉ်ပါက ပိုင်၏အတောင်ပံများက လှီးဖြတ် သတ်ဖြတ်နိုင်စွမ်း ပိုင်ဆိုင်နေသောကြောင့် ကြောက်စရာကောင်းသော လက်နက် တစ်ခုကဲ့သို့ပင် ။

ပိုင်က တိုက်ပွဲထဲဝင်ပါပြီး မကြာခင် တိုက်ခိုက်ရေး ပျားနတ်ဆိုးများက သူ့ကိုလည်း ဝိုင်းလိုက်ကြသည်။

သို့သော် ကြောက်လန့်မှု လုံး၀ မရှိပေ။ သတ်ဖြတ်နှုန်းက ကိုင်လီထက်ပင် ပိုမြန်နေသေးသည်။ သွေးစုပ်ဖုတ်ကောင် အမှုန်များက ချွန်ထက်သော ခါးများ သို့မဟုတ် ဆူးများအဖြစ် ပြောင်းသွားကာ တိုက်ခိုက်ရေး ပျားနတ်ဆိုးများ၏ အတောင်ပံများကို ရိုက်ဖြုတ်၍ သတ်ဖြတ်နေသောကြောင့် တဖြုတ်ဖြုတ် ပြုတ်ကျကာ သေဆုံးကုန်၏။

မကြာခင် ပိုင်၏တိုက်ခိုက်မှုက တိုက်ခိုက်ရေး ပျားနတ်ဆိုး အများအပြားကို ဆွဲဆောင်သွားပြီး ကိုင်လီဘက်မှာ ဖိအားနည်းလာသည်။ ပျားများ

ထပ်မံမပိုင်းရသေးခင် ချောကလက်လေးနှင့် ကျန်သည့် မွန်းစတားများ ရောက်လာပြီး တိုက်ခိုက်ကြသည်။

လင်းဟွမ်က ရွှေရောင်မီးလျှံအဆင့် တက်သွားသည်နှင့် ချောကလက်လေး၏ တိုက်ခိုက်ရေး အဆင့်မှာ အင်ပေါ်တယ်အဆင့် (၄) သို့ ရောက်ရှိသွားသည်။ ယခုအခါ၌ မီတာ (၄,၀၀၀) ခန့် ကြီးမားနေသည်။ ၎င်း၏ခန္ဓာကိုယ်ကို အဆ (၁,၀၀၀) သေးငယ်အောင် ဖိသိပ်ထားသော်လည်း (၄) မီတာ အမြင့် ရှိနေဆဲပင် ။ (၂) မီတာသာ မြင့်သော တိုက်ခိုက်ရေး ပျားနတ်ဆိုးများနှင့် ယှဉ်ပါက ချောကလက်လေးကို အလွန်ကြီးမားသည်ဟု ယူဆ

နိုင်သည်။ ပါးစပ် ဖွင့်ဟလိုက်သည်နှင့် အနက်ရောင် နဂါးမီးလျှံများ ထွက်လာပြီး ပျားအုံကြီးကို ဖုံးလွှမ်းသွားသည်။ ချောကလက်လေး၏ သတ်ဖြတ်မှု အမြန်နှုန်းက ပိုင်ထက်ပင် ပိုမြန်နေသေးသည်။

ချောကလက်လေးနှင့် သိပ်မဝေးသော နေရာတွင် အာဏာရှင်က တိုက်တန်ကြီး တစ်ကောင်ကဲ့သို့ ပျားများကို ဖော့ယမ်း၍ တိုက်ခိုက်နေသည်။ ၎င်း၏ ခန္ဓာကိုယ်က တိုက်ခိုက်ရေး ပျားနတ်ဆိုးခန္ဓာကိုယ်၏ (၁၀)ပုံ၊ (၁) ပုံသာ ရှိသော်လည်း တိုက်ခိုက်မှု တစ်ခုစီတိုင်းက မိုးရွာသွန်းကဲ့သို့ မွန်းစတားများကို တဖြုတ်ဖြုတ် ကြွေကျအောင် သတ်ဖြတ်နိုင်သည်။

အာဏာရှင်က တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို အပြင်းအထန် ထိုးနက်နေပြီး ဒုတိယအကြိမ် တိုက်ခိုက်မှု လုပ်စရာ မလိုအောင် ကြမ်းတမ်းနေသည်။

အာဏာရှင်သည် ခန္ဓာကိုယ်ထဲတွင် ကောင်းကင်ဘုံ ဘီလူးသွေးမျိုးဆက် နိုးထလာပြီးနောက် မည်သည့်အခါမှ မရှုံးနိမ့်နိုင်တော့ချေ။ ၎င်း၏ခန္ဓာကိုယ်မှာ အမြဲတမ်း (၂)မီတာခွဲသာ မြင့်တော့သည်။

လင်းဟွမ်သည် အာဏာရှင်က အမှန်တကယ် မည်မျှ ကြီးမားကြောင်း မသိတော့ချေ။ ပုံမှန်အားဖြင့် အာဏာရှင်၏ ရောမ အရွယ်အစားမှာ မီတာ ထောင်ပေါင်းများစွာအထိ မြင့်တက်နိုင်ပြီး ၎င်း၏

ခန္ဓာကိုယ်က ပင်လယ်ဘုရင် မွန်းစတား သို့မဟုတ် အလွန်ကြီးမားသော မွန်းစတား တစ်ကောင်နှင့်ပင် ယှဉ်နိုင်သည်။ အရွယ်ရောက်ပြီးသား မွန်းစတား တစ်ကောင်ထက် အဆတစ်ထောင် ပိုမြင့်မားနိုင်သည်။

သို့သော်လဲ လင်းဟွမ်သည် ကောင်းကင်ဘုံ ဘီလူးကြီးအကြောင်းနှင့် ပတ်သက်၍ ဘာမှမသိချေ။ ရှေးခေတ် သတင်းအချက်အလက်များက အများကြီး မရှိပေ။

လင်းဟွမ်သည် သိုင်းပညာ မုဆိုးကောလိပ်၏ သတင်း အရင်းအမြစ်များကို အားကိုး၍ ရှာဖွေခဲ့သော်လည်း

ကောင်းကင်ဘုံ ဘီလူးကြီးနှင့် ပတ်သက်သည့် မည်သည့်အရာမျှ မတွေ့ခဲ့ချေ။

အမွေဆက်ခံသော မှတ်ဉာဏ်များအရ အာဏာရှင်၏ ပြောကြားချက်ကြောင့် ရှေးခေတ်က အစွမ်းအထက်ဆုံး ကောင်းကင်ဘုံ ဘီးလူးကြီးသည် နဂါးငွေ့တန်းနှင့်ပင် ယှဉ်နိုင်သည်။ ၎င်းသည် အလွန် အစွမ်းထက်ပြီး ကြောက်စရာကောင်းသော သက်ရှိမျိုးပင် ။

လင်းဟွမ်သည် အာဏာရှင်၏ ခန္ဓာကိုယ်အစစ်အမှန်ကို တစ်ခါမှ မမြင်ဖူးသော်လည်း သွေးမျိုးဆက် သန့်စင်သော ကောင်းကင်ဘုံဘီလူးကြီးက ပင်လယ်ဘုရင် မွန်းစတား သို့မဟုတ် အထွတ်အထိပ်

ဘီလူးကြီး တစ်ကောင်ထက် သေးငယ်မည် မဟုတ်ကြောင်း ခန့်မှန်းမိသည်။

လင်းဟွမ်သည် အာဏာရှင်၏ ထိုးနက်ချက်က တိုက်ခိုက်ရေး ပျားနတ်ဆိုးများ၏ ခန္ဓာကိုယ်ထဲ ထိုးဖောက် ဝင်ရောက်သွားသည်ကို မြင်လျှင် တုန်လှုပ်သွားသည်။

လန်စန်လော့၊ ရုပ်ဆိုး လူရှင်တော်နှင့် ကျန်သည့် မွန်းစတားများကလည်း မယုံကြည်နိုင်စရာပင်.....။

တိုက်ခိုက်ရေး ပျားနတ်ဆိုးများနှင့် တိုက်ပွဲ ဖြစ်ပွားသည်နှင့် တစ်ဖက်သတ် သတ်ဖြတ်မှု စတင်လာသည်။

အမှန်တကယ်ဆို ပိုင်နှင့် အခြားမွန်းစတားများ၏ တိုက်ခိုက်ရေးအဆင့်မှာ ကြယ် (၄) ပွင့် အဆင့်သာ ရှိသည်။ သူတို့သည် သန္ဓေသုံးကြိမ်ပြောင်း အင်ပေါ်တယ်အဆင့် မွန်းစတားများ ဖြစ်သောကြောင့် သူတို့ထက် အဆင့် (၂) ဆင့် ပိုမြင့်သော ရန်သူများနှင့် တိုက်ခိုက်သည့် တိုက်ပွဲများတွင် ပါဝင် ဆင်နွှဲနိုင်ကြသည်။ ထို့အပြင် နတ်ဘုရားသွေးမျိုးဆက် သက်ရှိ၊ မိစ္ဆာများ၊ ကောင်းကင်ဘုံဘီလူးကြီး စသည့် သွေးမျိုးဆက်များ၏ အကျိုးသက်ရောက်မှုများကလည်း စွမ်းမက်ဖွယ် ကောင်းလောက်အောင် အစွမ်း ပြနေကြသည်။

အဆင့်မြင့် သွေးမျိုးဆက် ပိုင်ဆိုင်ထားသည့် ပိုင်နှင့်ကျန်သည့်မွန်းစတားများကို မဆိုထားနှင့် အစောပိုင်း၌ လက်သင်အဆင့် စွဲမက်စရာ သွေးမျိုးဆက် အဆင့်သာရှိသည့်အချိန် ကတည်းက သူတို့ထက် တိုက်ခိုက်ရေးအဆင့်မြင့်သော ရန်သူများကို တိုက်ခိုက်နိုင်ကြသည်။ ယခုအခါ သန့်စင်သွေးမျိုးဆက်နှင့် ခြေတစ်လှမ်းသာ ဝေးကွာတော့သဖြင့် သူတို့ထက် အဆင့် (၃) ဆင့်မြင့်သောရန်သူကို အလွယ်တကူ သတ်ဖြတ်နိုင်ခြင်းပင်။

သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ်အဆင့် (၄) သာ ဖြစ်သော်လည်း သူတို့၏ တိုက်ခိုက်ရေးအစွမ်းများကို ထပ်ပေါင်းလိုက်သောအခါ သူတို့၏

စွမ်းရည်များသည် အင်မော်တယ် အဆင့် (၉) နှင့် တန်းတူဖြစ်လာကြသည်။ ထို့အပြင် အားလပ်ချိန်များ၌ လင်းဟွမ်က သူတို့ကို သိုင်းပညာများ၊ ကိုယ်ခံပညာများနှင့် ပတ်သက်၍ ရံဖန်ရံခါ သင်ကြားပေးလေ့ ရှိသည်။ အထွတ်အထိပ် ပါရမီရှင်များနှင့် မတွေ့သရွေ့ သူတို့သည် အင်ပါယာအဆင့်အောက် ရန်သူများကို ကိုင်တွယ်နိုင်စွမ်း ရှိကြသည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုး ဆိုသည်မှာ သန္ဓေနှစ်ကြိမ်ပြောင်း သာမန် မွန်းစတား တစ်ကောင်မျှသာဖြစ်ပြီး ထူးဆန်းသော သွေးမျိုးဆက်ကို မပိုင်ဆိုင်ပေ။ သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ

အင်မော်တယ် အဆင့် (၉) ရှိသော်လည်း ပိုင်နှင့် ကျန်သည့်လူများအား မတိုက်ခိုက်နိုင်သည် ဆိုသည်မှာ သေချာနေသည်။ တိုက်ခိုက်ရေး ပျားနတ်ဆိုးဘက်တွင် အရေအတွက် များပြားသော်လည်း ပိုင်နှင့် ကျန်သည့်လူများကို မထိခိုက်စေနိုင်ချေ။

ဤတိုက်ပွဲမှာ တစ်ဖက်သတ် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုသာ....

ကြောက်စရာကောင်းသော တိုက်ခိုက်ရေး ပျားနတ်ဆိုးများသည် ယခုအခါ၌ အားကိုးရာမဲ့နေသော သိုးငယ်လေးများကဲ့သို့ ဖြစ်နေပြီး ပြန်လည် တိုက်ခိုက်နိုင်မည့် အခွင့်အလမ်း လုံး၀ မရှိကြချေ။

တိုက်ပွဲတစ်ခုလုံးကို တာဝန် ယူထားသော သွေးရဲရဲလေးက လေထဲတွင်ရပ်နေပြီး မည်သည့် ညွှန်ကြားချက်မှ မပေးပေ။ တိုက်ပွဲ အစပိုင်းတွင်သာ ညွှန်ကြားချက်အချို့ ထုတ်ပြန်ခဲ့ပြီး တာဝန်များ ခွဲဝေပေးခဲ့သည်။ ထို့နောက် သူတို့အလုပ် သူတို့ လုပ်ကြသည်။

ပိုင်နှင့် ကျန်သည့်မွန်းစတားများက တစ်ယောက် အရည်အချင်း တစ်ယောက် ကောင်းကောင်း သိနေကြပြီး ကောင်းမွန်သော အဖွဲ့လိုက် လုပ်ဆောင်မှုကို လုပ်ဆောင်နေကြသည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုး တစ်သောင်းကျော်ကို အနိုင်ယူရန် နာရီဝက်ခန့်သာ ကြာမြင့်ခဲ့သည်။

လင်းဟွမ်က သူတို့ကို ကတ်ပုံစံ ပြန်မသိမ်းခင် သွေးရဲရဲလေး၏ အသံကို ကြားလိုက်ရသည်။ သွေးရဲရဲလေး၏ စကားကို နားထောင်ပြီးနောက် ခေါင်းငြိမ့်လိုက်ပြီး ပိုင်နှင့် ကျန်သည့်မွန်းစတားများကို စုဝေးလိုက်သည်။

"မင်းတို့ရဲ့ စွမ်းဆောင်ရည်က တော်တော်လေး ကောင်းမွန်ပါပေမယ့် အသင်းအဖွဲ့နဲ့ လုပ်ဆောင်တဲ့ နေရာမှာ ပြဿနာလေးတွေ ရှိနေတယ်။ ကျေးဇူးပြုပြီး သွေးရဲရဲလေးက သူတို့ကို ရှင်းပြလိုက်ပါ"

သွေးရဲရဲလေးက ခေါင်းငြိမ့်ပြီး ရှေ့ထွက်လာကာ ကျန်သည့် မွန်းစတားများကို ကြည့်လိုက်ပြီး သူတို့၏ နာမည်များကို အော်ခေါ်လိုက်သည်။

“ရုပ်ဆိုး...... မင်းက တိုက်ခိုက်တဲ့ နေရာမှာ ပျင်းတယ်ဆိုတာ ငါ သိတယ်။ ဒါပေမယ့် နောက်ပိုင်း တိုက်ပွဲတွေမှာ မင်းရဲ့အပြုအမူကို ပြောင်းလဲနိုင်ဖို့ မျှော်လင့်တယ်။ ကိုယ့်ကိုကိုယ် ကာကွယ်ဖို့ (၂၀) ရာခိုင်နှုန်းပဲ သုံးတယ်။ တစ်ခြားသူတွေ ရန်သူ သတ်ဖြတ်တာကို အားကိုးနေတယ်။ ဒါကြောင့် မင်းက အဖွဲ့သား တစ်ယောက်အနေနဲ့ တာဝန်မဲ့တယ်။ ကံကောင်းတာက ငါတို့ကို အနှောက်အယှက်

မဖြစ်ခဲ့ဘူး...။ ဒီလိုမှမဟုတ်ရင် မင်းကို နှင်ထုတ်ဖို့ သခင့်ကို တောင်းဆိုတယ်”

လင်းဟွမ်က မျက်မှောင်ကြုတ်ပြီး ရုပ်ဆိုးကို လှမ်းကြည့်လိုက်သည်။ ဒါသည် သူ့ပိုင်သည့် မွန်းစတားအားလုံးထဲတွင် အပြုအမူ အဆိုးဆုံး မွန်းစတားပင် ။

“ကျန်တဲ့လူတွေက ဒါကို ကိုင်တွယ်နိုင်စွမ်း ရှိမယ်လို့ ငါ တကယ် ထင်ခဲ့ဒါကြောင့် မကူညီခဲ့တာ။ မင်း ငါ့ကို ဒီလိုပြောနေတယ် ဆိုမှတော့ နောက်တစ်ကြိမ်ကျရင် ပိုပြီး လေးလေးနက်နက် လုပ်မယ်”

အဓိပတိ အရှင်သခင်က ပခုံးတွန့်ပြလိုက်ပြီး လင်းဟွမ်က သူ့အား နောက်တစ်ကြိမ် မဆင့်ခေါ်တော့မည်ကို စိုးရိမ်နေသည်။

သွေးရဲရဲလေးသည် အဓိတိ အရှင်သခင်ကို မျက်လုံးတစ်ချက် စွေကြည့်ပြီးနောက် ဘာမှမပြောဘဲ အကြည့်ကို ပိုင်ထံပြောင်းလိုက်သည်။

"ပိုင်.....၊ မင်းက မွန်းစတားအုပ်ထဲ အရမ်း ဝင်လွန်းတယ်။ မင်းရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက အာဏာရှင်လိုမျိုး တိုက်ခိုက်ရေး ပျားနတ်ဆိုးရဲ့ တိုက်ခိုက်မှုကို ခံနိုင်ရည် မရှိဘူး။ မင်းရဲ့ သွေးစုပ်ဖုတ်ကောင် အမှုန်က ခုခံကာကွယ်ရေး အပိုင်းမှာ

တော်တော်လေး ကောင်းတယ် ဆိုပေမယ့် တိုက်ခိုက်ခံရရင် မင်း ပြိုကျသွားမယ်လို့ ငါ ထင်တယ်။ အင်မော်တယ် အဆင့် (၉) တိုက်ခိုက်ရေး ပျားနတ်ဆိုး (၁၀) ကောင်လောက် ဝိုင်းတိုက်ရင် မင်း လဲသွားလိမ့်မယ်”

“အဲ့ဒီတော့ တိုက်ပွဲထဲ အရမ်းကျွံ မသွားနဲ့လို့ အကြံပေးချင်တယ်။ တစ်ယောက်တည်း ရင်ဆိုင်ရတဲ့ အချိန်မှာ ရန်သူအရေအတွက် လျော့ချနိုင်ဖို့ ကြိုးစား။ မင်းရဲ့ သွေးစုပ်ဖုတ်ကောင် အမှုန်တွေကို ထိန်းချုပ်နိုင်တဲ့ အစွမ်းအရ ရန်သူ (၁၂) ယောက်ကို တစ်ချိန်တည်း တိုက်ခိုက်နိုင်တယ်။ ရန်သူများများ တိုက်ခိုက်ရင် မင်းရဲ့

စွမ်းဆောင်မှုက သိသိသာသာ သက်ရောက်တော့မှာ မဟုတ်ဘူး။ မင်းရဲ့ စွမ်းဆောင်ရည် အများဆုံး (၂၀) ရာခိုင်နှုန်းပဲ တိုးလာလိမ့်မယ်”

“ဒါကြောင့် မင်းကို ပြောချင်တာက မွန်းစတား အုပ်ကြီးထဲမှာဆိုရင် မွန်းစတား (၂၀) ၊ (၃၀) ကို တစ်ပြိုင်နက်တည်း တိုက်ခိုက်စရာ မလိုဘူး။ အမြင့်မားဆုံး သတ်ဖြတ်နိုင်စွမ်းနဲ့ အကောင်းဆုံး ထိရောက်မှု ရှိမယ့် အရေအတွက်ကိုပဲ ထိန်းချုပ်ပြီး ချိန်ညှိသင့်တယ်။ ဒီလိုမှမဟုတ်ရင် နောက်ပိုင်းမှာ အမှားတွေ အလွယ်တကူ ဖြစ်လာလိမ့်မယ်။ ဒီတိုက်ပွဲက အစုလိုက်အဖွဲ့လိုက် တိုက်ခိုက်တဲ့ တိုက်ပွဲပဲ။ မင်းတို့ထဲက

တစ်ယောက်ယောက် လှဲကျသွားတာနဲ့ ကျန်တဲ့လူတွေ အပေါ်မှာ ဖိအားတိုးလာလိမ့်မယ်။ ဒါကြောင့် မင်းတို့ထဲက တစ်ယောက်မှ မပြိုလဲကျဖို့ မျှော်လင့်တယ်”

“နားလည်ပြီ”

ပိုင်က သွေးရဲရဲလေး၏ မှတ်ချက်ကို လက်ခံသည်။

သွေးရဲရဲလေးက ခေါင်းငြိမ့်ပြီး ကိုင်လီဘက် လှည့်ကြည့်သည်။

“ကိုင်လီ.... မင်းကိုယ်တိုင်က တော်တော်လေး သန်မာတယ်ဆိုတာ ငါ သိတယ်။ ဒါပေမယ့် တိုက်ခိုက်တဲ့ နေရာမှာ ၊ အထူးသဖြင့် အဖွဲ့နဲ့ တိုက်ခိုက်တဲ့ နေရာတွေမှာ ပိုကောင်းအောင် လုပ်စေချင်တယ်။

မွန်းစတားကို ဦးစားပေးပြီး သတ်ပစ်မယ့် အစားတိုက်ပွဲကို ပိုထိန်းချုပ်သင့်တယ်။ ဒါမှ ကျန်တဲ့ အဖွဲ့သားတွေ ကြုံတွေ့ရမယ့် မွန်းစတား အရေအတွက် နည်းသွားမှာ။ မွန်းစတားတွေ ကိုင်တွယ်ဖို့ သူတို့အတွက် ပိုလွယ်သွားလိမ့်မယ်။ နောက်ပြီးတော့ ဒီနည်းနဲ့ သတ်တဲ့ မွန်းစတား အရေအတွက်ကလည်း အရင်ကထက် မနည်းနိုင်ပါဘူး”

ကိုင်လီကလည်း ငြင်းဆိုခြင်း မရှိပေ။ သွေးရဲရဲလေး စကားကို နားလည်ကြောင်း အမူအရာပြ၍ ခေါင်းငြိမ့်ပြသည်။

ထို့နောက် သွေးရဲရဲလေးက သူတို့၏ ချို့ယွင်းချက်၊ အားနည်းချက် တစ်ခုချင်းစီကို ထောက်ပြပြီး ပိုမို ကောင်းမွန်စေမည့် နည်းလမ်းများကို အဆိုပြုခဲ့သည်။

အားလုံးက သူ၏ အဆိုပြုချက်ကို လက်ခံကြသည်။

လင်းဟွမ်က မွန်းစတားကတ် အားလုံးကို သိမ်းပြီးနောက် အကိုင်းပေါ်တွင် တွဲလောင်းကျနေသော ပျားအုံကို ကြည့်ပြီးနောက် စပ်ဖြဲဖြဲ ပြုံးလိုက်သည်။

"တိုက်ခိုက်ရေး ပျားအုံက အရမ်းကောင်းတဲ့ ပစ္စည်းပဲ။ ပျားအုံနဲ့ပျားရည် တွဲရောင်းလိုက်လို့ကတော့ ပိုတောင် တန်ဖိုးကြီးဦးမယ်"

ထို့နောက် လင်းဟွမ်သည် ပျားအုံအောက်ခြေတွင် ဖြတ်ခနဲ ပေါ်လာသည်။ ဓါးကို ဆွဲထုတ်၍ အသိုက်ကို လှီးဖြတ်ကာ သိုလှောင်လက်စွပ်ထဲ ပစ်ထည့်လိုက်သည်။

ပျားအုံကို သိမ်းပြီးနောက် ဆန်းကြယ်မျောက်ဝံကို နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။

# အခန်း(၇၈၃) - ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်.....

လျှို့ဝှက်သစ်တော၏ နောက်ပိုင်း ခရီးတစ်ဝက်သည် အဆင်ပြေ ချောမွေ့စွာ ပြီးဆုံးသွားသည်။

(၅၅) ခုမြောက် စစ်ဆေးရေးဂိတ်၏ စိန်ခေါ်မှုများက လွယ်ကူသောကြောင့် မဟုတ်ပေ။ ထိုအစား လင်းဟွမ်၏ နယ်မြေပိုင်နက်အသိနှင့် စိတ်စွမ်းအားကို ဖိနိပ်ထားခြင်း မရှိသောကြောင့် ထိုအခြေအနေကို အခွင့်ကောင်းယူပြီး အန္တရာယ်များကို ရှောင်ရှားခဲ့သောကြောင့်ပင်....

လင်းဟွမ်ကို သယ်ဆောင်ထားသည့် ဆန်းကြယ်မျောက်ဝံကလည်း လင်းဟွမ် လမ်းညွှန်သည့်အတိုင်း သွားနေခဲ့သည်။ ထို့ကြောင့် လမ်းခရီးတွင် မည်သည့်အတားအဆီးမှ မကြုံတွေ့ခဲ့ရပေ။

ညနေ (၄) နာရီခန့်တွင်....

သူတို့ နှစ်ယောက်သည် လျှို့ဝှက်သစ်တောကို ဖြတ်ကျော်နိုင်ခဲ့ကြသည်။

ဆန်းကြယ်မျောက်ဝံက အကိုင်းအခတ် တစ်ခုကို ခုန်လိုက်လျှင် သစ်တောနယ်မြေကို ဖြတ်ကျော်သွားသဖြင့် လင်းဟွမ် မျက်နှာပျက်သွားသည်။ ဆန်းကြယ်မျောက်ဝံကို မူလခန္ဓာကိုယ် အရွယ်အစား

ပြန်မရောက်ခင် ကတ်ပုံစံ ချက်ချင်း ပြန်သိမ်းလိုက်သည်။ နောက်ထပ် တစ်စက္ကန့်၌ လင်းဟွမ်၏ မျက်နှာအမူအရာက ပုံမှန် ပြန်ဖြစ်သွားကာ မြေပေါ် ခုန်ဆင်းပြီး ချုံထဲဝပ်လိုက်သည်။

မြက်ပင်များ ကြားမှ နေရာလွတ်ထဲတွင် လမ်းလျှောက်ပြီး ချောင်းကြည့်ကာ သူ၏အော်ရာကို ထိန်းချုပ်ထားလိုက်သည်။

ဒါသည် အနက်ရောင် ပျားအုံကြီးပင် ။ ပုန်းနေသော နေရာနှင့် မီတာ (၃၀၀) ခန့်သာဝေးသည်။ စိတ်စွမ်းအားနှင့် သေသေချာချာ အကဲခတ်ပြီးနောက် လင်းဟွမ် စိတ်အေးသွားသည်။

"အို..... စွန့်ပစ်ထားတဲ့ ပျားအုံတစ်ခုပဲ.....၊ ငါကိုက အကြောက်လွန်နေတာ...."

ဆန်းကြွယ်မျောက်ဝံကို ပြန်သိမ်းရသည့် အကြောင်းအရင်းမှာ ပျားအုံကို တွေ့လိုက်သောကြောင့်ပင် ။ အကယ်၍ ဆန်းကြွယ်မျောက်ဝံသာ မူလအရွယ်အစား ပြန်ရောက်သွားပါက ဤမျှ နီးကပ်နေသော အကွာအဝေးကြောင့် တိုက်ခိုက်ရေး ပျားနတ်ဆိုး၏ ပစ်မှတ် ဖြစ်လာလိမ့်မည်။ ကံကောင်း ထောက်မစွာဖြင့် ဒါက စွန့်ပစ်ထားသော ပျားအုံ ဖြစ်နေသည်။

ပျားအုံထဲတွင် တိုက်ခိုက်ရေး ပျားနတ်ဆိုး တစ်ကောင်မှ မရှိကြောင်း သူ၏စိတ်စွမ်းအားနှင့် ထောက်လှမ်းမိပြီးနောက် လင်းဟွမ် စိတ်အေးသွားသည်။

စွန့်ပစ်ထားသော ပျားအုံက လင်းဟွမ်ကို ဒုက္ခ မပေးနိုင်ပေ။ သို့သော်လည်း လင်းဟွမ်က ပြင်းပြင်းထန်ထန် တိုက်ခိုက်ရခြင်းကို မနှစ်သက်ပေ။

(၅၆) ခုမြောက် စစ်ဆေးရေးဂိတ်ကို ဝင်သည့် အချိန်တွင် တိုက်ခိုက်ရေး ပျားနတ်ဆိုး၏ တိုက်ခိုက်ခြင်းကို ခံရမည့်အစား အနိုင်ရသော လူတစ်ယောက်အနေနှင့် ခန့်ခန့်ညားညား ဝင်ချင်သည်။

လင်းဟွမ်သည် စွန့်ပစ်ထားသော ပျားအုံကို ငေးကြည့်ရင်း နယ်မြေပိုင်နက်အသိ လွှမ်းခြုံထားသော နေရာအတွင်းက အဖြစ်အပျက်ကို အာရုံခံကြည့်လိုက်သည်။ ထိုနေရာတွင် သူ၏ စိတ်စွမ်းအားနှင့် နယ်မြေပိုင်နက် အသိ စွမ်းရည်နှစ်မျိုးတို့က နှစ်ထပ်ကွမ်း လွှမ်းခြုံနေသည်။ (၄) မီတာ အကွာအဝေးအတွင်းက အရာအားလုံးကို နတ်ဘုရားတစ်ပါး၏ ရှုထောင့်မှ ကြည့်နေရသကဲ့သို့ ရှင်းရှင်းလင်းလင်း မြင်ရသည်။

တိုက်ခိုက်ရေး ပျားနတ်ဆိုး တစ်ကောင်ချင်းစီက ပျားအုံ အပြင်ဘက်တွင် မည်သည့်အရာများ လုပ်နေလည်း ဆိုသည်ကိုပင် မြင်နိုင်သည်။

"ပျားအုံတွေက ထူထူထပ်ထပ် ပြန့်နေတာပဲ။ (၄) ကီလိုမီတာအတွင်းမှာ ပျားအုံ (၁၃) ခုတောင် ရှိတယ်။ ငါနဲ့အနီးဆုံး အသိုက်ကလွဲရင် ကျန်တဲ့အသိုက်တွေထဲမှာ တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေ အများကြီးပဲ"

လင်းဟွမ်သည် မတ်တပ် ထရပ်ကာ မျက်လုံးစွမ်းရည်ကို အသက်သွင်းပြီးနောက် သူ တွေ့ခဲ့သော ပျားအုံထံ ဦးတည်သွားလိုက်သည်။ အမှန်တကယ်ဆို ပျားအုံ ၁၃ ခုလုံးကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

သို့သော်လည်း စစ်ဆေးရေးဂိတ် (၅၆) နှင့် (၅၅) သည် အနည်းငယ် ဆင်တူပြီး သစ်ပင်ပန်းပင်များ

ပေါ်များနေသောကြောင့် အလွယ်တကူ ရှာတွေ့မည် မဟုတ်ကြောင်း ကောင်းကောင်း သိနေသည်။

ထို့နောက် ခန္ဓာကိုယ်ကို အနည်းငယ် ညွှန့်ကွေး၍ ချုံပုတ်ထဲ ပုန်းလိုက်သည်။ ယာယီ ဘေးကင်းကြောင်း အတည်ပြုပြီးနောက် သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်သည်။

ဆင့်ခေါ်ပြီးသည်နှင့် သွေးရဲရဲလေးသည် မလှမ်းမကမ်းတွင် ရှိနေသော ပျားအုံကို တွေ့လိုက်သည်။ တိုက်ပွဲဝင်ရန် ပြင်လိုက်စဉ် လင်းဟွမ်၏အသံ ထွက်ပေါ်လာသည်။

"စိတ်မပူနဲ့ ဒါက စွန့်ပစ်ထားတဲ့ ပျားအုံပဲ"

"ဒါက (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်လား"

ပျားအုံအနီးတွင် ပျားနတ်ဆိုး တစ်ကောင်မှ မတွေ့ရကြောင်း သတိထားမိလိုက်သည်။ ထိုအခါမှသာ သွေးရဲရဲလေးက သတိလျှော့ချလိုက်သည်။

"ဟုတ်တယ် ပျားအုံတွေက ပြန့်ကျဲနေတယ်။ စစ်ဆေးဖို့ လိုအပ်တယ်။ ပျားဘုရင်မကို ရှာဖွေပြီးရင် လုံခြုံရေး ကင်းလှည့်နေတဲ့ အစောင့်ပျားတွေ ရှိ၊မရှိ စစ်ဆေး...."

လင်းဟွမ် ထောက်လှမ်းနိုင်သော နေရာက အကန့်အသတ် ရှိသောကြောင့် နေရာ ချဲ့ထွင်းရန်အတွက် သွေးရဲရဲလေး၏ မျှော့မျိုးစေ့ အကူအညီကို လိုအပ်သည်။

သူပြောလိုက်သော ပျားဘုရင်မ ဆိုသည်မှာ ပျားအုံ အစောင့်အရှောက်များကို တိုက်ရိုက် အုပ်ချုပ်သည်။ သူတို့သည် သန္ဓေသုံးကြိမ်ပြောင်း တိုက်ခိုက်ရေး ပျားနတ်ဆိုးများ ဖြစ်ပြီး အင်မော်တယ် အဆင့် (၉) တိုက်ခိုက်ရေး အစွမ်းများ ရှိကြသည်။

ရက်စက်ကြမ်းကြုတ်သော သဘောသဘာဝ ရှိကာ အင်ပါယာအဆင့်နှင့် ရင်ဆိုင်ရပါက နိုင်အောင် မတိုက်ခိုက်နိုင်လျှင်ပင် တိုက်ခိုက်ရဲသည့် သတ္တိရှိသည်။ ထို့အပြင် ပျားအစောင့်အရှောက် (၃) ကောင်က အတူတူ ပူးပေါင်းပြီး တိုက်ခိုက်ပါက အင်ပါယာအဆင့် မွန်းစတားပင် ထိပ်တိုက် ရင်ဆိုင်နိုင်စွမ်း မရှိချေ။

ပျားအုံဘုရင်မကမှ ပျားအုံများကို အုပ်ချုပ်သည်။ ပျားဘုရင်မကို လုပ်သားပျားများ၊ ပျားအစောင့် အရှောက်များက ကာကွယ်ထားသောကြောင့် ပုံမှန် အခြေအနေဆိုလျှင် ၎င်းက ပျားအုံကို စွန့်ခွာပြီး တိုက်ခိုက်မည် မဟုတ်ချေ။

ပျားဘုရင်မက မျိုးဆက်သစ်ကိုသာ မွေးထုတ်ပေးပြီး တိုက်ခိုက်နိုင်စွမ်း မရှိဘူးဟု ဆိုကြသည်။ အမှန်တကယ်၌ ပျားဘုရင်မတွင် အံ့သြစရာကောင်းသော တိုက်ခိုက်ရေး အစွမ်းများ ရှိပြီး ပျားအစောင့် အရှောက်များထက်ပင် စွမ်းရည်က သာလွန်သည်ဟု

တစ်ချိန်က လူတစ်ယောက်က ပြောခဲ့ဖူးသည်။ သို့သော် သူမက အလွယ်တကူ တိုက်ခိုက်မည် မဟုတ်ချေ။

ကျန်သည့် ပျားများက လျှို့ဝှက်သစ်တောထဲတွင် လင်းဟွမ် ကြုံတွေ့ခဲ့ရသော ပျားလုပ်သားများနှင့် ဆင်တူသည်။ သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ အင်မော်တယ် အဆင့် (၇) မှ အဆင့် (၉) အထိရှိပြီး သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများ ဖြစ်ကြသည်။

လင်းဟွမ်က သွေးရဲရဲလေးကို ညွှန်ကြားပြီးနောက် စွန့်ပစ်ထားသော ပျားအုံအောက်တွင် ဖြတ်ခနဲ ပေါ်လာသည်။ ခေါင်းမော့၍ ပျားအုံကို သေသေချာချာ လေ့လာလိုက်သည်။ ပျားအုံ၏ပုံသဏ္ဍာန်မှာ အဆိပ်

ထုတ်ထားသော ကြာပန်း (၆) ခုနှင့် ဆင်တူသည်။ တစ်ခုတည်းသော ကွာခြားချက်မှာ အနည်းငယ် ပိုကြီးနေခြင်းပင်....။

လင်းဟွမ်ရှေ့မှ ပျားအုံသည် တောင်ကုန်းငယ် တစ်ခုနှင့် ဆင်တူပြီး အချင်း (၁၅၀) မီတာခန့် ရှိသည်။ သို့သော်လဲ လင်းဟွမ်က လျှို့ဝှက်သစ်တောထဲ သစ်ကိုင်းပေါ်တွင် တွဲလောင်းကျနေသော ပျားအုံလောက် မကြီးဘူးဟု ခံစားရသည်။

အမှန်တကယ်ဆို သူ့ အထင်ကလည်း မှန်နေသည်။

သစ်တောထဲရှိ ပျားအုံက အဆတစ်ထောင် ပိုမြင့်မားပါက အချင်း မီတာ (၃၀၀) ခန့်ရှိသည်။

ယခုလက်ရှိ လင်းဟွမ် မြင်နေရသည့် ပျားအုံးထက် နှစ်ဆပိုမြင့်ပြီး ထုထည်က (၈) ဆ ပိုကြီးသည်။

ပျားအုံထဲတွင် ပျားရည် မရှိသော်လည်း ပျားအုံ တစ်ခုလုံး၏ တန်ဖိုးသည် ရှေးဟောင်းဓါတ်ကြွင်း တစ်ခုနှင့် ယှဉ်နိုင်သည်။ အလွန် တန်ဖိုးကြီးသည့်အပြင် အင်းစက်များက ထိုအထဲတွင် နေထိုင်ချင်ကြသည်။ အိမ်မွေးတိရိစ္ဆာန် မွန်းစတားအဖြစ် အင်းစက်ပိုးမွှားများ ပိုင်ဆိုင်သော ထိန်းချုပ်သူများက မြင့်မားသော စျေးနှုန်း ပေးဆောင်ရလျှင်ပင် ပျော်ပျော်ရွှင်ရွှင် ပေးကြလိမ့်မည်။

ထို့အပြင် ပျားအုံကို ဖြိုခွဲပြီးနောက် ရှားပါး ပါဝင်ပစ္စည်းများနှင့် ရောနှော၍ အဆိပ်ဖြေဆေး

ထုတ်ယူနိုင်သည်။ ထိုထုတ်ယူသော ဒြပ်ပေါင်းကို လူသိများသော အဆိပ်ဖြေဆေး ဖြစ်သည့် အဆိပ်တိုင်းအပေါ်၌ ထိရောက်မှု (၈၀) ရာခိုင်နှုန်း ရှိသော စျေးကြီးသည့် ရောင်စဉ် အဆိပ်ဖြေဆေး ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည်။

လင်းဟွမ်သည် ပျားအုံကို သိမ်းဆည်းရန် အမှန်တကယ် စိတ်အားထက်သန် နေသော်လည်း ထိုအကြံကို ခေတ္တမျှ ဆိုင်းငံ့ထားရန် ဆုံးဖြတ်လိုက်သည်။

ပျားအုံက ကြီးမားလွန်းသည်။ အကယ်၍ ပျောက်ပါက အခြားပျားအုံ (၁၂) ခုမှ ပျားများသည် တစ်ခုခု မှားယွင်းနေကြောင်း သိသွားလိမ့်မည်။ ကီလိုမီတာ (၂၀)

အတွင်းရှိနေသော ကျန်ပျားအုံများကလည်း တစ်ခုခု ပျောက်သွားကြောင်း ချက်ချင်း သိသွားလိမ့်မည်။

လင်းဟွမ်သည် ပျားအုံအား လိုနေချင်သည့် လောဘကို ဖိနှိပ်ထားပြီး သွေးရဲရဲလေး၏ စုံစမ်းစစ်ဆေးမှုကို စိတ်ရှည်ရှည် စောင့်ဆိုင်းနေခဲ့သည်။

နောက်ဆုံး၌ နာရီဝက်ခန့် ကြာသောအခါ သွေးရဲရဲလေး မျက်လုံး ပြန်ပွင့်လာသည်။

“ပျားဘုရင်မက ငါတို့နဲ့ အရမ်းဝေးတယ်။ ကီလိုမီတာ (၁,၀၀၀) လောက်ရှိမယ် ။ နောက်ပြီးတော့ ပျားဘုရင်မရဲ့ ပျားအုံကို ဝိုင်းပြီး ကင်းလှည့်နေတဲ့ လုပ်သားပျားတွေကိုလည်း တွေ့ခဲ့တယ်”

“လူသားတွေရော....”

လင်းဟွမ်က မေးလိုက်သည်။

မွန်းစတား (၁၀) ကောင်အား တစ်ပြိုင်နက် ဆင့်ခေါ်သည်ကို မည်သူမှ မမြင်စေချင်ပေ။

“လူသား နှစ်ယောက်က အဆင့်တက်ဖို့ ကြိုးစားနေတယ်။ ငါတို့နဲ့ အနီးဆုံးတစ်ယောက်က ကီလိုမီတာ (၃၅၀) အကွာမှာ ရှိတယ်”

လင်းဟွမ်သည် သွေးရဲရဲလေးထံမှ သတင်းအသစ်များ ကြားပြီးနောက် ပြုံးလိုက်သည်။

“ပျားဘုရင်မနဲ့ လုပ်သားပျားတွေကလည်း သူတို့အလုပ်နဲ့သူတို့ ရှုပ်နေတယ်။ ငါတို့နဲ့ အနီးဆုံးလူကလဲ ကီလိုမီတာ (၃၀၀) လောက်ဝေးတော့ ဒါက အမှတ်တွေ စုဆောင်းဖို့အတွက် အကောင်းဆုံး အချိန်ပဲ”

“ရှောင်ဖိန်….. ပိုင်၊ အာဏာရှင်၊ ချောကလက်လေး … လန်စန်လော့တို့ကို ဆင့်ခေါ်မယ်….”

စကားဆုံးသွားသည်နှင့် လင်းဟွမ်ရှေ့တွင် ပိုင်၊ အာဏာရှင်နှင့် အခြားမွန်းစတားများ တစ်ပြိုင်နက်နီးပါး ပေါ်လာကြသည်။

တာဝန်များ ခွဲဝေပေးရန် သွေးရဲရဲလေးက နာရီဝက်ခန့် အချိန်ယူလိုက်ရသည်။

လင်းဟွမ်ကလည်း သူတို့ကို ဆောင်ရန်၊ ရှောင်ရန် အချက်အချို့ကို အထပ်ထပ်၊ အခါခါ သတိပေးနေသည်။ အခြား ပြဿနာများ မရှိတော့ကြောင်း အတည်ပြုပြီးနောက် သွေးရဲရဲလေးက လင်းဟွမ်ကို ခေါင်းငြိမ်ပြသည်။

"အဆင်သင့် ဖြစ်ပြီလား"

လင်းဟွမ်က သူတို့အားလုံးကို စိုက်ကြည့်ပြီး မေးလိုက်သည်။

"အဆင်သင့် ဖြစ်ပြီ....."

ပိုင်နှင့် ကျန်သည့် မွန်းစတားများက ယုံကြည်မှု အပြည့်ဖြင့် ပြန်ဖြေကြသည်။

"ဒါဆိုရင် သတ်ဖြတ်မှု စ....."

လင်းဟွမ်ထံမှ အမိန့်ရသည်နှင့် ပိုင်နှင့် ကျန်သည့်မွန်းစတားများသည် ပထမဦးဆုံး ပျားအုံဆီသို့ လျင်မြန်စွာ ပြေးသွားကြသည်။

# အခန်း(၇၈၄) - ရုတ်တရက် မြင့်တက်လာသော အမှတ်များ။

ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ထဲတွင် (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်ကို တစ်ခေါက်တည်းနှင့် ဖြတ်ကျော်နိုင်သည့်လူ မရှိခဲ့ပေ။

အကြောင်းအရင်းမှာ ရိုးရှင်းသည်။

ဤစစ်ဆေးရေးဂိတ်တွင် ပျားအုံများ ထူထပ်စွာ ပျံ့နှံ့နေသောကြောင့်ပင်။ မီတာ (၁,၀၀၀) အကွာအဝေးတိုင်းတွင် ပျားအုံတစ်ခု ရှိသည်။ ပျားအုံ

ရှိနေသော နေရာအများစုသည် တစ်ခုနှင့် တစ်ခု နယ်မြေချင်း ထပ်နေသည်။ အမှန်တကယ်ဆို တိုက်ခိုက်ရေး ပျားနတ်ဆိုးများ၏ နယ်မြေကို ရှောင်ရှား၍ ဘေးကင်းစွာ ဖြတ်ကျော်နိုင်မည့် လုံခြုံဘေးကင်းသော လမ်းကြောင်း မရှိပေ။

ထို့ကြောင့် ဤစစ်ဆေးရေးဂိတ်ကို တဟုန်ထိုး ဖြတ်ကျော်ခြင်းက တိုက်ခိုက်ရေး ပျားနတ်ဆိုးများနှင့် ရင်ဆိုင်ရမည့် အခွင့်အလမ်းကို သိသိသာသာ လျှော့ချ ပေးနိုင်သည်။

သို့သော်လည်း လင်းဟွမ်၏ အဓိက ရည်ရွယ်ချက်မှာ စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်ရန် မဟုတ်ပေ။ ထိုအစား အမှတ်များ စုဆောင်းရန်ပင် ။

ဤအခိုက်အတန့်တွင် သူက အခြားလူများနှင့် မတူဘဲ ပြင်းထန်သော တိုက်ပွဲတစ်ခုကို ဆင်နွှဲနေရသည်။

"သွေးရဲရဲလေး ပထမဦးဆုံး စစ်ကူတွေ ရောက်လာတော့မယ်။ ပျားအုံရှစ်ခုက စစ်ကူတွေ ထွက်လာပြီ။ အဲဒီစစ်ကူ ရှစ်ခုမှာ အနည်းဆုံး ပျားနတ်ဆိုး (၂,၀၀၀) နဲ့ အများဆုံး (၄,၀၀၀) လောက် ရှိနိုင်တယ်"

လင်းဟွမ်က သူစိတ်စွမ်းအားနှင့် ထောက်လှမ်း၍ ရရှိသော သတင်းအချက်ကို သွေးရဲရဲလေးအား တိုးတိုးလေး ပြောလိုက်သည်။

ပိုင်နှင့် ကျန်သည့်မွန်းစတားများက ပထမပျားအုံကို စတင် ရှင်းလင်းပြီး တစ်မိနစ် မပြည့်ခင်မှာပင် အနီးအနားရှိ ပျားအုံအချို့က တိုက်ပွဲ ဖြစ်ပွားနေသည်ကို သိသွားပြီး စစ်ကူများ ချက်ချင်း စေလွှတ်လာကြသည်။

လင်းဟွမ်က တိုက်ခိုက်ရေး ပျားနတ်ဆိုးများ၏ သဘောသဘာဝကို အစောပိုင်းထဲက သိရှိထားသောကြောင့် အံ့သြခြင်း မရှိပေ။

(၅၆) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ တိုက်ခိုက်ရေး ပျားနတ်ဆိုး အားလုံးသည် ပျားဘုရင်မ၏ အနာဂတ်မျိုးဆက်များ ဖြစ်ကြသည်။ သူတို့သည် မတူညီသော ပျားအုံများတွင် နေထိုင်ကြသော်လည်း တူညီသော အမျိုးများပင် ။ အမျိုးအစားမခွဲဘဲ လုပ်သားပျား တစ်အုပ်လုံး လိုက်နာကြသည်။

ပျားအုံတစ်ခု အတိုက်ခံရသည်ကို သိသည်နှင့် ရန်သူများကို ခုခံ ကာကွယ်ရန်အတွက် စစ်ကူများကို ချက်ချင်း စေလွှတ်တတ်ကြသည်။

အစပိုင်းတွင် ပျားအုံများသည် ပျားအုံးထဲက တိုက်ခိုက်ရေး ပျားနတ်ဆိုး အရေအတွက်၏ ဆယ်ပုံ တစ်ပုံခန့်ကိုသာ စစ်ကူအနေနှင့် စေလွှတ်ကြသည်။

အကယ်၍ ထိုစစ်ကူများက ရန်သူနှင့် တိုက်ခိုက်နေသော ပျားအုံကို မကူညီနိုင်ခဲ့ပါက ဒုတိယအကြိမ်မြောက် တိုက်ခိုက်ရေး ပျားနတ်ဆိုး စစ်ကူများကို စေလွှတ်လိမ့်မည်။ ဒါသည် ပျားအုံတွင် (၁၀) ရာခိုင်နှုန်းသာ အစောင့်များအဖြစ် ချန်ထားခဲ့၍ စေလွှတ်ခြင်း ဖြစ်သည်။ ကျန်သည့် ပျားနတ်ဆိုးများကမူ စစ်ထဲသွားပြီး ကျူးကျော်သူများကို အင်အားအပြည့်နှင့် တိုက်ခိုက်ကြသည်။

အသက်ရှင် ရပ်တည်ရန်အတွက် အပြန်အလှန် မှီခိုအားပြုရန် လိုအပ်ကြောင်း သူတို့ နားလည်ပုံရသည်။ အနီးနားရှိ ပျားအုံ တိုက်ခိုက်ခံရပြီးသည်နှင့် သူတို့၏ ပျားအုံလည်း မကြာခင် အတိုက်ခံရတော့မည် ဖြစ်ကြောင်း ညွှန်းဆိုနေသည်။

ထို့ကြောင့် သူတို့ ပျားအုံ အတိုက်မခံရခင် ကျူးကျော်သူ အားလုံးကို သတ်ဖြတ်နိုင်ရန် စစ်ကူများ စေလွှတ်ခြင်းပင် ။ ဒါသည် အန္တရာယ်ထဲမှ လွတ်မြောက်ရန် အကောင်းဆုံး ဖြေရှင်းချက်ပင်.....

ကံဆိုးသည်မှာ ပျားများသည် လင်းဟွမ်နှင့် သူ့မွန်းစတားများကို တွေ့ဆုံနေရခြင်း ဖြစ်နေသည်။

"ရုပ်ဆိုး......၊ မင်းရဲ့တာဝန်က စစ်ပွဲဖြစ်နေတဲ့ နေရာတစ်ခုလုံးကို ထင်ယောင်ထင်မှားဖြစ်အောင် ဖန်တီးပြီး ဗရမ်းဗတာ အခြေအနေ ဖြစ်အောင် ဖန်တီးဖို့ပဲ။ တိုက်ပွဲတစ်ခုလုံးကို လှည့်ပတ်ကြည့်ပြီးတော့ တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေ အထိုင်မချနိုင်အောင် အကောင်းဆုံးလုပ်....."

"လန်စန်လော့....... မင်းက ဓါးလွှမ်းမိုးမှုကို နေရာကျယ်ကျယ်ပြန့်ပြန့် အသက်သွင်း......။ တိုက်ခိုက်မှုတစ်ခုစီတိုင်းက သူတို့ကို သတ်နိုင်ဖို့ မလိုဘူး။ ပြင်းထန်တဲ့ ဒဏ်ရာရသွားရင် လုံလောက်ပြီ..."

"ကိုင်လီ..... မင်းက အမြန်ဆုံးပဲ။ လန်စန်လော့ရဲ့ ခားစွမ်းရည် ထိမှန်ပြီး မသေသေးတဲ့ အကောင်တွေကို လိုက်ရှင်း....."

...

ပိုင်နှင့် သွေးရဲရဲလေးတို့ ဦးဆောင်သော မွန်းစတားများသည် တစ်ဖက်သတ် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကို စတင် လုပ်ဆောင်ကြတော့သည်။

ကြယ်လမ်းစဉ် သစ်ပင်၏ အမှတ်ပေးဇယားတွင် လင်းဟွမ်၏ အမှတ်များက တဟုန်ထိုး မြင့်တက်လာသည်။

ဦးဆောင်သူ စာရင်းတွင် ပထမရသည့်အချိန်က အမှတ် (၂၄) သန်းခန့်သာ ရရှိခဲ့သည်။ လျှို့ဝှက်သစ်တောထဲ ဝင်ပြီး ပထမဦးဆုံး ပျားအုံကို ဖြေရှင်းပြီးနောက် သူ့အမှတ်က သန်း (၆၀) ကျော်သွားခဲ့သည်။

ယခုမူ သူ့အမှတ်များက ကြောက်စရာကောင်းသော နှုန်းနှင့် မြင့်တက်လာသည်။

သန်း (၆၀) ……

သန်း (၇၀) …….

သန်း (၈၀) …...

ကောင်းကင်ကြီး မှောင်စ ပြုလာသည့်အချိန်၌ လင်းဟွမ်၏ အမှတ်က သန်း (၂၀၀) ကျော်သွားသည်။

ဤကဲ့သို့ အမှတ်များ မြင့်တက်အောင် မည်သူမှ မစွမ်းဆောင်နိုင်ခဲ့ပေ။

ယခုအခါ လိုင်းပေါ်တွင် ရှိနေသော ကြယ်လမ်းစဉ်သစ်ပင် အဖွဲ့ဝင်များကြားတွင် ခေါင်းစီးသတင်းကြီး ဖြစ်လာသည်။

"စနစ်က တစ်ခုခု မှားနေတာလား.....။ သူက တစ်ရက်တည်းနဲ့ အမှတ် သန်း (၂၀၀) စုဆောင်း နိုင်တာလား....."

"စနစ်မှာ ဘာအမှားအယွင်းမှ မရှိဘူး။ ကြယ်လမ်းစဉ် သစ်ပင်ရဲ့ စနစ်က လင်းရှီရဲ့ လှည့်စားမှုကို မထောက်လှမ်းနိုင်ဘူးလို့ပဲ ပြောရမယ်....."

"လင်းဟွမ်ရဲ့ လှည့်စားမှုကြောင့် ငါတော့ ဝမ်းနည်းနေပြီ....။ သူက ကြယ်လမ်းစဥ် သစ်ပင်ရဲ့ စည်းကမ်းတွေ ချိုးဖောက်ပြီး ကြယ်လမ်းစဉ်သစ်ပင် ဦးဆောင်သူစာရင်းရဲ့ တရားမျှတမှုကို ဖျက်ဆီးနေပြီ။ နောက်ပြီးတော့ တခြားသူတွေရဲ့ ကြိုးစားအားထုတ်မှုကို သဲထဲ ရေသွန်ဖြစ်အောင် လုပ်နေတယ်။ ငါ ပြောချင်တာက အစ်ကို၊ ကျေးဇူးပြုပြီး ငါ့ကိုလည်း ထည့်တွက်ပေးပါ....."

လင်းဟွမ်က သူ့ကိုယ်ပိုင် အစွမ်းအစနှင့် အမှတ်များ စုဆောင်းနိုင်သည်ဟု ယုံကြည်သူက လူအနည်းစုသာ ရှိသည်။

" စစ်ဆေးရေးဂိတ် (၂၁) မှာ မွန်းစတားတွေရဲ့အမြင့်ဆုံး တိုက်ခိုက်ရေး အစွမ်းက အင်မော်တယ် အဆင့် (၄)ပဲ။ မွန်းစတားတစ်ကောင်ကို သတ်လိုက်တိုင်း အမှတ် (၈၀) ပဲ ရတာ။ ဒါကိုတောင် လင်းဟွမ်က တစ်ညတည်းနဲ့ အမှတ် ရှစ်သန်း စုဆောင်းနိုင်ခဲ့တယ်။ အခု သူက စစ်ဆေးရေးဂိတ် (၅၆)ရောက်နေပြီ။ တိုက်ခိုက်ရေးအစွမ်း အနိမ့်ဆုံးဆိုတဲ့ မွန်းစတားက အင်မော်တယ် အဆင့် (၇) ရှိတယ်။

အဲဒီလို မွန်းစတားတစ်ကောင်ကို သတ်လိုက်ရင် အမှတ် (၆၄၀) အင်မော်တယ် အဆင့် (၉) ကိုသတ်ရင် အမှတ် (၂,၅၆၀) ရမှာပေါ့။ တစ်ရက်တည်းနဲ့ အမှတ် သန်း (၂၀၀)စုဆောင်းဖို့ဆိုတာ မဖြစ်နိုင်တာ မဟုတ်ဘူး....."

"တကယ်လို့ တခြားလူ တစ်ယောက်ယောက်က တစ်ရက်တည်းနဲ့ အမှတ် သန်း (၂၀၀) စုဆောင်းနိုင်ခဲ့ရင် အဲဒီလူက လှည့်စားနေတယ်လို့ ငါ ထင်မိလိမ့်မယ်။ ဒါပေမယ့် လင်းရှီကတော့ သူ့ကိုယ်ပိုင်စွမ်းရည်နဲ့ အမှတ်တွေရတာ ဖြစ်နိုင်တယ်။ သူက မရှုံးနိုင်တဲ့လူပဲ....."

လင်းဟွမ်သည် လူအများ၏ ထင်မြင်ချက်နှင့် ပတ်သက်၍ ဘာမှမသိပေ။ တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို တိုက်ခိုက်ရင်း အလုပ်ရှုပ်နေသည်။

ချန်းသွမ်ကဲ့သို့ လူများပင် တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို ရန် မစချင်သောကြောင့် လင်းဟွမ်က လှည့်စားနေသည်ဟု လူအများစုက ယုံကြည်နေကြသည်။

ပုံမှန် ပျားအုံတစ်ခုတွင် တိုက်ခိုက်ရေး ပျားနတ်ဆိုး အနည်းဆုံး (၂၀,၀၀၀) ရှိသည်။ ချန်းသွမ်သည် သန်မာ၍ အစွမ်းထက်သော်လည်း အာဏာရှင်နှင့် ကျန်သည့်

မွန်းစတားများကဲ့သို့ သန်မာသောခန္ဓာကိုယ် ဖွဲ့စည်းပုံမျိုး မရှိပေ။

ထို့အပြင် ကိုင်လီကဲ့သို့ အဆိပ်ဒဏ်လည်း ခံနိုင်ရည်မရှိချေ။ သူ၏ တိုက်ခိုက်ရေးစွမ်းရည်က တပြိုင်နက်တည်း တိုက်ခိုက်ရေး ပျားနတ်ဆိုး (၃,၀၀၀) ခန့်သာ ကိုင်တွယ်နိုင်သည်။ အကယ်၍ တိုက်ခိုက်ရေး ပျားနတ်ဆိုး အရေအတွက် (၃,၀၀၀) ကျော်သွားပါက သူ သေသွားလိမ့်မည်။ တစ်နေ့ခင်းတည်းနှင့် ထောင်ပေါင်းချီသော တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို သတ်ပစ်ရန် မဖြစ်နိုင်ချေ။

လင်းဟွမ် ဆင့်ခေါ်ထားသည့် မွန်းစတား (၁၀) ကောင်က ပျားအုံများကို သုတ်သင်နိုင်ရသည့် အကြောင်းရင်းမှာ သူ ရွေးချယ်ထားသော မွန်းစတားများက တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်စွမ်း ရှိနေသောကြောင့်ပင် ။ သူတို့ပိုင်ဆိုင်သော သွေးမျိုးဆက်များက အပြည့်အဝ အလုပ်လုပ်နေပြီး တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို အလွယ်တကူ တိုက်ခိုက်နိုင်ကြသည်။

အမှန်ပင်....၊ လင်းဟွမ် တစ်ယောက်တည်း တိုက်ခိုက်မည် ဆိုပါက ဤမျှ များပြားသော အမှတ်များကို စုဆောင်းနိုင်မည် မဟုတ်ချေ။

ညနေ ခြောက်နာရီခွဲခန့်တွင် ကောင်းကင်ကြီး မှောင်လာသည်။

"ပိုမှောင်လာပြီ... ကြယ်လမ်းစဉ် သစ်ပင်ပေါ်က မွန်းစတားတွေ အစာရှာဖို့ ထွက်လာနေကြပြီ”

သွေးရဲရဲလေးက လင်းဟွမ်ကို တိုးတိုးလေး ပြောလိုက်သည်။

"ငါတို့တွေ ဆက်ပြီး အမှတ် စုဆောင်းနေအုံးမယ်ဆိုရင် တိုက်ခိုက်ရေး

ပျားနတ်ဆိုးတွေနဲ့ တိုက်ခိုက်ရုံတင် မဟုတ်တော့ဘူး တခြား မွန်းစတားတွေနဲ့လည်း တိုက်ခိုက်ရလိမ့်မယ်။ အဲဒီကောင်တွေက ပိုပြီး အစွမ်းထက်တော့ ငါတို့က မွန်းစတားအုပ်ကြီးကို ရင်ဆိုင်နိုင်မှာ မဟုတ်ဘူး။ မွန်းစတားအကောင်ရေ သန်းပေါင်းများစွာပါတဲ့ ကျူးကျော်မှုကြီး တစ်ခုတောင် ဖြစ်လာနိုင်တယ်....."

ကောင်းကင်ကြီး မှောင်လာသည်နှင့်အမျှ ကြယ်လမ်းစဉ်သစ်ပင်သည် မွန်းစတားများအတွက် သုခဘုံ ဖြစ်လာလိမ့်မည်။ စစ်ဆေးရေးဂိတ် (၅၅) နှင့် (၅၆)ရှိ မွန်းစတားအားလုံးသည့် စစ်ဆေးရေးဂိတ်

(၅၅)မှ လူသားများ စုဝေးရာနေရာသို့ ဦးတည်သွားကြလိမ့်မည်။

"အရင်ဆုံး ပြန်ထွက်ပြီး မနက်ဖြန်ကျမှ ဆက်လုပ်ဖို့ အကြံပေးချင်တယ်...."

သွေးရဲရဲလေးက ဆက်ပြောလိုက်သည်။

လင်းဟွမ်က မေးစေ့ပွတ်ရင်း မျက်မှောင်ကြုတ်နေသည်။ မကြာခင် စိတ်ထဲမှ

" သုံးရက်ကြာရင် လေလံပွဲ စတော့မယ်။ မနက်ဖန်ကျရင်လည်း ရီကျန်းကိုလည်း တွေ့ရအုံးမှာဆိုတော့ အချိန်အများကြီး မကျန်ဘူး။ ဒီညမှာ

အမှတ်တွေ စုဆောင်းဖို့ လက်လျှော့လိုက်မယ်ဆိုရင် အချိန်က တစ်ရက်ပဲ အချိန်ကျန်တော့မှာ”

“ညဘက်မှာ အန္တရာယ် ပိုများတယ် ဆိုပေမယ့်။ စမ်းကြည့်လို့ ရပါသေးတယ်။ ဟိုဘက်မှာ နေရာ တော်တော် ကျယ်တဲ့အတွက် လျှို့ဝှက်သစ်တောထဲ ပြန်သွားလို့ရတယ်။ မွန်းစတားတွေ ပေါ်လာရင်လည်း အရွယ်အစား သေးသွားလိမ့်မယ်။ ဒါဆိုရင် မွန်းစတားတွေက နေရာအနှံ့ ပြန့်ကျဲသွားလိမ့်မယ်။ အဲဒီအခြေအနေကို အခွင့်ကောင်းယူပြီး ပျောက်ကျား စနစ်နဲ့ တိုက်ခိုက်လို့ ရတယ်။ ထောက်လှမ်းရေးအရ မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာမယ်ဆိုရင်

မင်းတို့အားလုံးကို ကတ်ပုံစံ ချက်ခြင်းပြန်သိမ်းပြီး ပါရမီရှင်သမဂ္ဂထဲက ထွက်သွားလို့ ရတာပဲ....."

## အခန်း(၇၈၅) - ပြောက်ကျား တိုက်ခိုက်ခြင်း။

ည (၇) နာရီခန့်တွင် ကောင်းကင်ကြီး မည်းမှောင်လာသည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ မွန်းစတားအားလုံးသည် စိတ်ကြွဆေးများ စားထားသကဲ့သို့ တက်ကြွနေကာ အစာရှာရန် အဆင်သင့် ဖြစ်နေကြသည်။

စစ်ဆေးရေးဂိတ် တစ်ခုစီတိုင်းက မွန်းစတားများသည် နေရာပေါင်းစုံမှ ထွက်လာပြီး လူသားများ စုဝေးရာနေရာသို့ ဦးတည်သွားနေကြသည်။

စစ်ဆေးရေးဂိတ် အမှတ် (၅၅) နှင့် (၆၃) ကြားက မွန်းစတားများ ပါဝင်ပြီး အမှတ် (၅၆)၊ (၅၈) နှင့် (၆၁) စစ်ဆေးရေးဂိတ် (၃) ခုက မွန်းစတားများ ဖြစ်ကြသည်။။

စစ်ဆေးရေးဂိတ် အမှတ် (၅၆) ကို သိမ်းပိုက်ထားသော မွန်းစတားများမှာ အဆိပ်ပြင်းသည့် တိုက်ခိုက်ရေး စွမ်းရည်များကို ပိုင်ဆိုင်ထားသော ပျားနတ်ဆိုးများပင် ။ သူတို့သည် ကြီးမားသော အုပ်စုကြီးဖြစ်အောင် စုဝေးပြီး နေထိုင်ကြသောကြောင့် ကိုင်တွယ်ရန် အလွန် ခက်ခဲ၏။

စစ်ဆေးရေးဂိတ်အမှတ် (၅၈) ကိုမူ သန္ဓေပြောင်း မြွေနဂါး တစ်မူထူးခြားသော မြွေမျိုးနွယ်များက သိမ်းပိုက် ထားသည်။ ငယ်စဉ်အချိန်ကပင်

သန္ဓေပြောင်းလဲမှု ဖြစ်ပေါ်ပြီး တစ်ကောင်နှင့်တစ်ကောင် ကွဲပြားကြသည်။ အချို့က ကြီးမားသည်။ အချို့က အဆိပ်ကို ထုတ်လွှတ်နိုင်သည်။ အချို့က အလွန် လျင်မြန်သည်။ အချို့က ဒြပ်စင်များကိုပင် ထိန်းချုပ် နိုင်သည်။ အမွှာများပင်လျှင် သန္ဓေပြောင်းပြီးနောက် တစ်ကောင်နှင့်တစ်ကောင် လုံးဝ ကွဲပြားသွားကြသည်။

စစ်ဆေးရေးဂိတ် အမှတ် (၆၂) ကို လသားရဲများက သိမ်းပိုက်ထားသည်။ လသားရဲများသည် ယုန်နှင့် ခပ်ဆင်ဆင်တူသော နားရွက်ရှည် ရှိသည့် မွန်းစတားအမျိုးအစား ဖြစ်သည်။ ကြောင်ခြေသည်းများနှင့် တူသော ချွန်ထက်သည့်

ခြေသည်းများနှင့် အစွယ်များ ရှိသည်။ ၎င်း၏ ခန္ဓာကိုယ်မှာ များသောအားဖြင့် နှစ်မီတာမှ သုံးမီတာအထိ ရှည်လျားသည်။ ပေါက်ကွဲနိုင်သော စွမ်းအားနှင့်အရှိန် ရှိပြီး တစ်ချိန်တည်းမှာပင် ကြီးမားသော ခွန်အားကို ပိုင်ဆိုင်ထားသည်။

၎င်းသည် အလွန်အားကောင်းသော ခံစစ် စွမ်းရည်ရှိပြီး အနီးကပ် တိုက်ခိုက်မှုကို ကျွမ်းကျင်ကြသည်။ လရောင်ကို စုပ်ယူနိုင်ပြီး တိုက်ခိုက်ရေးအင်အား တိုးပွားလာကာ သောင်းကျန်းမှု အပြောက်အများကို လုပ်ဆောင်နိုင်သည်။

မွန်းစတား သုံးမျိုးလုံးသည် ကိုင်တွယ်ရန် မလွယ်ကူပေ။ သို့တိုင်အောင် လင်းဟွမ်သည် မွန်းစတားအုပ်ကြီးနှင့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သေးသည်။

လင်းဟွမ်က စစ်ဆေးရေးဂိတ် အမှတ် (၅၅) ရှိ လျှို့ဝှက် သစ်တောထဲကို ပြန်လာခဲ့ပြီး သွေးရဲရဲလေးနှင့်အတူ မွန်စတားအုပ်ကြီး ရောက်လာမည့် အချိန်ကို စောင့်ဆိုင်းနေခဲ့သည်။

စစ်ဆေးရေးဂိတ် အမှတ် (၅၅) မှ လူများသည် ဦးဆောင်သူ စာရင်းပေါ်က လင်းဟွမ်နာမည်

လင်းနေသေးသည်ကို မြင်လျှင် စတင် ဆွေးနွေး လာကြသည်။

"ကောင်းကင်က မှောင်နေပြီ၊ မွန်းစတား အုပ်ကြီးကလည်း ရောက်လာတော့မယ်။ လင်းရှိက ထွက်မလာသေးဘူးလား...."

"သူရထားတဲ့ အမှတ်တွေအရတော့ (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်မှာပဲ ရှိရမှာ။ လူသားတွေ စုဝေးတဲ့ နေရာကို မပြန်သေးဘူးလား။ မွန်းစတာတွေကို သူ့ဘာသာ တစ်ယောက်တည်း တိုက်ခိုက်ချင်နေတာများ ဖြစ်နေမလား..."

"သူ လှည့်စားတာပဲ ဖြစ်ရမယ်။ ဘာဖြစ်လို့ ပြန်လာပြီး ငါတို့နဲ့အတူ မွန်းစတားအုပ်ကြီးကို တိုက်ခိုက်မှာလဲ။ သူလှည့်စားနေတာကို ငါတို့ မမြင်စေချင်လို့ပေါ့ကွာ….."

ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့မှ လူများလည်း တစ်ခုခု မှားနေကြောင်း မကြာခင် သတိထားမိသွားသည်။

"လင်းရှီ ဘာလုပ်နေတာလဲ။ မွန်းစတားအုပ်ကြီး ရောက်လာတော့မယ်။ အမှတ် စုဆောင်းဖို့ လုပ်နေတုန်းလား….."

"ပျားအုပ်ကြီး ဝိုင်းတုပ်တာ ခံရပြီး ပြန် မထွက်နိုင်သေးတာပဲ ဖြစ်ရမယ်…."

"တကယ်လို့ သူသေသွားရင် အရှုံးကို ခံနိုင်ရည် ရှိရလိမ့်မယ်။ အခုလက်ရှိ သူရထားတဲ့ အမှတ် သန်း (၂၀၀) ထဲက အမှတ်တစ်ဝက် ဆုံးရှုံးလိမ့်မယ်......"

ကြယ်လမ်းစဉ် သစ်ပင်၊ အမှတ် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ရှိ လျှို့ဝှက်သစ်တောထဲသို့ ပြင်ပမှ သက်ရှိများ ဝင်လာသည်နှင့် ၎င်းတို့၏ ခန္ဓာကိုယ်များသည် အဆ တစ်ထောင် သေးငယ်သွားကြသည်။

ထို့ကြောင့် လင်းဟွမ်နှင့် ကျန်သည့် မွန်းစတားများအတွက် မြက်ပင်များ၊ ပန်းပွင့်များ သို့မဟုတ် အခေါက်များနှင့် အကွဲကြောင်းများထဲတွင်

ပုန်းအောင်းရန် နေရာများစွာ ရှိနေသည်။ ယင်းက သူတို့ အမဲလိုက်ခြင်းကို ပိုမို အဆင်ပြေစေသည်။

ထိုအချိန်၌ လင်းဟွမ်နှင့် ကျန်သည့် မွန်းစတားများသည် အခေါက်များကြားမှ အပေါက် တစ်ခုထဲတွင် ပုန်းအောင်းနေကြပြီး မွန်းစတားများ ပေါ်လာမည့်အချိန်ကို စိတ်ရှည်စွာ စောင့်ဆိုင်း နေကြသည်။

ည (၇) နာရီ မိနစ် (၂၀) ခန့်တွင် ကောင်းကင်ကြီး လုံးဝ မဲမှောင်သွားသည်။ မကြာခင် မွန်းစတားအုပ်ကြီး ရောက်လာတော့မည် ဖြစ်ကြောင်း လင်းဟွမ် သိလိုက်သည်။

နာရီဝက်ခန့် ကြာပြီးနောက် လင်းဟွမ်သည် အဝေးမှ ကျယ်လောင်သော အသံများကို ကြားလိုက်ရသည်။ မကြာခင် အသံများက လျင်မြန်စွာ နီးကပ်လာသည်။

"ဒါက တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေပဲ...။ သူတို့ရဲ့ ခန္ဓာကိုယ် အရွယ်အစားကို လျှော့ချပြီး နေရာအနှံ့ ပြန့်ကျဲနေတဲ့ပုံပဲ။ လုပ်သားပျား အရေအတွက် ငါးသောင်းလောက်တော့ ရှိမယ်ထင်တယ်။"

လင်းဟွမ်သည် စိတ်စွမ်းအားဖြင့် သူနှင့် ကီလိုမီတာ အနည်းငယ် ဝေးကွာသောနေရာတွင် ဖြစ်ပျက်နေသည့် အရာများကို ပြောပြနိုင်သည်။

"ငါရဲ့ ထောက်လှမ်းမှု သက်ရောက်တဲ့ နေရာအတွင်းမှာတော့ တခြား မွန်းစတားတွေကို အခုချိန်အထိ ရှာမတွေ့သေးဘူး။ ဒါပေမဲ့ ငါတို့ အမြန်လုပ်ဖို့ လိုတယ်။ ဒီလိုမှမဟုတ်ရင် နောက်က မွန်းစတားအုပ်ကြီး လိုက်မှီလာလိမ့်မယ်...."

"အားလုံးပဲ အစွမ်းကုန် တိုက်ခိုက်ဖို့ အသင့် ပြင်ထားကြ။ ရန်သူအားလုံးကို အတတ်နိုင်ဆုံးနဲ့ အမြန်ဆုံး သတ်ပစ်ဖို့ ကြိုးစား...။ ပျားတွေကို သတ်ပြီးရင် ငါတို့တွေ နေရာရွှေ့ကြမယ်..."

သွေးရဲရဲလေးက ထောင်သောင်းချီသော မွန်းစတားအုပ်ကြီးနှင့် တိုက်ခိုက်ပါက လက်တွေ့

မကျကြောင်း အစောပိုင်းတွင် လင်းဟွမ်နှင့် ဆွေးနွေးခဲ့သည်။ ထို့ကြောင့် လျှို့ဝှက်သစ်တော၏ မြေမျက်နှာ အသွင်ပြင်ကို အသုံးချ၍ ပြောက်ကျား နည်းစနစ်နှင့် တိုက်ခိုက်ရန် ကြံစည်ခဲ့သည်။

သူတို့က တိုက်ပွဲအတွင်းတွင် လျှင်မြန်စွာ လှုပ်ရှားပြီး မွန်းစတားများကို တတ်နိုင်မျှ အမြန်ဆုံး ဖယ်ရှားရန် ကြိုးစားကြမည်။

"အပြင်ဘက်က ဖြစ်ပျက်နေတာတွေကို ငါ သတိထားလိုက်မယ်။ ချဉ်းကပ်လာတဲ့ မွန်းစတားတွေ ရှိရင် ငါတို့အတွက် အန္တရာယ် ဖြစ်နိုင်မလားဆိုတာ ငါ

ဆုံးဖြတ်မယ်။ ဖြစ်နိုင်ရင် မင်းတို့ကို ကတ်ပုံစံ ပြန်သိမ်းမယ်။"

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် အချင်းချင်း ဆွေးနွေးပြီးနောက် နည်းဗျူဟာတစ်ခု ထွက်လာသည်။

ပိုင်နှင့် ကျန်မွန်းစတားများကလည်း မကန့်ကွက်ကြပေ။ သူတို့၏ အစွမ်းအရ မွန်းစတားအားလုံးကို ကိုင်တွယ်နိုင်စွမ်း မရှိကြောင်း ရှင်းရှင်းလင်းလင်း သိနေကြသည်။

ခဏအကြာ လင်းဟွမ်နှင့် ကျန်သည့်မွန်းစတားများ ရှေ့တွင် ပျားများ ပေါ်လာသည်။

"တိုက်...."

ပိုင်နှင့် ကျန်သည့် မွန်းစတားများသည် သွေးရဲရဲလေး၏ ညွှန်ကြားချက်ကို ကြားသည်နှင့် ပျားနတ်ဆိုးများထံ ချက်ချင်း ပြေးသွားကြသည်။

ချောကလက်လေးက မူလအရွယ်အစား ပြန်ပြောင်းလိုက်သည်။ အဆတစ်ထောင် သေးငယ်သွားသော်လည်း လေးမီတာခန့် မြင့်နေသောကြောင့် အလွန်ကြီးမားနေသေးသည်။

အနက်ရောင် နဂါးကြီးက ပါးစပ်ကို ဖွင့်လိုက်သည်နှင့် မီးတောက်မီးလျှံများက ပျားနတ်ဆိုးများထံ ပြေးဝင်သွားသည်။

နဂါးမီးတောက်များ စွန်းထင်းသွားသည်နှင့် ငြိမ်းသတ်ရန် မလွယ်ကူပေ။

ချောကလက်လေးက အဆင့်မြင့် နဂါးသွေးမျိုးစပ် ဖြစ်သည်။ နဂါးမီးတောက်များကြောင့် အင်ပါယာအဆင့်ပင် စော်ကားဝံ့မည် မဟုတ်ချေ။ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့၏ အကြီးအကဲ ချန်းသွမ်ပင် နဂါးမီးတောက်များနှင့် အထိမခံချင်ပေ။

လန်စန်လော့က သူ့၏ ဓားနယ်မြေကို အပြည့်အဝ အသုံးချနေသည်။ ထောင်ပေါင်းများစွာသော အနက်ရောင် ဓားရှည်များက ရေကန်ထဲမှ ငါးများကဲ့သို့ ပျားနတ်ဆိုးများထံ ထိုးဖောက် ဝင်ရောက်နေကြသည်။

သူ၏ တိုက်ခိုက်ရေးအစွမ်းကို အင်မော်တယ် အဆင့် (၄)က ကန့်သတ်ထားသော်လည်း ပျားနတ်ဆိုးများကို အလွယ်တကူ တိုက်ခိုက်နိုင်သေးသည်။

ပိုင်၏ တိုက်ခိုက်မှုကမူ အနုပညာ ဖျော်ဖြေမှု တစ်ခုကဲ့သို့ပင်...။ အပိုလှုပ်ရှားမှု မရှိပေ....။ တိုက်ခိုက်ရေး ပျားနတ်ဆိုး အနည်းငယ်ကို ဒုတိယအကြိမ် တိုက်ခိုက်ခြင်း မရှိဘဲ ခန္ဓာကိုယ်တစ်ဝက်မှ ဖြတ်တောက်နိုင်သည်။ သူက အင်မော်တယ်အဆင့် (၄) မှာသာ ရှိသော်လည်း အင်မော်တယ် အဆင့် (၉) ပျားနတ်ဆိုးများနှင့် ရင်ဆိုင်နေရ စေကာမူ တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို

ဟင်းသီးဟင်းရွက် လှီးသကဲ့သို့ အလွယ်တကူ လှီးဖြတ်နေသည်။

ကျန်သည့် မွန်းစတားများနှင့်ယှဥ်လျှင် ရုပ်ဆိုး လူရှင်တော်က အသက်သာဆုံးပင် ဖြစ်သည်။ သူက တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို အေးအေးဆေးဆေး ဖြတ်ကျော်သွားပြီး သူ ဖြတ်ကျော်သွားတိုင်း ပရမ်းပတာ ဖြစ်ကျန်ရစ်ခဲ့သည်။

ပျားနတ်ဆိုးများသည် ရုပ်ဆိုး လူရှင်တော်ကို မမြင်နိုင်ရုံသာမက ရှူးသွပ်သွားပြီး အချင်းချင်း တိုက်ခိုက်နေကြသည်။

ပိုင် နှင့် ကျန်သည့်မွန်းစတားများ အပြင် လင်းဟွမ်ကလည်း ပျားနတ်ဆိုးများကို တတ်နိုင်သမျှ အမြန်ဆုံး ဖယ်ရှားနိုင်ရန် တိုက်ပွဲထဲ ပါဝင်လာခဲ့သည်။

အထွတ်အထိပ် စိတ်ဝိညာဉ် လက်နက်သုံးမျိုးနှင့် ထောင်ပေါင်းများစွာသော ပေါက် ခါးမြှောင်များသည် လေထဲ ပြေးလွှားနေကြသည်။ လင်းဟွမ်က စိတ်ဝိညာဉ် လက်နက်များကို စိတ်စွမ်းအားနှင့် ထိန်းချုပ်ထားပြီး ပျားနတ်ဆိုးများ၏ ခန္ဓာကိုယ်ကို ထိုးဖောက်နေသည်။

လင်းဟွမ်သည် အသွင်ပြောင်းကတ်ကို အသုံးမပြုဘဲ ရှေးဟောင်း စိတ်ဝိညာဉ် လက်နက်များကို လွှမ်းမိုးနိုင်၏။ ပေါက်ခါးမြှောင်များ၏ စွမ်းအားသည်

ယခင်ကထက် များစွာ အားနည်းနေသော်လည်း အင်မော်တယ် အဆင့် (၇) နှင့် အဆင့် (၈) တို့ကို သတ်နိုင်စွမ်း ရှိသေးသည်။ အင်မော်တယ် အဆင့် (၉)များကို တစ်ချက်တည်း မသတ်နိုင်သော်လည်း ဒဏ်ရာပြင်းထန်စွာ ရသွားစေပြီး ကိုင်လီနှင့် ကျန်သည့်မွန်းစတားများ သတ်ဖြတ်ရန်အတွက် ပိုမို အဆင်ပြေစေသည်။

တိုက်ပွဲမပြီးခင် မိနစ် (၂၀) ခန့် ကြာမြင့်ခဲ့သည်။ တိုက်ခိုက်ရေး ပျားနတ်ဆိုးများ အမြစ်ပြတ် မရှင်းလင်း နိုင်သေးခင် လင်းဟွမ်သည် ရုတ်တရက် ခေါင်းမော့ပြီး

မျက်မှောင်ကြုတ်ကာ လျှို့ဝှက်သစ်တော၏ နယ်နိမိတ်ဘက်သို့ ကြည့်လိုက်သည်။

"လသားရဲလား....."

လင်းဟွမ်က စိတ်စွမ်းအားကို အသုံးပြု၍ လသားရဲ အများအပြားသည် (၅၅) နှင့် (၅၆) ခုမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်၍ လျှို့ဝှက်သစ်တောထံ ဦးတည်လာနေကြောင်း မြင်နေရသည်။

## အခန်း(၇၈၆) - ထူးချွန်သော ပိုင်။

"ဟော့ မြန်မြန်လုပ်... မြန်မြန်လုပ်.. လသားရဲတွေ လျှို့ဝှက်သစ်တောထဲ ဝင်လာနေပြီ.."

လင်းဟွမ်က ပိုင်၊ သွေးရဲရဲလေးနှင့် ကျန်သည့် မွန်းစတားများကို ချက်ချင်း အသိပေးလိုက်သည်။

"စိတ်မပူနဲ့.. ငါတို့က သစ်တောနယ်နိမိတ်နဲ့ (၃.၃) ကီလိုမီတာ ဝေးတယ်..။ ပုံမှန် အခြေအနေမှာဆိုရင် လသားရဲတွေက (၃) ကီလိုမီတာ၊ (၄) ကီလိုမီတာ အကွာအဝေးကို မျက်စိ တစ်မှိတ်အတွင်း သွားနိုင်ပေမယ့်

ဒီနေရာမှာ သူတို့ရဲ့ အရွယ်အစားကို အဆ တစ်ထောင်လောက် ဖိနှိပ်ထားလို့ လသားရဲတွေက ဒီကိုရောက်ဖို့ အနည်းဆုံး မိနစ် (၄၀) လောက် လိုအုံးမှာ..”

သွေးရဲရဲလေးက သူတို့ တိုက်ပွဲဝင်ရန်အတွက် အချိန် လုံလောက်သည်ဟု ထင်သည်။

“ငါ သိတယ်။ ဒါပေမယ့် ပျားအုပ်ကို တတ်နိုင်သလောက် အမြန်ဆုံး ဖယ်ရှားပစ်တာ ပိုကောင်းတယ်။ ငါတို့မှာ အချိန်ပိုရရင် ပိုပြီး ပြင်ဆင်နိုင်တာပေါ့..”

လင်းဟွမ်က ခေါင်းညိတ်လိုက်သည်။

“လသားရဲတွေရဲ့ တိုက်ခိုက်ရေး အစွမ်းက တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေထက် အများကြီး ပိုသန်မာတယ်။ နောက်ပြီးတော့ တိုက်ခိုက်ရေး ပျားနတ်ဆိုးထက်လည်း အရေအတွက် ပိုများတယ်။ အနည်းဆုံး ငါးသောင်းလောက် ရှိမယ်။ ငါတို့မှာ အစီစဉ်မရှိရင် ထိပ်တိုက် ရင်ဆိုင်ရလိမ့်မယ်။ ဒါဆိုရင် အကုန်လုံး ရှင်းပစ်ဖို့ ခက်သွားလိမ့်မယ်”

“ဒါတော့ အမှန်ပဲ..”

သွေးရဲရဲလေးက လင်းပွှမ်စကားကို ထောက်ခံ လိုက်သည်။

လသားရဲ၏ စွမ်းရည်က ပျားစောင့်ရှောက်သူများ ထက် အနည်းငယ် အားနည်းသော်လည်း သာမန် တိုက်ခိုက်ရေး ပျားနတ်ဆိုးများထက် အများကြီး ပိုအားကောင်း၏။

လသားရဲများသည် မသောင်းကျန်းခင် တိုက်ခိုက်ရေး ပျားနတ်ဆိုး သုံးကောင်ကို တိုက်ခိုက်နိုင်စွမ်း ရှိသည်။ အကယ်၍ ဒေါ်သူပုန် ထလာပါက လသားရဲ တစ်ကောင်သည် တိုက်ခိုက်ရေး ပျားနတ်ဆိုး ဆယ်ကောင်ကို တိုက်ခိုက်နိုင်သည်။ သူတို့တွင် သန်မာသော ခုခံကာကွယ်မှု ရှိသောကြောင့်

တိုက်ခိုက်ရေး ပျားနတ်ဆိုးကို သတ်ရသည်ထက် ပို ခက်သည်။

"ထောင်ချောက်တွေ အများကြီး ချထားဖို့ လူ့ရွှင်တော်ကို တောင်းဆိုချင်တယ်။ ဒါပေမယ့် အဲ့ဒီထောင်ချောက်တွေ ပြင်ဆင်ဖို့တော့ အချိန်တစ်ခု ပေးရလိမ့်မယ်။ မိနစ် လေး၊ ငါးဆယ်လောက်နဲ့ မလုံလောက်ဘူး.."

လင်းဟွမ်က သူ့အစီအစဉ်ကို ထုတ်ပြောလိုက်သည်။ သို့သော်လည်း သူ့အကြံအစည်က လိုချင်သောရလဒ်ကို ရရှိအောင် အကောင်အထည် ဖော်နိုင်ပါ့မလား ဆိုသည်ကို အတည်မပြုနိုင်ပေ။

"မင်းမှာ ပိုကောင်းတဲ့အကြံ ရှိသေးလား"

"မင်းရဲ့အကြံက အချိန် ကုန်လွန်းတယ်။ နောက်ပြီးတော့ ရုပ်ဆိုးက ထောင်ချောက် အများကြီး ဆင်ထားရင်တောင် ထိခိုက်မှုက အကန့်အသတ် ရှိလိမ့်မယ်။ တကယ်လို့ ရုပ်ဆိုးက အင်မော်တယ်အဆင့် (၉) ဖြစ်နေမယ်ဆိုရင် လသားရဲတွေကို အလွယ်တကူ သတ်ပစ်နိုင်ပေမယ့် အခုတော့ အင်မော်တယ် အဆင့် (၄)ပဲ ရှိသေးတယ်.."

သွေးရဲရဲလေးက ထိုအစီအစဉ်ကို ချက်ချင်း ကန့်ကွက်သည်။ ထို့နောက် သူ၏ ကိုယ်ပိုင် အစီအစဉ်တစ်ခုကို ထုတ်ပြောလိုက်သည်။

"အဲ့ဒီလောက် ဒုက္ခခံစရာ မလိုဘူး။ လျှို့ဝှက်သစ်တောထဲမှာ အန္တရာယ်ရှိတဲ့ နေရာတွေ အများကြီးပဲ။ ငါတို့က အဲ့ဒီနေရာတွေကို ရှောင်ခဲ့ပြီးပြီ။ ဒီတစ်ကြိမ်မှာတော့ ကောင်းကောင်းလေး အသုံးချဖို့ အချိန်တန်ပြီ။ မွန်းစတားအုပ်ကြီးကို အဲ့ဒီနေရာတွေ ရောက်အောင် မျှားခေါ်သွားကြမယ်။ သူတို့ရဲ့ ခွန်အားတွေ ကုန်ခမ်းသွားပြီဆိုမှ အားလုံးကို တစ်ချက်တည်း အပိုင် ဖမ်းရမယ်.."

"လသားရဲတွေက လှည့်စားခံရမယ်လို့ မင်း ထင်နေတာလား.."

လင်းဟွမ်က စိုးရိမ်နေသေးသည်။

"လသားရဲတွေက မပါးနပ်ပါဘူး။ အားလုံးက ငတုံးတွေ.. ဦးနှောက်မဲ့တယ်.. သူတို့ကို ရန်စပြီး မျှားခေါ်ရင် သေချာပေါက် တိုက်ခိုက်လိမ့်မယ်.."

သွေးရဲရဲလေးက ယုံကြည်ချက်ရှိစွာ ပြောလိုက်သည်။

"ငါးစာလား.."

လင်းဟွမ်သည် သွေးရဲရဲလေး စကားကိုကြားလျှင် မျက်မှောင်ကြုတ်သွားသည်။ သွေးရဲရဲလေးက စကားဆက်မပြောဘဲ ပျားနတ်ဆိုးများနှင့် တိုက်ခိုက်နေသော ကိုင်လီဘက်သို့ လှည့်ကြည့်လိုက်သည်။

လင်းဟွမ်သည် သွေးရဲရဲလေး၏ အစီအစဉ်ကို ချက်ချင်း သဘောပေါက်ပြီး တိတ်ဆိတ်သွားသည်။

“မိုးကြိုးနဲ့ သူမရဲ့ အမြန်နှုန်းကပဲ လသားရဲတွေရဲ့ အမြန်နှုန်းနဲ့ ယှဉ်နိုင်တယ်။ နောက်ပြီးတော့ လသားရဲတွေမှာ အမြန်နှုန်း အပြင် ကြောက်စရာကောင်းတဲ့ ပေါက်ကွဲနိုင်စွမ်းလည်း ရှိသေးတယ်။ သူတို့ရဲ့အရှိန်ကို ဆတိုးကိန်းနဲ့ မြှင့်နိုင်တယ်.. မိုးကြိုးထက်စာရင် ငါးစာ လုပ်ဖို့ ပိုသင့်တော်တယ်..”

သို့သော်လည်း သွေးရဲရဲလေးက ကိုင်လီ၏နာမည်ကို ထုတ် မပြောပေ။

လင်းပျွမ်သည် ခါတိုင်းကဲ့သို့ တိတ်ဆိတ်နေသည်။

ကိုင်လီ၏အရှိန်က မည်မျှပင် မြန်ဆန်စေကာမူ သူမတစ်ယောက်တည်း ငါးစာအဖြစ် လုပ်ခိုင်းခြင်းက အန္တရာယ် များလွန်းသည်။ အမှားတစ်ချက် လုပ်မိလျှင် သူမကို မွန်းစတားအုပ်ကြီးက ဝိုင်းသွားပြီး အပိုင်းပိုင်း ဖြစ်အောင် ဖြတ်တောက်ပစ်လိမ့်မည်။ ထို့အပြင် သူမက လသားရဲများကို အန္တရာယ်ရှိသည့်နေရာထဲ မျှားခေါ် သွားမည်ဆိုပါက အန္တရာယ်ဇုန်ထဲ ဝင်ရအုံးမည်။

“ငါ ငါးစာ လုပ်မယ်..”

ကိုင်လီက သူတို့နှစ်ယောက်ရှေ့တွင် ရုတ်တရက် ပေါ်လာပြီး သူမကိုယ်သူမ ရှင်းရှင်းလင်းလင်း ထောက်ခံနေသည်။

သွေးရဲရဲလေးက တိတ်ဆိတ်နေပြီး ကိုင်လီနှင့် လျှို့ဝှက်မဆက်သွယ်ခဲ့ပေ။ ထိုအစား သူမက သူတို့၏ စကားဝိုင်းကို ကြားပြီး အဆိုပြုနေခြင်းသာ......

လင်းဟွမ်က ဆုံးဖြတ်ရ ခက်နေသည်ကို မြင်သောကြောင့် သူမက ထုတ်ပြောလိုက်ခြင်းပင်.....။

လင်းဟွမ် တိတ်ဆိတ်နေသေးသည်ကို မြင်လျှင် ကိုင်လီက

"ငါ့အတွက် အဆင်ပြေတယ်"

"ဒါဆိုလည်း ကောင်းပြီလေ.."

နောက်ဆုံး၌ လင်းဟွမ်က ပြောလိုက်သည်။

“ဒီတာဝန်ကို မင်းကိုပဲ စွန့်စားခိုင်းရမယ်။ ဒါပေမယ့် ကျေးဇူးပြုပြီး သတိတော့ထားကွာ..”

ကိုင်လီက ခေါင်းညိတ်လိုက်ပြီး အခြား မည်သည့်စကားမှ ထပ်မပြောတော့ချေ။ ထို့နောက် စစ်မြေပြင် ပြန်သွားပြီး ကျန်ရှိနေသော တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို သတ်ပစ်နေသည်။

“မင်းက လသားရဲတွေကို ဘယ်လို မျှားခေါ်မှာလဲ..”

လင်းဟွမ်က ခေါင်းလှည့်ပြီး သွေးရဲရဲလေးကို ကြည့်ကာ မေးလိုက်သည်။

“ငါတို့နဲ့ (၂) မီတာလောက် ဝေးတဲ့နေရာမှာ ကြမ်းတမ်း ညောင်မုတ်ဆိတ်ပင် ရှိတယ်..”

သွေးရဲရဲလေးတွင် အစီအစဉ်တစ်ခု ရှိနေသည်။

“ကြမ်းတမ်း ညောင်မုတ်ဆိတ်လား.. ဟာ.... ဒါက အန္တရာယ် များလွန်းတယ်..”

လင်းဟွမ်သည် မျက်မှောင် ကြုတ်သွားပြီး ခေါင်းမော့ကာ ကိုင်လီကို လှမ်းကြည့်ပြီး သူမအတွက် စိတ်ပူနေသည်။

“ငါတို့မှာ တခြားရွေးချယ်စရာ မရှိဘူး။ စွန့်စားမှု တချို့တော့ လုပ်ရမှာပဲ။ ငါတို့ရဲ့ (၂) ကီလိုမီတာ အကွာမှာရှိတဲ့ ကြမ်းတမ်းညောင်မုတ်ဆိတ်က လသားရဲတွေကို တိုက်ခိုက်ဖို့ အသင့်တော်ဆုံးပဲ..”

ကြမ်းတမ်း ညှောင်မှုတ်ဆိတ်က သာမန်မိုးမခပင်နှင့် တူသည်။ လသားရဲများ သတိဝင်သွားနိုင်သည့် စွမ်းအင်အတက်အကျ မရှိသဖြင့် စိုးရိမ်စရာ မလိုပေ။ သူတို့က အတော်လေး ပါးနပ်ကြသည်။ သာမန် သားကောင်က သူတို့ပိုင်နက်ထဲ နက်နက်ရှိုင်းရှိုင်း မဝင်လာသေးပါက တိုက်ခိုက်ကြမည် မဟုတ်ချေ။ လသားရဲများ တစ်ခုခုမှားနေပြီဟု သိလိုက်သည့်အချိန်၌ မွန်းစတားအုပ်ကြီးက သူတို့ပိုင်သည့် တောနက်ထဲ ရောက်နေပြီးသား ဖြစ်နိုင်သည်။

"ကြမ်းတမ်း ညှောင်မှုတ်ဆိတ်ရဲ့ စွမ်းရည်က သစ်ကိုင်းတွေ အများကြီး ခွဲထွက်ပြီးတော့ လသားရဲတွေရဲ့

လှုပ်ရှားမှုနဲ့ ခွန်အားကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်ထားနိုင်တယ်။ နောက်ပြီးတော့ ကိုင်လီရဲ့ အရှိန်ကလည်း အရမ်းမြန်တော့ လွတ်မြောက်ဖို့ မခက်လောက်ဘူး..”

လင်းဟွမ်က ခေါင်းညိတ်ရုံသာ ညိတ်ခဲ့ပြီး အခြား မည်သည့်စကားမှ မပြောပေ။ ခဏအကြာ ပျားအုပ်ကြီးကို ရှင်းလင်း၍ ပြီးသွားခဲ့သည်။

လင်းဟွမ်သည် ပိုင်နှင့် ကျန်သည့်မွန်းစတားများကို ပြန်စုစည်းလိုက်သည်။

သွေးရဲရဲလေးက ကိုင်လီကို ဘေးဆွဲခေါ်ပြီး တိုးတိုးလေး ပြောနေသည်။ သူတို့ နှစ်ယောက်ကြား

စကား ပြောပြီးသောအခါ အဖွဲ့နှင့် ပြန်ပူးပေါင်းကြသည်။

"ကိုင်လီက ကျေးဇူးပြုပြီး နေခဲ့။ ကျန်တဲ့လူတွေက ငါ့နောက် လိုက်ပြီးတော့ ကြမ်းတမ်းညောင်မုတ်ဆိတ် အပြင်ဘက်မှာ ချောင်းမြောင်းဖို့ စောင့်မယ်။ ငါတို့ သွားနေရင်းနဲ့ အသေးစိတ် အချက်အလက်တွေကို နောက်ပိုင်းမှာ ရှင်းပြမယ်.."

သွေးရဲရဲလေးက ထိုအချက်မှလွဲ၍ ဘာမှမပြောပေ။ ထို့နောက် နွယ်ပင်ပုံစံ ပြောင်းပြီး လင်းဟွမ်၏ ညာဘက်လက်တွင် ရစ်ခွေလိုက်သည်။

"ငါ့နောက် လိုက်ခဲ့.."

လင်းဟွမ်သည် ထိုစကားသာပြောပြီး နှစ်ဆတိုး အရှိန်ကို အသက်သွင်းကာ ကြမ်းတမ်း ညောင်မုတ်ဆိတ်ထံ ဦးတည် ထွက်သွားသည်။

ပိုင်နှင့် ကျန်သည့် မွန်းစတားများက လင်းဟွမ်နောက်မှ ချက်ချင်း လိုက်ပါသွားကြသည်။ ကိုင်လီတစ်ကောင်တည်းသာ ကျန်ရစ်ခဲ့ပြီး ထွက်သွားသောလူများကို စောင့်ကြည့် နေခဲ့သည်။

လင်းဟွမ်နှင့် ကျန်သည့်မွန်းစတားများ ပျောက်ကွယ် သွားပြီးနောက် ကိုင်လီက အနက်ရောင် အလင်းတန်းအဖြစ် ပြောင်းလဲကာ အခြားတစ်ဖက်သို့ ဦးတည် ပျံသန်းသွားသည်။

နာရီဝက်ခန့် ကြာပြီးနောက် နောက်ဆုံးတွင် လင်းဟွမ်နှင့် ကျန်သည့် မွန်းစတားများသည် ကြမ်းတမ်းညောင်မုတ်ဆိတ်ထံ ရောက်ရှိလာကြသည်။

လင်းဟွမ်သည် ကြမ်းတမ်းညောင်မုတ်ဆိတ်ပင်များကို မြင်နေရသော်လည်း စိတ်စွမ်းအားနှင့် အာရုံခံကြည့်ရာ မည်သည့် ထူးခြားချက်ကိုမှ အာရုံခံ၍ မရပေ။

ကြမ်းတမ်းညောင် မုတ်ဆိတ်ပင်ကို ကြည့်ရသည်မှာ သာမန် မိုးမခပင်နှင့် တူနေသည်။ အကယ်၍ ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ထောက်ပံ့သော အချက်အလက်ထဲတွင် ကြမ်းတမ်း

ညောင်မှတ်ဆိတ်အကြောင်း မပါပါက လင်းဟွမ် မဆိုထားနှင့် သွေးရဲရဲလေးပင် ဤသစ်တော၏ ထူးခြားချက်ကို သတိထားမိလိမ့်မည် မဟုတ်ချေ။

အေးချမ်းနေသော သစ်တောကို လေ့လာပြီးနောက် ချောကလက်လေးက ပြောလိုက်သည်။

"ကြည့်ရတာ သာမန် အပင်လိုပဲနော်.."

"သတိထား.. ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့က ပေးတဲ့ အချက်အလက်တွေ အရတော့ ဒီနေရာကို စတွေ့ပြီးကတည်းက ဒီသစ်တောထဲမှာ အနည်းဆုံး လူ (၅၀) လောက် သေခဲ့ပြီးပြီ။ သူတို့ကို ကြယ်လမ်းစဉ်သစ်ပင်ရဲ့ ပထမဦးဆုံး စစ်ဆေးရေးဂိတ်ကို

ပြန်ပို့ခဲ့တယ်။ နောက်ပြီးတော့ ဒီနေရာထိ ရောက်လာတဲ့ လူတွေက (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်နိုင်တဲ့ အထွတ်အထိပ် ပါရမီရှင်တွေချည်းပဲ။ အဲ့ဒါကို မင်း မှတ်ထား..”

လင်းဟွမ်က သတိပေးလိုက်သည်။

လင်းဟွမ်၏စကားကို နားထောင်ပြီးနောက် ပိုင်၏ မျက်နှာအမူအရာက လေးနက်လာသည်။

ပါရမီရှင်သမဂ္ဂထဲတွင် (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို ရောက်နိုင်သည့်လူများက အနည်းဆုံး အင်မော်တယ် အဆင့် (၇) တွင် ရှိကြသည်။ ထိုပါရမီရှင်များ၏ တိုက်ခိုက်ရေး အဆင့်က

အင်ပါယာအဆင့်နှင့် ခြေတစ်လှမ်းသာ ဝေးကွာတော့သည်။

ပိုင်၏စွမ်းရည်က သူ့ထက် အဆင့် (၃) ဆင့်မြင့်သော ပါရမီရှင်နှင့် လက်ရည်တူသော်လည်း သူတို့ထက် အများကြီး အားနည်းသည်။

“ကိုင်လီက လသားရဲတွေဆီ ချဉ်းကပ်သွားပြီဆိုတော့ ငါတို့ ဒီက စောင့်ကြမယ်။ စောစောက ငါပြောထားတဲ့ အတိုင်း လုပ်..”

သွေးရဲရဲလေးက မျှော့မျိုးစေ့၏ စောင့်ကြည့်ရေးမျက်နှာပြင် မှတစ်ဆင့် ကိုင်လီကို စောင့်ကြည့်နေသည်။

ကီလိုမီတာများစွာ ဝေးကွာသော နေရာတွင် ကိုင်လီသည် လသားရဲအုပ်ကို တွေ့ပြီး ချက်ချင်း တိုက်ခိုက်လိုက်သည်။ သူမက ရာနှင့်ချီသော လသားရဲ တစ်အုပ်ကို လွှမ်းခြုံပြီး လျှပ်စစ်မိုးကြိုးများ ပစ်ခတ်လိုက်သည်။

လသားရဲများသည် နာကျင်မှု ဝေဒနာကြောင့် အော်ဟစ် ညည်းတွား သွားကြသည်။ လသားရဲတစ်ကောင်မှ အသတ် မခံရသော်လည်း ကိုင်လီက သူတို့၏ဒေါသကို အောင်မြင်စွာ ဆွနိုင်ခဲ့သည်။

ရာနှင့်ချီသော လသားရဲများသည် သူနောက်သို့ ဒေါသတကြီး ပြေးလိုက်လာကြသည်။

# အခန်း(၇၈၇) - သွေးရဲရဲလေး၏ လွဲမှားသော ဆုံးဖြတ်ချက်....

တာတို ပျံသန်းမှုတွင် ပေါက်ကွဲနိုင်သော ကိုင်လီ၏ အမြန်နှုန်းမှာ လင်းဟွမ်ပိုင်ဆိုင်သော မွန်းစတား အားလုံးထက် ကျော်လွန်သည်။ ပျံသန်းရာ၌ အားကောင်းသော မိုးကြိုးထက်ပင် ကိုင်လီက တာဝေး ပျံသန်းခြင်းတွင် ထူးချွန်နေသေးသည်။

အလွန်ပေါက်ကွဲအား ပြင်းထန်သော လသားရဲများနှင့် ရင်ဆိုင်ရသောအခါ ကိုင်လီက မိုးကြိုးထက်

သာလွန်အောင် လုပ်ဆောင်နိုင်စွမ်း ရှိသည်မှာ အထင်အရှားပင်။

အမှန်တကယ်လည်း ကိုင်လီက အထင်ကြီးစရာကောင်းသော အလုပ်တစ်ခုကို လုပ်ဆောင်ခဲ့သည်။

ကိုင်လီက လသားရဲများထက် (၁၀) ရာခိုင်နှုန်းသာ ပိုမြန်အောင် ပြေးနေသည်။ လသားရဲများသည် အရှိန်မြှင့်တင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း ကိုင်လီသည် လသားရဲများနှင့် တစ်မီတာ အကွာအဝေးတွင်း ရောက်အောင်၊ လသားရဲများထက် (၁၀) ရာခိုင်နှုန်းသာ ပိုမြန်သောအရှိန်ကို ထိန်းသိမ်းထားခဲ့သည်။

အချို့ သားရဲများက ဒေါသူပုန်ထပြီး ကိုင်လီနောက်ကို လိုက်နေဆဲပင်....။

ကိုင်လီသည် လသားရဲများက သူမကို မြင်နိုင်သော အကွာအဝေးတွင် ထိန်းထားသော်လည်း လှမ်းတိုက်ခိုက်၍ ရသော အကွာအဝေးအတွင်း မရှိချေ။

လင်းဟွမ်နှင့် သွေးရဲရဲတို့က ကိုင်လီဘက်မှ အခြေအနေကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့ကြသည်။ ကိုင်လီ၏ အစွမ်းပြမှုကိုမြင်မှ စိတ်သက်သာရာ ရသွားကြသည်။

ရုတ်တရက် လင်းဟွမ် မျက်မှောင်ကြုတ်သွားသည်။

"လသားရဲတွေ နေးလာပြီ...။ ကိုင်လီနောက် လိုက်ဖို့ လက်လျှော့လိုက်တဲ့ပုံပဲ..."

သွေးရဲရဲလေးလည်း မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားသည်။

လသားရဲများသည် ကြောက်စရာကောင်းအောင် ဒေါသ ထွက်လွယ်ကြပြီး ဒေါသကြီးမားသော မွန်းစတားများ ဖြစ်ကြသည်။ သူတို့သည် အသိဉာဏ်နည်းသလို သာမန်အခြေအနေတွင် ရန်သူနောက်သို့ မရပ်မနား လိုက်တတ်ကြပြီး နောက်ဆုတ်ရန် မရွေးချယ် တတ်ကြပေ။

လသားရဲမျှားက ကိုင်လီကို ဖမ်းမိရန် ဖြစ်နိုင်ခြေနည်းကြောင်း သိသွားသောအခါ သည်းခံမှုပျောက်ဆုံးသွားပုံပင် ။ ထို့ကြောင့် ကိုင်လီနောက်ဆက်မလိုက်ကြတော့ပေ။

"သူမက ခရီးတစ်ဝက်တော့ လုပ်ပြီးပြီ… အခုဘာလုပ်သင့်လဲ…"

လင်းဟွမ်သည် ခေါင်းမော့ပြီး သွေးရဲရဲလေးကိုလှမ်းကြည့်လိုက်သည်။

"ကိုင်လီကို တိုက်ခိုက်ဖို့ ခိုင်းလိုက်….."

သွေးရဲရဲလေးက အကြံပြုလိုက်သည်။

"အဆင်ပြေပါ့မလား။ ကိုင်လီ့နောက်ကို မှီအောင် မလိုက်နိုင်ဘူးဆိုတာ သူတို့ သိနေပြီ…"

လင်းဟွမ်လည်း ဇဝေဇဝါ ဖြစ်နေသည်။

"ဒီတစ်ခါတော့ အလုပ်ဖြစ်ပေမယ့် နောက်တစ်ခေါက်မှာ အလုပ်ဖြစ်ပါဦး မလားတော့ မသိဘူး…"

သွေးရဲရဲလေးက ကိုင်လီ၏ ရန်စခြင်းကို ခံရပြီးနောက် ဆက်မလိုက်ရန် မမျှော်လင့်ထားပေ။

လင်းဟွမ်သည် သွေးရဲရဲလေးထံမှ အတည်ပြုချက် ရပြီးနောက် ကိုင်လီကို စိတ်စွမ်းအားနှင့် ချက်ချင်း

ဆက်သွယ်ကာ ဘာဆက်လုပ်ရမလဲ ညွှန်ကြား လိုက်သည်။

ကီလိုမီတာ အနည်းငယ် ကွားဝေးသော နေရာတွင် ရှိနေသည့် ကိုင်လီက လင်းဟွမ်စကားကို နားထောင်ပြီးနောက် လသားရဲမျှားထံ ပြန်လှည့် သွားသည်။ ထို့နောက် လသားရဲမျှားက အမှန်တကယ် အရှိန်လျှော့ချသွားကြောင်း သိလိုက်ရသည်။

သူမသည် ထပ်ခါတလဲလဲ လှောင်ပြောင် ရန်စ၍ မိုးကြိုးထိန်းချုပ်ခြင်းကို အသက် သွင်းလိုက်သည်။ ရာနှင့်ချီသော အနက်ရောင် မိုးကြိုးများကို ကောင်းကင်ပေါ်မှ ပစ်ချလိုက်သည်။

ယခုတစ်ကြိမ်သည် ကိုင်လီ၏ ပထမဦးဆုံး တိုက်ခိုက်မှုနှင့် နှိုင်းယှဉ်ပါက ပိုမို ကျယ်ပြန့်သော ဧရိယာသို့ လွှမ်းခြုံပြီး တိုက်ခိုက်လိုက်ခြင်းပင် ။ ထို့အပြင် ပိုလည်း အားကောင်းသည်။

လသားရဲ ငါးရာကျော်သည် နာကျင်စွာ အော်ဟစ်နေကြကာ သူတို့၏အမွေးများလည်း မီးလောင်၍ အညှော်နံ့များ ထွက်လာသည်။ သို့သော်လည်း ကိုင်လီသည် လသားရဲများကို မသတ်ခဲ့ပေ။ မည်သို့ပင်ဆိုစေကာမူ လသားရဲများသည် ဆင်ခြင်တုံတရား ပျောက်ကွယ်၍ ကိုင်လီနောက်ကို တရှူးရှူး တရှဲရှဲ နှာမှုတ်သံပေး၍ ရူးသွပ်စွာ လိုက်လာကြသည်။

ကိုင်လီ၏လုပ်ရပ်ကို မြင်လျှင် လင်းဟွမ်က လက်မ ထောင်ပြလိုက်သည်။

"အခုတော့ ဒီကောင်တွေ အကြီးအကျယ် ဒေါသထွက်နေပြီ..."

"မပေါက်သေးတဲ့ ဥကို ထည့်မတွက်နဲ့... ထိရောက်မှု ရှိပေမယ့် ကိုင်လီက သူတို့ကို ဒီနေရာထိရောက်အောင် ဆွဲခေါ်လာနိုင်ပါ့မလားဆိုတာ မသေချာသေးဘူး..."

သွေးရဲရဲလေးက အဆိုးမြင်စိတ်နှင့် ထောက်ပြလိုက်သည်။

လင်းဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် တစ်ခုခုကို ရုတ်တရက် သဘောပေါက်သွားသည်။

"ကိုင်လီက ပိုဆိုးအောင်လုပ်ဖို့ ကြိုးစားတိုင်း "အကျိုးသက်ရောက်မှု လျော့နည်း လာမယ်လို့ ပြောချင်တာလား..."

"ဟုတ်တယ်... လသားရဲတွေက ဉာဏ်နည်းတယ်၊ စိတ်ဆွနိုင်တယ် ဆိုပေမယ့် ထပ်ခါ တလဲလဲတော့ လှည့်ကွက်သုံးလို့ရမှာ မဟုတ်ဘူး။ ကိုင်လီနောက်ကို အမီမလိုက်နိုင်ဘူးလို့ အတည်ပြုနိုင်တယ် ဆိုတော့ သူတို့မှာ ဉာဏ်ပညာ ရှိတယ်။ ပစ်မှတ်က တိုက်ခိုက်လိုက်လို့ ဒေါသပေါက်ကွဲပြီး ခဏလောက်ပဲ ကျိုးကြောင်းဆင်ခြင်ဉာဏ် ပျောက်သွားလိမ့်မယ်... တိုက်ခိုက်တာ များလာလေလေ ဆင်ခြင်တုံတရား

ပိုအားကောင်းလာ လေလေပဲ... သူတို့ရဲ့ပစ်မှတ်ကို စွန့်လွှတ်လိုက်မယ့် အလားအလာက ပိုများလာမှာပဲ...”

သွေးရဲရဲလေးက ခေါင်းတညိတ်ညိတ်နှင့် အသေးစိတ် ရှင်းပြသည်။

“နောက်ပြီးတော့ ဒီတစ်ကျော့မှာ လသားရဲတွေက ပိုနည်းတဲ့ အချိန်အတွင်းမှာ ဆင်ခြင်ဉာဏ် ပြန်ဝင်လာတယ်... မကြာခင် ကိုင်လီနောက်ကို လိုက်တာက အသုံးမဝင်ဘူးဆိုတာ သူတို့ သိလာလိမ့်မယ်...”

“အဲ့ဒါဆို ငါတို့ ဘာလုပ်သင့်လဲ...”

လင်းဟွမ် မျက်မှောင်ကြုတ်နေသည်။

သွေးရဲရဲလေးသည် ကိုင်လီက လသားရဲများကို ဤနေရာထိ ရောက်အောင် မျှားခေါ်နိုင်ခြင်း ရှိ၊ မရှိအပေါ် သံသယဝင်နေရသည့် အကြောင်းအရင်းကို ထုတ်ပြောသောအခါ သူ နားလည်သွားသည်။

"အကောင်းဆုံးနည်းကတော့ ငါးစာ ပြောင်းတာပဲ..."

သွေးရဲရဲလေးတွင် အစီအစဉ်တစ်ခု ရှိနေသည်မှာ အထင်အရှားပင်။

"သူတို့က ကိုင်လီနောက် လိုက်ဖမ်းဖို့ ယုံကြည်ချက် ပျောက်သွားပြီဆိုတော့ ဒီတစ်ကြိမ်မှာ သူတို့အတွက် ပစ်မှတ် ပြောင်းပေးရမယ်... ပစ်မှတ်အသစ်ရရင်

စိတ်လှုပ်ရှားပြီး လိုက်ဖမ်းမှာပဲ... နောက်ပြီးတော့ ခရီးကလည်း တစ်ဝက်ကျိုးနေပြီ..."

"မိုးကြိုးကို ငါးစာအဖြစ် လိုချင်တယ်လို့ ပြောချင်တာလား..."

လင်းဟွမ်က သွေးရဲရဲလေး ဘာပြောချင်လည်း ဆိုသည်ကို သိလိုက်သည်။

"ကိုင်လီကလွဲရင် အသင့်တော်ဆုံး ဖြစ်မှာပဲ..."

သွေးရဲရဲလေးက ခေါင်းညိတ်လိုက်သည်။

"မရဘူး... ငါ မလုပ်နိုင်ဘူး။ မိုးကြိုးက အကောင်ကြီးတယ်... သူ့ရဲ့သွက်လက်မှုက ကိုင်လီကို

မမီဘူး... ကြမ်းတမ်းညောင်မုတ်ဆိတ် နေရာထဲ ဝင်သွားရင် ပြန်ထွက်ဖို့ ခက်မယ်...”

လင်းဟွမ်က ငြင်းလိုက်သည်။

မိုးကြိုး၏ အရွယ်အစားမှာ ကိုင်လီနှင့်ယှဉ်ပါက ပို၍ လွယ်ကူသော ပစ်မှတ်တစ်ခု ဖြစ်လာလိမ့်မည်။ ထို့အပြင် ကိုင်လီ၏ သွက်လက်မှုအရ လျှပ်တစ်ပြက် တိုက်ခိုက်ခြင်းကို ရှောင်ရှားနိုင်သော်လည်း မိုးကြိုးမှာမူ သူမထက် များစွာ အားနည်းပြီး ကြမ်းတမ်း ညောင်မုတ်ဆိတ်များအတွက် တိုက်ခိုက်ရန် ပိုလွယ် ကူနေသည်။

ငင်းက ကြမ်းတမ်းညောင်မုတ်ဆိတ်၏ ပစ်မှတ်ဖြစ်လာသည်နှင့် တပြိုင်နက် အလွန် အန္တရာယ်များလွန်းသည်။

"မင်းမှာ တခြားအစီအစဉ် ရှိသေးလား..."

ကိုင်လီပင် ကြမ်းတမ်းညောင်မုတ်ဆိတ် နေရာထဲဝင်သွားလျှင် အန္တရာယ်ရှိနေပြီ ဖြစ်သည်။ အကယ်၍ မိုးကြိုးသာ ကြမ်းတမ်း ညောင်မုတ်ဆိတ်၏ နေရာထဲဝင်သွားမည်ဆိုပါက အသက်ရှင်နိုင်ခြေက သုံညနီးပါးပင်....။

အိမ်မွေး မွန်းစတားတစ်ကောင်က လူသားများနှင့်မတူပေ။ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင်

သေဆုံးသွားပါက ပထမဦးဆုံး စစ်ဆေးရေးဂိတ်သို့ ပြန်ရောက်ရမည့် အစား လက်တွေ့ကမ္ဘာတွင် သေဆုံး သွားလိမ့်မည်။

လင်းဟွမ်၏ အမေးကို ကြားပြီးနောက် သွေးရဲရဲလေးသည် အချိန်အကြာကြီး တိတ်ဆိတ်သွားသည်။

"မင်းမှာ စိတ်ကူးမရှိတော့ရင် အလုပ်ဖြစ်မှာ မဟုတ်ဘူး..."

လင်းဟွမ်က သွေးရဲရဲလေးဆီတွင် အခြား အစီအစဉ်တစ်ခု ရှိကြောင်း သိလိုက်သည်။

အကြောင်းတစ်ခုခုကြောင့် ထုတ်ပြောရန် ဝန်လေးနေခြင်းပင်.....။

“ပြောစရာရှိတာ ပြောပါ...”

“ကိုင်လီနဲ့ မိုးကြိုးအပြင် ငါးစာလုပ်ဖို့ သင့်တော်တဲ့ တစ်ကောင် ရှိသေးတယ်...”

သွေးရဲရဲလေးက သူ့အကြည့်ကို လင်းဟွမ်ထံ ဖြည်းဖြည်းချင်း ပြောင်းပြီး ပြောလိုက်သဖြင့်

လင်းဟွမ် ကြောင်သွားသည်။

ခဏအကြာ သူ့ကိုယ်သူ လက်ညှိုး ပြန်ထိုးပြပြီး...

“ငါလား...”

သွေးရဲရဲလေးက သူ့ကို ရည်ညွှန်းကြောင်း အတည်ပြုပြီးနောက် လင်းဟွမ် စိတ်ထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ ပေါ်လာသည်။

"အို... အသွင်ပြောင်းကတ်ကို ငါက ဘာဖြစ်လို့ မေ့နေရပါလိမ့်..."

လင်းဟွမ်သည် ကိုင်လီ သို့မဟုတ် မိုးကြိုးအဖြစ် ယာယီ အသွင်ပြောင်းနိုင်ကြောင်းနှင့် အသွင် ပြောင်းကတ်ကို အမှန်တကယ် အသုံးပြုနိုင်ကြောင်း မေ့သွားခဲ့သည်။ သူ၏ပုံစံကို ပြောင်းနေသရွေ့ သူ၏ အရှိန်အဟုန် အပါအဝင် အစွမ်းအစအားလုံး ရရှိလိမ့်မည်။

“ငါ ပထမဦးဆုံး မိုးကြိုးပုံ ပြောင်းပြီးတော့ ငါးစာလုပ်မယ်။ ကြမ်းတမ်း ညောင်မုတ်ဆိတ် နေရာထဲ ဝင်လိုက်တာနဲ့ ကိုင်လီ ပုံစံပြောင်းပြီး တတ်နိုင်သမျှ ခပ်မြန်မြန် ပြန်ထွက်မယ်...”

သွေးရဲရဲလေးက သူ့အစီအစဉ်ကို ထုတ်ဖော်ပြောဆိုရန် ဆန္ဒမရှိပေ။ လင်းဟွမ်ကို မစွန့်စားစေချင်သော်လည်း ဖြေရှင်းနိုင်မည့် အခြားနည်းလမ်းက မရှိတော့ချေ။ လသားရဲမျှားကို သတ်ဖြတ်ခြင်းက စွန့်စားရသော အလုပ် ဖြစ်သည်။

“ကောင်းပြီ... ငါ တာဝန်ယူတယ်...”

လင်းဟွမ်သည် နှစ်ခါပြန် မတွေးဘဲ လက်ခံလိုက်သည်။

“ဒါက အန္တရာယ်များ လွန်းတယ်…”

တစ်ချိန်လုံး တိတ်ဆိတ်နေသော ပိုင်က မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။ ထို့နောက် သွေးရဲရဲလေးကို လှမ်းကြည့်ပြီး…

“အခြားနည်းလမ်း ရှိသေးလား…”

သွေးရဲရဲလေးက ကူကယ်ရာမဲ့စွာ ခေါင်းခါ ပြသည်။

“ငါးစာ ပြောင်းတာက ပြဿနာဖြေရှင်းဖို့ တစ်ခုတည်းသော နည်းလမ်းပဲ…”

"စိတ်မပူနဲ့... အသွင်ပြောင်းကတ် သုံးပြီးရင် ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်က အင်မော်တယ်အဆင့် (၄) ရောက်သွားလိမ့်မယ်... ငါ့ရဲ့ အစွမ်းအစက မင်းတို့ အားလုံးထက် ပိုအားကောင်းလာမှာ..."

လင်းဟွမ်က ပိုင် ပခုံးကို ယုံကြည်ချက်ရှိရှိ ပုတ်လိုက်သည်။

"ငါက တစ်နေ့လုံး ဘာမှမလုပ်ဘဲ အလှူငွေ လက်ခံနေတာ ကြာပြီ... အခုတော့ လှုပ်လှုပ်ရှားရှား လေ့ကျင့်ခန်းလုပ်ဖို့ အချိန်ရောက်ပြီ..."

"ဒါဆိုလည်း ကိုင်လီကို ပြန်လာ ခိုင်းလိုက်တော့..."

## အခန်း(၇၈၈) – ထောင်ချောက်ထဲ ကျရောက်ခြင်း

လျှို့ဝှက် သစ်တောထဲတွင် မီးခိုးရောင် အရိပ်တစ်ခုသည် ရိပ်ခနဲ၊ ရိပ်ခနဲ လျင်မြန်စွာ ပြေးလွှားနေသည်။

ထိုပုံရိပ်သည် အလွန် လျင်မြန်လွန်း၏။ အင်မော်တယ် အဆင့် (၈) နှင့် အဆင့်(၉) မွန်းစတားများသည် အနက်ရောင် အရိပ်တစ်ခု ရိပ်ခနဲ ဖြတ်ပြေးသွားကြောင်းသာ ထောက်လှမ်းနိုင်ခဲ့သည်။

ထိုအရိပ်၏ အရှိန်ကို အဆတစ်ရာ နှေးအောင် လျှော့ချလိုက်ပါက ၎င်း၏ကိုယ်ပေါ်တွင် ရွှေရောင်ပုံစံ အနုစိတ် အကွက်များရှိသည့် မီးခိုးရောင် ငှက်တစ်ကောင် ဖြစ်ကြောင်း တွေ့ရလိမ့်မည်။ ၎င်းတွင် ကျော့ရှင်းသော ခန္ဓာကိုယ်ရှိပြီး အစွမ်း ထက်လှ၏။

ဒါသည် မိုးကြိုးငှက်နှင့် ခပ်ဆင်ဆင် တူနေသော လင်းဟွမ်ပင်.....

အစပိုင်းတွင် လင်းဟွမ်သည် မိုးကြိုး၏ခန္ဓာကိုယ်ကို အသုံးမချနိုင်ခဲ့ပေ။ ပိုင်နှင့် လူသားဆန်သော မွန်းစတားများနှင့် မတူဘဲ သူ့လက်များက အတောင်ပံ အဖြစ် ပြောင်းလဲသွားသောကြောင့် အနေရ ခက်နေသည်။

သို့သော် တစ်နာရီ မပြည့်ခင် သူ့ခန္ဓာကိုယ်နှင့် ရင်းနှီးလာခဲ့ပြီး အတောင်ပံခတ်ကာ ပျံသန်း ရနေခြင်းကိုပင် နှစ်သက်လာသည်။

လင်းဟွမ်သည် မိနစ်အနည်းငယ် ကြာအောင် စိတ်လှုပ်ရှားနေပြီးနောက် သူ့ကိုယ်သူ ပြန်တည် ငြိမ်အောင် ထိန်းလိုက်သည်။ သူနယ်မြေပိုင်နက် အသိအရ ကိုင်လီက သူ့ထံ အရှိန်အဟုန်နှင့် ချဉ်းကပ်လာနေကြောင်း သတိပြုမိကာ အရှိန် လျှော့ချလိုက်သည်။ ကိုင်လီ ပေါ်လာမည်ကို စောင့်ဆိုင်းနေရင်း လသားရဲမျှားအား ဒေါသ

ဆွပေးနိုင်မည့် စွမ်းရည် အချို့ကို စတင်လေ့ကျင့်နေသည်။

ခဏအကြာ အရိပ်တစ်ခုက လျှပ်စီးလက်သကဲ့သို့ သူ့ထံ ပြေးလွှားလာကြောင်း တွေ့လိုက်ရသည်။ အနက်ရောင် အရိပ်နောက်တွင် ကြီးမားသော မွန်းစတားအုပ်ကြီးက တရှူးရှူး၊ တရှဲရှဲ လိုက်ပါလာသည်။

လင်းဟွမ်သည် ချက်ချင်း အတောင်ပံများ ခတ်၍ တစ်နေရာတည်း ရပ်တန့်ရန် ကြိုးစားကာ ရှေ့ဆက် ပျံသန်းသွားသည်။

ကိုင်လီက လင်းဟွမ်ကို တစ်ချက်စွေကြည့်ပြီး အရှိန် မလျှော့ဘဲ ဖြတ်ပြေးသွားသည်။ ဒါသည် အစောပိုင်းက

ကိုင်လီကို လင်းဟွမ်က ညွှန်ကြားခဲ့ခြင်း ဖြစ်သည်။ သူမက လင်းဟွမ်ကို မသိသလို ဟန်ဆောင်ကာ ဆက်လက် ထွက်ပြေးသွားပြီး ကျန်သည့် လုပ်ရပ်အားလုံးကို လင်းဟွမ်ထံ လွှဲပြောင်းပေးခဲ့သည်။

ကိုင်လီက လင်းဟွမ် ပြောသည့်အတိုင်း လုပ်ခဲ့သည်မှာ ထင်ရှားသည်။ သူ့ကိုပင် နှုတ်ဆက်မသွားချေ။ သူမက လင်းဟွမ်ထံ တိုက်ရိုက်လွှဲချပြီး ထွက်ပြေးသွားခဲ့သည်။ အကြိမ်ပေါင်းများစွာ၊ မရေမတွက် နိုင်အောင် လေ့ကျင့်ထားသကဲ့သို့ အဆင်ပြေ ချောမွေ့လှ၏။

"တကယ် ရိုးရိုးလေးပဲ ထွက်သွားတာလား.."

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။

လသားရဲမျှားသည် လင်းဟွမ်ကို မြင်မြင်ချင်း သတိထားမိသွားသည်။ ယခုအခါ လင်းဟွမ်သည် မိုးကြိုးနှင့် ဆင်တူပြီး သူ့ခန္ဓာကိုယ်က ကိုင်လီထက် အဆအနည်းငယ် ပိုကြီးနေသောကြောင့် အာရုံခိုးယူရန် မခက်လှပေ။

လင်းဟွမ်သည် မွန်းစတားအုပ်ကြီးက သူ့နောက် လိုက်လာသည်ကို မြင်လျှင် ချက်ချင်း လှည့်၍ ထွက်ပြေးသည်။ အတောင်ပံများ ခတ်လိုက်ရာ ခန္ဓာကိုယ်ပေါ်တွင် ခရမ်းရောင်အလင်းများ တောက်ပလာသည်။ ခန္ဓာကိုယ်ပေါ်တွင် ခရမ်းရောင်လျှပ်စီးများ

တဖျပ်ဖျပ် လျှပ်နေပြီး ထူးဆန်းသော ပုံစံများ ဖန်တီးနေသည်။

လင်းဟွမ်က ပါးစပ်ကို အကျယ်ကြီး ဖွင့်ဟလိုက်သည်နှင့် ပါးစပ်ထဲတွင် ခရမ်းရောင်အလင်းများ စုဝေးလာသည်။ လင်းဟွမ်က အတောင်ပံများကို ခတ်နေသည်နှင့်အမျှ တဖျပ်ဖျပ် လျှပ်နေသော ခရမ်းရောင်အလင်းများက ပိုမိုတောက်ပလာသည်။ ခဏအကြာ ခရမ်းရောင်အလင်း၏ တောက်ပမှုသည် အထွတ်အထိပ် ရောက်လာပြီး စူးရှလာသည်။

ထိုအခိုက်အတန့်၌ လင်းဟွမ်က ငှက်တစ်ကောင်ကဲ့သို့ အော်ဟစ်ကာ ပါးစပ်ထဲမှ ခရမ်းရောင်အလင်းများ

ပစ်လွှတ်လိုက်သည်။ လက်သီးဆုပ် အရွယ်အစားခန့် ရှိသော ခရမ်းရောင်အလုံးသည် လေထဲ၌ တစ်ဝဲဝဲ လည်နေပြီး လျှင်မြန်စွာ လည်ပတ်နေသည်။ အသက်တစ်ကြိမ်ရှူရုံ အချိန်လေးမှာပင် ခရမ်းရောင် အလင်းလုံးသည် ကြွခိုင်ရေး ဘောလုံး အရွယ်အစားထိ ကြီးလာပြီး အရွယ်အစားက ဆက်လက် ကြီးမားနေဆဲပင် ။

ထို့နောက် လသားရဲများနှင့် (၁၀) မီတာပင် မဝေးသောနေရာ၌ အလင်းလုံးက ပေါက်ကွဲသွားပြီး ခရမ်းရောင် မိုးကြိုးများက တဖျပ်ဖျပ်လျှပ်၍ ဖြာထွက် လာသည်။ စူးရှသည့် ခရမ်းရောင် အလင်းတန်းကြီး

ဖြာထွက်လာသည်။ တောက်ပလွန်းသဖြင့် မည်သူမှ တိုက်ရိုက် မကြည့်နိုင်ချေ။

မရေမတွက်နိုင်သော ခရမ်းရောင် အလင်းတန်းများသည် မြွေများကဲ့သို့ တတွန့်တွန့် လွင့်လူးနေပြီး မွန်းစတားအုပ်ကြီး ရှိရာကို ပျံ့နှံ့ သွားသည်။ ငါးအပြည့်ရှိနေသော အိုင်ထဲသို့ ပိုက်ကွန် ပစ်ချလိုက်သည်နှင့် တူနေသည်။

လင်းဟွမ်၏ တိုက်ခိုက်မှုက ကိုင်လီထက် ပိုကျယ်ဝန်းသော နေရာကို ရည်ရွယ်ချက်ရှိရှိ လွှမ်းခြုံထားသည်။ ဒါသည် မွန်းစတားအုပ်ကြီး၏ တစ်ဝက်နီးပါးခန့်ကို ဖုံးလွှမ်းသွားသည်။ ခရမ်းရောင်

လျှပ်စီးများက ထောင်ပေါင်းများစွာသော လသားရဲများကို ထိမှန်သွားသည်။ ဒါသည် လသားရဲများကို အန္တရာယ် မပေးနိုင်သော်လည်း ထုံကျင်ခြင်း၊ နာကျင်ခြင်းများကို ဖြစ်ပေါ်စေသည်။

အပစ်ခံရသဖြင့် လသားရဲများသည် ဒေါသပေါက်ကွဲကာ အော်ဟစ် လာကြသည်။ သက်ရောက်သော အကွာအဝေးမှာ ကိုင်လီထက် ပိုမိုကျယ်ပြန့်သဖြင့် အစွမ်းမှာ တော်တော်လေး အားနည်းသွားသည်။

လင်းဟွမ်သည် ဤတိုက်ခိုက်မှုက လသားရဲများကို မသတ်နိုင်ကြောင်း သိသော်လည်း လသားရဲများကို ရန်စရန် အသင့်တော်ဆုံး စွမ်းရည် ဖြစ်နေသည်။

လင်းဟွမ်သည် တိုက်ခိုက်ပြီးသည်နှင့် တွေဝေခြင်း မရှိဘဲ နောက်လှည့် ထွက်ပြေးသည်။

မကြာခင် ဒေါသထွက်နေသော လသားရဲများသည် လင်းဟွမ်ကို ပစ်မှတ်ထားပြီး စတင် ပြေးလိုက်လာကြသည်။

လင်းဟွမ်သည် မိုးကြိုးပုံစံ ပြောင်းပြီးနောက် သွက်လက်မှုမှာ ကိုင်လီနှင့် မယှဉ်နိုင်သော်လည်း

လင်းဟွမ်ထံတွင် လသားရဲမျာ း၏ တိုက်ခိုက်မှုကို ဖယ်ရှားရန် နည်းလမ်း ရှိနေသည်။

လင်းဟွမ်က မျဉ်းဖြောင့်အတိုင်း မပြေးပေ။ ထိုအစား ဇစ်-ဇက် ပုံစံ ပြေးလွှားနေခဲ့သည်။ သူ ပြေးနေပုံမှာ အရက်မူးနေသော အရက်သမားတစ်ယောက်နှင့်ပင် တူနေသည်။ ဒါသည် လသားရဲမျာ းကို ပို၍ ရန်စသလို ဖြစ်သွားသည်။

စော်ကားမှု အဆင့်ကို အစပိုင်းတွင် (၁၀၀) ရာခိုင်နှုန်းဟု ပြောပါက ယခုအခါ (၁၂၀) ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့သည်။

လသားရဲအုပ်ကြီးသည် ယခင်က ကိုင်လီအား လိုက်ဖမ်းနေသည့် အချက်ကိုပင် လုံးဝမေ့သွားခဲ့သည်။ ယခုအခါ ငှက်ဆိုး ငှက်ယုတ်မာကသာ သူတို့၏ပစ်မှတ် ဖြစ်လာခဲ့သည်။

"ရလဒ်က အံ့မခန်းပဲ.."

ငါးစာပြောင်းလဲခြင်း အစီအစဉ် အလုပ်ဖြစ်ကြောင်း သိလိုက်သည့်အချိန်၌ လင်းဟွမ် စိတ်သက်သာရာ ရသွားသည်။

ကိုင်လီသည် အမြင့်ဆုံးနှုန်းနှင့် ပြေးသွားပြီး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားခဲ့ပြီ ။

ထို့နောက် လင်းဟွမ်က လသားရဲများကို အေးအေးဆေးဆေး မျှားခေါ်လာခဲ့သည်။ လင်းဟွမ်၏ တိုက်ခိုက်မှုက လသားရဲ တော်တော်များများကို ရန်စ နိုင်ခဲ့ခြင်းကြောင့် ဖြစ်နိုင်သလို လင်းဟွမ်က ကိုင်လီထက်စာလျှင် အနိုင်ယူရန် ပိုမို လွယ်ကူသောပုံစံ ဖြစ်နေသောကြောင့်လည်း ဖြစ်နိုင်သည်။ ထို့ကြောင့် လသားရဲများက သူ့ကို အလွယ်တကူ အလွတ် မပေးကြချေ။

ထို့နောက် လင်းဟွမ်သည် လသားရဲများကို သူတို့ ပစ်မှတ်ထားသည့် နေရာသို့ မျှားခေါ်လာခဲ့သည်။

သွေးရဲရဲလေးနှင့် ကျန်သည့် မွန်းစတားများ ကောင်းကောင်း ပုန်းနေပြီး အဆင်သင့် ဖြစ်နေပြီဟု တွေးမိလျှင် လင်းဟွမ်က ပြုံးလိုက်ပြီး ကြမ်းတမ်း ညောင်မုတ်ဆိတ်အပင်များ ရှိရာသို့ လှမ်းကြည့် လိုက်သည်။ ထို့နောက် အရှိန်မြှင့်ကာ ထိုနေရာသို့ ဦးတည် ပြေးလွှားသွားသည်။

လသားရဲများသည် အင်မတန် နုံအလွန်းသဖြင့် ကြမ်းတမ်းညောင်မုတ်ဆိတ်၏ အန္တရာယ်ကို မသိကြပေ။ လင်းဟွမ်က သစ်တောကိုအသုံးပြု၍ သူတို့ကို ချန်ထားခဲ့ချင်သည်ဟု ထင်နေကြသည်။ ထို့ကြောင့် အရှိန်အဟုန် ပြင်းပြင်းနှင့် နောက်မှ လိုက်ပါ

သွားကြသည်။ သူတို့သည် သွေးရဲရဲလေးနှင့် ကျန်သည့်မွန်းစတားများ ပုန်းအောင်းနေကြောင်းလည်း မသိကြပေ။

မွန်းစတားအုပ်ကြီးသည် လင်းဟွမ် နောက်ကို ဒေါ်သတကြီး လိုက်ပါလာရင်း ကြမ်းတမ်းညောင် မုတ်ဆိတ် နယ်မြေထဲ ဝင်ရောက်လာကြသည်။

လင်းဟွမ်သည် ကြမ်းတမ်း ညောင်မုတ်ဆိတ် နယ်မြေထဲ ဝင်ရောက်ပြီးနောက် လသားရဲများကို ချက်ချင်း ပြန်လှည့်ကြည့်သည်။ နောက်ဆုံးအချိန်မှ ကပ်၍ လသားရဲများ ပြန်ဆုတ်ခွာသွားမည်ကို ကြောက်နေခြင်းပင်။

ယခုမူ လသားရဲမျှားက သူထင်ထား သလောက် မပါးနပ်သည်မှာ ထင်ရှားနေသည်။ သူတို့သည် တွေဝေခြင်း မရှိဘဲ ကြမ်းတမ်း ညောင်မုတ်ဆိတ် နယ်မြေထဲ ဝင်လာကြသည်။

"အောင်ပြီ.."

လင်းဟွမ် ဝမ်းသာသွားသည်။

လသားရဲမျှားက ကြမ်းတမ်း ညောင်မုတ်ဆိတ် နယ်မြေထဲ ဝင်လာသောအခါ အမဲလိုက်ခြင်း အစီအစဉ်၏ (၈၀) ရာခိုင်နှုန်း အောင်မြင်ခဲ့ပြီ။ အမှတ်သန်းပေါင်းများစွာကို အလွယ်တကူ ရနိုင်တော့မည့် အကြောင်း သူသိနေသည်။ အစီအစဉ် တစ်ဝက်ကျော်က

အဆင်ပြေ ချောမွေ့နေသော်လည်း လင်းပွှမ်သည် သတိကို မလျှော့ချခဲ့ပေ။

ကြမ်းတမ်းညှောင်မုတ်ဆိတ် နယ်မြေမှ ချက်ချင်း ထွက်မသွားခဲ့ချေ။ ထိုအစား နက်ရှိုင်းသောနေရာသို့ ဦးဆောင်ပြီး ဝင်ရောက် သွားကြသည်။ ကြမ်းတမ်းညှောင်မုတ်ဆိတ် နယ်မြေထဲ ဝင်ရောက်ပြီးနောက် မည်သူမှ ပြန်ဆုတ်နိုင်မည် မဟုတ်ကြောင်း သူ သိနေသည်။ သူသာ ဤကဲ့သို့ လုပ်ဆောင်လိုက်ပါက ကြမ်းတမ်းညှောင်မုတ်ဆိတ်က သူ့လမ်းကြောင်းကို ချက်ချင်းပိတ်ဆို့ လိုက်မည့်အတွက် လသားရဲမျှား သေချာပေါက် ထိတ်လန့်သွားလိမ့်မည်။

ကြမ်းတမ်းညောင်မုတ်ဆိတ် နယ်မြေထဲကို လုံလုံလောက်လောက် ဝင်မိပါက မွန်းစတားအုပ်ကြီးသည် တခုခုမှားနေကြောင်း သိသွားလျှင်ပင် သူတို့အား ချုပ်နှောင်ထားသော မိုးမခ သစ်တောထဲမှ ပြန်ထွက်နိုင်ရန် ဖြစ်နိုင်ချေ နည်းပါးလွန်း၏။

ကြမ်းတမ်း ညောင်မုတ်ဆိတ်၏ ထိန်းချုပ်မှုကို ရုန်းထွက်လိုက်သည်နှင့် ပိုင်နှင့် ကျန်သည့် မွန်စတားများက ဝိုင်းပြီး ဆွမ်းကြီး လောင်းကြလိမ့်မည်။

“ကြမ်းတမ်းညောင်မုတ်ဆိတ် နယ်မြေထဲ (၄၈) မီတာလောက် ဝင်သွားတာ အကောင်းဆုံးပဲ။

အနည်းဆုံးတော့ လသားရဲတွေက မီတာ (၃၀) လောက်အထိ ငါ့နောက်က လိုက်လာလိမ့်မယ်..”

လင်းဟွမ်သည် အမှားအယွင်း မရှိရအောင် စိတ်ထဲမှ တွက်ချက်နေသည်။ အကောင်းဆုံး အကွာအဝေး ဆိုသည်မှာ သွေးရဲရဲလေးက လသားရဲနှင့် ကြမ်းတမ်းညှောင်မုတ်ဆိတ်တို့ အပေါ် ၎င်း၏ နားလည်မှုကို အခြေခံ၍ တွက်ချက်ထားခြင်းသာ....

ဒါသည် လသားရဲများကို ထိန်းချုပ်နိုင်သည့် အကွာအဝေးဖြစ်သလို တစ်ချိန်တည်းမှာပင် လင်းဟွမ်အတွက် အလုံခြုံဆုံး အကွာအဝေးလည်း ဖြစ်နေသည်။

“၃၅.....၄၀....၄၁....၄၂...၄၃.....”

သွေးရဲရဲလေး တွက်ချက်ထားသော အကွာအဝေးအတွင်း ရောက်သည်နှင့် တပြိုင်နက် လင်းဟွမ်သည် အတောင်ပံများကို ချက်ချင်း ခတ်၍ နောက်ပြန်လှည့်ကာ သူ့နောက် လိုက်ပါလာသော လသားရဲအုပ်ကြီးထံ ပြန်လှည့် ပြေးသွားသည်။

## အခန်း(၇၈၉) - ဖမ်းမရသော သားကောင်.....

လင်းဟွမ် နောက်ပြန်လိုက်သည့် အခိုက်အတန့်၌ ကြမ်းတမ်း ဩောင်မှုတ်ဆိတ်၏ အာရုံကို ဖမ်းစား သွားခဲ့သည်။ ၎င်းက ၎င်း၏ ဩောင်မှုတ်ဆိတ်များကို ဆန့်ထုတ်ပြီး လင်းဟွမ်ကို လှမ်းရိုက်လိုက်သည်။

ကြမ်းတမ်း ဩောင်မှုတ်ဆိတ် တောထဲရှိ ကြမ်းတမ်းဩောင်မှုတ်ဆိတ် အပင်များက အမှန်တကယ် စိတ်ရှည်ကြသည်။ အကယ်၍ သူတို့၏ သားကောင်က အနက်ပိုင်းထဲကို ဝင်ရောက်ခြင်း မရှိပါက တိုက်ခိုက်မှု တစ်ခုမှ မစပေ။ သားကောင်များကို ထိန်းချုပ်ရန်

လုံလောက်အောင် စိတ်ချ ယုံကြည်ရသည့် အကွာအဝေး ရောက်သည်အထိ စိတ်ရှည်ရှည် စောင့်ဆိုင်း တတ်ကြသည်။

သို့သော်လဲ အတွင်းပိုင်းထဲ ဝင်ရောက်ရန် ပျက်ကွက်ပြီး နောက်ပြန်ဆုတ်ချင်သည့် သားကောင်များကိုမူ ဆက်နေစေရန် တွန်းအားပေးသည့် အနေဖြင့် ချက်ချင်း တိုက်ခိုက်ကြသည်။

လင်းပွမ် နောက်ပြန်ဆုတ်သည့် အခိုက်အတန့်၌ လင်းပွမ်ကို ချက်ချင်း တားဆီးရန် ကြမ်းတမ်းသောင်မှုတ်ဆိတ်၏ ဗီဇများအရ စတင် တိုက်ခိုက်လာမှာ သေချာသည်။

ရာနှင့်ချီသော ညောင်မှုတ်ဆိတ် လက်တံများသည် လင်းဟွမ်ထံ ရှူထောင့်ပေါင်းစုံမှ တိုးဝင်လာသည်။ လက်တံတစ်ခုချင်းစီသည် အရွယ်ရောက်ပြီးသော လူတစ်ယောက်၏ လက်မောင်း အရွယ်အစားခန့်ရှိသည်။

“ဒါကို စောစော မြင်ခဲ့ဖို့ကောင်းတာ။ ဒီလောက် နီးနီးလေးမှ တွေ့ရတာ အော်ဂလီ ဆန်လိုက်တာ”

လင်းဟွမ်စိတ်ထဲမှ တွေးလိုက်သည်။ အရွက်များက အစိမ်းရင့်ရောင်ရှိပြီး မျှော့ကဲ့သို့ စေးကပ်နေပုံ ရသည်။ ဒါသည် သန္ဓေပြောင်းပြီးပါက အနာဂတ်တွင် ပက်ကျိ ဖြစ်လာနိုင်သည့် မျိုးဆက်နှင့်ပင် တူနေသည်။ ဆယ်ဆ

ပိုကြီးရုံသာမက အဆပေါင်း ရာနှင့်ချီပြီး ပိုရုပ်ဆိုးကာ အင်မတန် ရွံ့စရာ ကောင်းနေသည်။

လင်းဟွမ်သည် သူ့စိတ်က တော်တော်လေး တည်ငြိမ်နေပြီဟု ထင်သော်လည်း ထိုရွှဲကျိုကျို နွယ်လက်တံများကို တွေ့သောအခါ အော်ဂလီ ဆန်လာသည်။ ထောင်ပေါင်းများစွာသော နွယ်လက်တံများသည် လေထဲ တွန့်လိမ့်နေပြီး လင်းဟွမ်ထံ ဦးတည်ဝင်လာသည်။

တစ်ချိန်တည်းမှာပင် လင်းဟွမ်ရှေ့တွင် ရှိနေသော လသားရဲများလည်း ဒုက္ခ ရောက်ကုန်၏။ ကြမ်းတမ်း ညှောင်မှုတ်ဆိတ်သည် ၎င်းတို့၏ နွယ်လက်တံများကို

ဆန့်ထုတ်ပြီး လင်းဟွမ်နောက်မှ လိုက်ပါလာသော လသားရဲများကိုလည်း ဖမ်းချုပ်နေကြသည်။

ကြမ်းတမ်းညောင် မှုတ်ဆိတ် အပင်များသည် သူတို့ကိုယ်သူတို့ ဖော်ထုတ်ပြီးပြီ ဖြစ်သည့်အတွက် ထပ် မစောင့်ကြတော့ချေ။ လသားရဲများ ဆက်နေစေရန် တစ်စုံတစ်ခု အရေးယူ ဆောင်ရွက်ခြင်း မရှိပါက လသားရဲများက ကြမ်းတမ်းညောင်မှုတ်ဆိတ် နယ်မြေထဲမှ လျင်မြန်စွာ ထွက်ပြေးသွားကြတော့မည် ဖြစ်ရာ ကြမ်းတမ်း ညောင်မှုတ်ဆိတ်က အချိန်မဆိုင်းဘဲ တိုက်ခိုက်ရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

လင်းဟွမ်သည် ကြမ်းတမ်းညောင် မှုတ်ဆိတ် အုပ်စုကြီး သောင်းကြမ်းလာသည်ကို မြင်သောအခါ စိုးရိမ်ထိတ်လန့်ခြင်း လုံးဝ မရှိပေ။ ထိုအဖြစ်အပျက်များက သူ မျှော်လင့်ချက်အတွင်းသာ ရှိနေသေးသည်။ ထောင်နှင့်ချီသော နွယ်လက်တံများက သူ့ကို လိုက်မဖမ်းတော့ပေ။ သူ့ရှေ့တွင် သမုဒ္ဒရာ လှိုင်းလုံးကြီးသကဲ့သို့ အလိပ်လိုက် လိမ့်ဝင်လာသော နွယ်လက်တံများ ရှိနေသည်။

လင်းဟွမ်သည် တောင်ပံများ တဖြတ်ဖြတ် ခတ်၍ နွယ်လက်တံများနှင့် ခပ်ခွာခွာ ရှောင်လိုက်သည်။ နွယ်လက်တံ သမုဒ္ဒရာထဲ ထိုးဖောက်ဝင်ရောက်

ရတော့မည်ကိုမြင်လျှင် ယာယီ အသွင်ပြောင်းကတ်ကို ချက်ချင်း ချေမွလိုက်သည်။

သူ၏ ကြီးမားသော ခန္ဓာကိုယ်မှာ ချက်ချင်း ပျောက်သွားပြီး မိုးကြိုးအဖြစ်မှ ကိုင်လီအဖြစ် အသွင်ပြောင်းသွားသည်။ လသားရဲများထံ ပြေးလွှားနေရင်း မရပ်တန့်ဘဲ အရှိန်ကို ထပ်မံ တိုးမြှင့်လိုက်သည်။

ထို့နောက် မရေမတွက်နိုင်သော နွယ်လက်တံများ ရှိနေသည့် နေရာထဲ ဝင်ရောက်သွားသည်။ ကြမ်းတမ်းညောင် မှုတ်ဆိတ်များ တိုက်ခိုက်လိုက်တိုင်း လင်းပွှမ်နောက်မှ လိုက်ဖမ်းနေသော လသားရဲများကို ရှုးသွပ်စွာ ဖမ်းမိသွားသည်။

ထိုအချိန်ကို ရောက်ခါမှ လသားရဲများသည် ထောင်ခြောက်ထဲ ကျရောက်သွားပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။ လသားရဲများသည် ကြမ်းတမ်းညောင် မှုတ်ဆိတ်က သူတို့ကို တိုက်ခိုက်လာသည့်အတွက် ထိတ်လန့်သွားပြီး လင်းဟွမ်နောက် ဆက် မလိုက်နိုင်ကြတော့ပေ။

လသားရဲအများစုက ကြမ်းတမ်း ညောင်မှုတ်ဆိတ် လက်ထဲမှ လွတ်မြောက်အောင် တတ်နိုင်သမျှ အမြန်ဆုံး လာရာ လမ်းကြောင်းအတိုင်း ပြန်ထွက်ပြေးရမည် ဖြစ်ကြောင်း သိကြသည်။ သူတို့ထဲမှ အနည်းစုမှာ အသိစိတ်လွတ်ပြီး မကြာခင် ကြမ်းတမ်း

ညောင်မှုတ်ဆိတ် နွယ်လက်တံများ၏ ဖမ်းယူခြင်းကို ခံလိုက်ရသည်။ မှန်ကန်သော လမ်းကြောင်းအတိုင်း ပြေးသွားသော လသားရဲများကို ကြမ်းတမ်း ညောင်မှုတ်ဆိတ် အပင်များ၏ နွယ်လက်တံများက ဖမ်းယူနိုင်ခြင်း မရှိလိုက်ပေ။

လသားရဲများသည် ၎င်းတို့၏ အစွယ်များ၊ ချွန်ထက်သော လက်သည်းများ၊ ခြေသည်းများနှင့် အကြိမ်ကြိမ် ချိုးဖျက် နေသော်လည်း ညောင်မှုတ်ဆိတ်အပင်များ၏ နွယ်လက်တံများက အဆုံးမရှိ ပြန်လဲ ကောင်းမွန်နေသည်။ သူတို့၏ စွမ်းရည်နှင့် ကံကြမ္မာစွမ်းအားများကို စုပ်ယူနေသည်။

ရလဒ်အနေနှင့် လသားရဲ တော်တော်များများ အဖမ်း ခံလိုက်ရသည်။

လသားရဲများက မည်မျှ လျင်မြန်သည် ၊ ပေါက်ကွဲအား မည်မျှ ပြင်းထန်သည် ၊ အစွယ်များက မည်မျှ ထက်မြသည် ဖြစ်ပါစေ သူတို့ထက် ကြမ်းတမ်းသော မှုတ်ဆိတ်၏ နွယ်လက်တံများက သာလွန် နေသောကြောင့် တိုက်ပွဲထဲတွင် သိသိသာသာ အန္တရာယ် ကျရောက် နေသည်။

ဒါသည် သူတို့၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးပြီးသား ဇာတ်ညွှန်းတစ်ခုနှင့် တူနေသည်။

ကိုင်လီပုံစံ ပြောင်းလဲထားသော လင်းဟွမ်သည် နွယ်လက်တံ ပင်လယ်ပြင်ထဲ ချဉ်းကပ်လာခဲ့သည်။ သူ့နောက်ကျောမှ အနက်ရောင် အတောင်ပံ (၁၂) ခုကို ခတ်ပြီး ကြောက်စရာကောင်းသော အရှိန်ဖြင့် ပြေးလွှားနေသည်။ အလွန် အင်မတန် လျင်မြန်သော အရှိန်နှင့် နွယ်လက်တံ ပင်လယ်ပြင်ကြီးကို ဖြတ်ကျော်နေသည်။ သမုဒ္ဒရာထဲတွင် ကူးခတ်နေသော ငါးတစ်ကောင် ကဲ့သို့ ပေါ့ပေါ့ပါးပါး ရှေ့သို့ ဆက်လက် ချီတက်နေ၏။

နွယ်လက်တံများက သူ့ကို ဖမ်းယူရန် အကြိမ်ပေါင်းများစွာ ကြိုးစား ခဲ့သော်လည်း လင်းဟွမ်က

အတောင်ပံများ ခတ်ပြီး ရှောင်ရှားနေသဖြင့် မဖမ်းယူနိုင်ခဲ့ချေ။

လင်းဟွမ်သည် နယ်မြေပိုင်နက်အသိ လွှမ်းခြုံထားသောကြောင့် နွယ်လက်တံများ၏ လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်း အာရုံခံနိုင်သည်။ ထို့အပြင် ကိုင်လီ၏ အရှိန်အဟုန်၊ လျင်မြန်သော ပေါက်ကွဲအားတို့နှင့် ပေါင်းစပ်၍ နွယ်လက်တံများ၏ မည်သည့် တိုက်ခိုက်မှုကိုမဆို အလွယ်တကူ သိရှိ၍ ရှောင်ရှားနိုင်ခဲ့သည်။ တိုက်ခိုက်မှုများကို ကြိုတင် ရှောင်ရှားရန် လိုအပ်ပါက နေရာခုန်ကူးခြင်း စွမ်းရည်ကိုပင် အသုံးပြု

နိုင်သေးသည်။ ထို့ကြောင့် အန္တရာယ်ဇုန်ထဲတွင် အတားအဆီးမရှိ လှုပ်ရှား သွားလာနိုင်ခဲ့သည်။

ထို့အပြင် လသားရဲများကလည်း ကြမ်းတမ်း ညောင်မှုတ်ဆိတ်၏ အာရုံကို ဖမ်းစားထားသည်။ ထို့ကြောင့် ကြမ်းတမ်း ညောင်မှုတ်ဆိတ် အပင်များသည် လင်းပွှမ် ထွက်ခွာသွားမည်ကို မစိုးရိမ်ပေ။

ကြမ်းတမ်း ညောင်မှုတ်ဆိတ်၏ နွယ်လက်တံများသည် ဆန့်ထွက်လာပြီး သူတို့၏ ရန်သူများထံ တိုးဝင်လာသည်။ နွယ်လက်တံတစ်ခုက လသားရဲနှင့် လုံးထွေး သွားသောအခါ လသားရဲသည် လွတ်မြောက်အောင် ရုန်းကန်နိုင်ခြင်း မရှိတော့ပေ။ အကြောင်းမူ လှုပ်ရှားမှု

ခေတ္တမျှ ရပ်တန့်သွားသည့်အချိန်၌ နွယ်လက်တံများက တစ်ခုပြီးတစ်ခု လာရောက် ရစ်ပတ် နေသောကြောင့်ပင်
။

လသားရဲများက အသည်းအသန်း ရုန်းကန်၍ ဖြတ်တောက်နေလျှင်ပင် အလုပ်မဖြစ်ချေ။ နွယ်လက်တံ တစ်ခုကို ဖြတ်ထုတ်ပြီးသည်နှင့် အခြား (၁၀) ခုကျော်က အစားထိုး ဝင်ရောက်ရစ်ပတ်လာသည်။ ပျက်သွားသော နွယ်လက်တံကလည်း သာမန်မျက်စိနှင့် မြင်နိုင်သော နှုန်းဖြင့် ပြန်လည် ကောင်းမွန်လာသည်။ ထို့နောက် လသားရဲများကို ဖက်ထုတ် တစ်ခုကဲ့သို့ ရစ်ပတ် ထုတ်ပိုးကြသည်။

မကြာခင် ကြမ်းတမ်း ညှောင်မှုတ်ဆိတ် အပင်များသည် ၎င်းတို့ မဖမ်းနိုင်သော သားကောင်တစ်ကောင် ရှိနေကြောင်း သဘော ပေါက်သွားသည်။ ၎င်းသည် လသားရဲများထက် များစွာ သေးငယ်သည်။ အနီးကပ် သေသေချာချာ ကြည့်လိုက်ပါက အတောင် (၁၂) ခုပါသည့် လူသားဆန်သော မွန်းစတား ဖြစ်သည်။

၎င်းသည် နွယ်လက်တံများ၏ သတ်မှတ် အကွာအဝေး အတွင်းသို့ ရောက်ခဲ့သော်လည်း ဖမ်းယူနိုင်ခြင်း မရှိဘဲ လွတ်မြောက်နေသည်။ အတားအဆီးတိုင်းကို အမြဲတမ်း ရှောင်တိမ်းနိုင်ခဲ့သည်။

အချိန်အများစုတွင် ဖြစ်လာမည့်အရာကို ကြိုတင်သိမြင်နေသကဲ့သို့ အနည်းငယ် လှုပ်ရှားလိုက်ရုံဖြင့် နွယ်လက်တံ၏ တိုက်ခိုက်မှုကို ရှောင်ရှားနိုင်စွမ်းရှိနေသည်။

"နောက်ကျောမှာ တောင်ပံ (၁၂) ခုပါတဲ့ကောင်ကို သတိထားမိလား....."

လင်းဟွမ်ကို ကြိမ်ဖန်များစွာ ဖမ်းယူရန် ကြိုးစားပြီးနောက် အခြားအကောင်များနှင့် မတူကြောင်း ညောင်မှတ်ဆိတ်ထဲမှ အပင်တစ်ပင်သည် သဘောပေါက်သွားသည်။ မကြာခင် သတင်း အချက်အလက်က နေရာတိုင်း ပျံ့နှံ့သွားပြီး အနီးအနားရှိ ကြမ်းတမ်း

ညောင်မှုတ်ဆိတ် (၁၀) ပင်ကျော်က ထိုသတင်းကို လက်ခံရရှိကြသည်။

"လူသားတစ်ယောက် ဖြစ်နိုင်တယ်။ ငါတို့ရဲ့ တိုက်ခိုက်ရေး လမ်းကြောင်းကို ကြိုမြင်နိုင်သလို ထူးထူးဆန်းဆန်း လှုပ်ရှားနေတယ်"

ငင်းဘေးနားက ကြမ်းတမ်း ညောင်မှုတ်ဆိတ် တစ်ပင်က လင်းဟွမ်နှင့် ပတ်သက်၍ တစ်ခုခု ထူးဆန်းနေကြောင်း တွေ့ရှိသွားသည်။

"လူသားတွေက မကောင်းဆိုးဝါးတွေပဲ။ ငါရဲ့ လှုပ်ရှားမှုကို ထိန်းချုပ်ဖို့ လှုပ်ရှားမှုတချို့ တီထွင်ခဲ့မယ်ဆိုရင်တောင် ဒါ ပုံမှန်ပဲ."

ညောင်မှုတ်ဆိတ်များသည် ယခင်က လူများနှင့် ထိတွေ့ ဆက်ဆံခဲ့ဖူးသောကြောင့် အပြုသဘော ဆောင်သော အမြင်မရှိပေ။

"ငါတို့ရဲ့ တိုက်ခိုက်မှု အားလုံးကိုတော့ ရှောင်နိုင်မယ် မထင်ဘူး"

စကားဆုံးသည်နှင့် လင်းဟွမ်ထံ နောက်တစ်ကြိမ် စတင် တိုက်လိုက်လိုက်သည်။ ကြမ်းတမ်း ညောင်မှုတ်ဆိတ်အပင် (၂၀) ကျော်သည် လင်းဟွမ်ထံ ဦးတည်ပြီး ရာနှင့်ချီသော နွယ်လက်တံများကို ပစ်လွှတ်လိုက်သည်။

“ဒီလို စိတ်ဝင်စားစရာကောင်းတဲ့ သားကောင် တစ်ကောင် တွေ့ဖို့မလွယ်ဘူး။ ဘယ်သူက သူ့ကို ဖမ်းနိုင်မလည်းဆိုတာ ပြိုင်လိုက်ရအောင်”

နောက်ထပ် ကြမ်းတမ်းညောင်မှုတ်ဆိတ် တစ်ပင်က အဆိုပြုလိုက်သည်။ ညောင်မှုတ်ဆိတ် အများစုကလည်း ထိုအဆိုပြုချက်ကို လက်ခံ သဘောတူကြသည်။ သဘောတူညီချက် ရပြီးနောက် ကြမ်းတမ်း ညောင်မှုတ်ဆိတ် အများစုသည် လသားရဲများအား ဖမ်းယူနေခြင်းကို စွန့်လွှတ်လိုက်ကြသည်။

လင်းဟွမ်က သူတို့၏ အဓိကပစ်မှတ် ဖြစ်လာပြီး လင်းဟွမ်ကို ဖမ်းယူရန်အတွက် အရာအားလုံး ထုတ်သုံးကြသည်။

လင်းဟွမ်က ကြမ်းတမ်း ညှောင်မှုတ်ဆိတ် အပင်များကြားက ဆွေးနွေးမှုနှင့် ပတ်သက်၍ ဘာမှ မသိပေ။ သူ သိသည်မှာ ကြမ်းတမ်း ညှောင်မှုတ်ဆိတ်အပင်များက တော်တော်လေး ပါးနပ်ကြောင်း သိသော်လည်း ဤကဲ့သို့ မွန်းစတား အမျိုးအစားက တစ်ပင်နှင့်တစ်ပင် ဆက်သွယ် နိုင်ကြောင်း အမှန်တကယ် မသိခဲ့ပေ။

သူသည် ကြမ်းတမ်းညှောင် မှုတ်ဆိတ်အပင် (၁၀) ပင်ကျော်၏ ပစ်မှတ် ဖြစ်မှန်းမသိ ဖြစ်လာခဲ့သည်။

လင်းဟွမ်သည် သူတို့က သူ့အကြောင်း ပြောနေသည်ကို မသိသော်လည်း သူ့အား တိုက်ခိုက်နေသည့် နွယ်လက်တံများ ပိုများလာသောကြောင့် တစ်ခုခု မှားနေပြီ ဖြစ်ကြောင်း မကြာခင် သတိထားလိုက်မိသည်။

“ဘာဖြစ်နေတာလဲ…၊ ငါ ဒီနေရာက ထွက်သွားမှာကြောက်လို့ အားလုံး ဝိုင်းပြီး တိုက်ခိုက်နေကြတာလား”

လင်းဟွမ်သည် သူနှင့်မဝေးသော နွယ်လက်တံများက အနီးအနားရှိ လသားရဲများကို လျစ်လျူရှုထားကြောင်း မကြာခင် သဘောပေါက်လာသည်။ သူတို့ထံ နွယ်လက်တံက တစ်ချောင်းမျှပင် တိုးဝင်မသွားပေ။ ထိုအစား နွယ်လက်တံ အားလုံးက သူ့ထံ ရောက်ရှိလာခဲ့သည်။

# အခန်း(၇၉၀) - ရှုးသွပ်လာသော ကြမ်းတမ်းညောင်မှုတ်ဆိတ် အပင်များ....

လင်းဟွမ်သည် သူ့ထံ နွယ်လက်တံများစွာ တိုးဝင်လာသည်ကို မြင်လျှင် မျက်မှောင်ကြုတ်သွားသည်။

ဖြစ်ပျက်နေသော အဖြစ်အပျက်များက သူ့မျှော်လင့်ချက်ထက် ကျော်လွန်သွားခဲ့ပြီ။

သူသည် လသားရဲများထက် ပိုမြန်သော်လည်း သွေးရဲရဲလေး၏ တွက်ချက်မှုအရ ကြမ်းတမ်းညောင်မှုတ်ဆိတ် လက်ထဲမှ လွတ်မြောက်ရန်

ကျန်ရှိနေသော လသားရဲ အရေအတွက်၏ ထက်ဝက်သာ ရှိသေးသည်။ သီအိုရီအရ အုပ်စုတစ်ခုထဲ စုပုံနေသော လသားရဲများကို ပစ်မှတ်ထား၍ ဖမ်းယူခြင်းက ပို၍ လွယ်ကူစွာ ဖမ်းယူနိုင်သည်။ သို့သော် ကြမ်းတမ်း ညောင်မှုတ်ဆိတ်အပင်များက လသားရဲ အုပ်ကြီးအစား သူ့ကို ပိုစိတ်ဝင်စားနေပုံပင် ။

"သွေးရဲရဲလေး ကြမ်းတမ်း ညောင် မှုတ်ဆိတ်အပင်တွေက ဘာဖြစ်လို့ လသားရဲတွေကို မတိုက်ခိုက်ဘဲ ငါ့ကို မဲနေကြတာလဲ......"

လင်းဟွမ်သည် ဖိအားအောက် ရောက်နေသဖြင့် စိတ်စွမ်းအားနှင့် သွေးရဲရဲလေးကို လှမ်းမေးလိုက်သည်။

သွေးရဲရဲလေးက ပြန်မဖြေခင် ခေတ္တမျှ တိတ်ဆိတ်နေပြီး

“ကြမ်းတမ်း ညောင်မှုတ်ဆိတ်နဲ့ ပတ်သက်ရင် ငါတို့မှာရှိတဲ့ အချက်အလက်တွေက အကန့်အသတ်ပဲ ။ သူတို့က အမဲလိုက်တဲ့အခါ မကောင်းဆိုးဝါး ဆန်တာထက် နတ်ဆိုးပိုဆန်တဲ့ အပင်တွေလို့ ငါ မထင်လိုက်မိဘူး။ ဒါပေမယ့် ကြည့်ရတာတော့ ငါတို့က ကြမ်းတမ်း ညောင်မှုတ်ဆိတ်ရဲ့ ဉာဏ်ရည်ကို လျော့တွက်ခဲ့မိတဲ့ပုံပဲ”

“သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား ဒါမှမဟုတ် အားနည်းတဲ့အကောင် အများအစုကပဲ ဉာဏ်ရည် အကန့်အသတ် ရှိလိမ့်မယ်။ သူတို့ အသက်ရှင်ဖို့အတွက်

အမဲလိုက်ကြတယ်။ ဒါပေမယ့် ကြမ်းတမ်းညောင်မှုတ်ဆိတ်တွေကတော့ အဲ့ဒီထက် ကျော်သွားပြီး ဉာဏ်ပိုရှိတဲ့ပုံပဲ။ သူတို့က အစာရှာဖွေရုံ မကဘူး အပျော်အတွက်လဲ အမဲလိုက်ပုံရတယ်”

“မင်းရဲ့ ပုံမှန်မဟုတ်တဲ့အမူအရာက သူတို့တွေရဲ့ အာရုံကို ဖမ်းစားသွားတာ ဖြစ်လိမ့်မယ်။ အဲ့ဒါကြောင့် အဓိကပစ်မှတ် ဖြစ်လာတာပဲ။ သူတို့အတွက်တော့ မင်းက အမဲလိုက်ရတဲ့ ကစားပွဲတစ်ခုပေါ့။ မင်းကို ဖမ်းနိုင်တဲ့လူက ဒီကစားပွဲမှာ အနိုင်ရတဲ့လူ ဖြစ်လာလိမ့်မယ်။ ကြည့်ရတာ အစားဝနေတဲ့ကြောင်က

ကြွက်ကို အမဲလိုက်နေသလိုပဲ။ မစားချင်တာမဟုတ်ဘဲ အပျော်သက်သက်ပေါ့”

လင်းဟွမ်သည် သွေးရဲရဲလေး၏ ရှင်းပြချက်ကို ကြားပြီးနောက် သဘောပေါက်သွားသည်။

“အခုတော့ ငါက ကြမ်းတမ်း ညောင်မှုတ်ဆိတ်ရဲ့ ကြွက်ပေါ့”

“ဟုတ်တယ်....”

သွေးရဲရဲလေး ခေါင်းငြိမ့်လိုက်သည်။

“ဒါဆို ငါ့ကိုမဖမ်းခင် စိတ်ဝင်စားစရာ နည်းလာရင် လက်လျှော့လိုက်မှာပေါ့”

လင်းဟွမ်က သူ ကြုံတွေ့နေရသော အခက်အခဲကို သိလိုက်သည်။

"ဟုတ်တယ် ကြောင်တစ်ကောင်က သူတို့ရဲ့ သားကောင်ကို လွယ်လွယ်နဲ့တော့ လွှတ်ပေးမှာ မဟုတ်ဘူး"

သွေးရဲရဲလေးက ထိတ်လန့်ခြင်း မရှိဘဲ တွေးလိုက်သည်။

"အခုလက်ရှိ မင်းပြေးနေတာ (၄၃) မီတာရဲ့ လမ်းတစ်ဝက် ရောက်နေပြီ။ မင်းရဲ့ လက်ရှိအခြေအနေ အရ ကျန်တဲ့မီတာ (၂၀) ကို ဖြတ်ကျော်နိုင်မှာပါ။ အထူး သတိထားဖို့ပဲ လိုတယ်"

"ကောင်းပြီ.... ငါ နားလည်ပြီ။ စိတ်မပူနဲ့ တိုက်ခိုက်ဖို့ ပြင်ထားကြ...၊ ငါ ကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေ နေရာက ထွက်လာတာနဲ့ ချက်ချင်း တိုက်ခိုက်ကြ..."

လင်းဟွမ်သည် သွေးရဲရဲလေးနှင့် ဆက်သွယ်ပြီးနောက် တကယ့် အဖြစ်အပျက်ကို သိသွားပြီး စိတ်သက်သာရာ ရသွားသည်။ ကြမ်းတမ်း ညောင်မှုတ်ဆိတ်များက ကြောင်နှင့်ကြွက် ကစားသကဲ့သို့ ကစားနေပုံ ရသည်။ လင်းဟွမ်ကို ဖမ်းရန်အတွက် သူတို့၏ နွယ်လက်တံများကို ဆန့်ထုတ်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြပေ။

လင်းဟွမ်သည် မရေမတွက်နိုင်သော နွယ်လက်တံများ၏ လက်အောက်မှ လွတ်မြောက်ရန် ရုံဖန်ရုံခါ အရှိန်မြင့်လိုက်၊ အရှိန်လျှော့လိုက်၊ နေးလိုက်၊ ကွေးလိုက်၊ ပို့က်လိုက်နှင့် ရှောင်ရှားနေသည်။ တစ်ခါတစ်လေ ဓါးကိုထုတ်၍ နွယ်လက်တံများကို ခုတ်ဖြတ်သည့်အခါ ခုတ်သည်။ တစ်ခါတစ်လေ လျှပ်တစ်ပြတ် ခုန်ကူးခြင်းကို အသုံးပြု၍ နွယ်လက်တံများကို ရှောင်ရှားသည်။

နွယ်လက်တံများ မည်မျှ များပြားပါစေ၊ မည်သည့် ရှုထောင့်မှ တိုက်ခိုက်လာပါစေ လင်းဟွမ်ကို ထိရန်

မဆိုထားနှင့် အဝတ်အစားကိုပင် ထိမှန်အောင် မလုပ်နိုင်ခဲ့ကြချေ။

သို့သော် ၎င်းတို့က နေရာကို ပိတ်ဆို့ရန် ကြိုးစားသောအခါ ထိမှန်မှုများ များစွာ ရှိခဲ့သော်လည်း လင်းဟွမ်က လျှပ်တစ်ပြတ် ခုန်ကူးခြင်းနှင့် အလွယ်တကူ ဖြတ်ကျော်နိုင်ခဲ့သည်။

လင်းဟွမ်သည် သူ့ရှေ့တွင် မရေမတွက်နိုင်သော နွယ်လက်တံများက ကြက်ခြေခတ်ပုံစံ ပိတ်ဆို့ထားသည်ကို မြင်လိုက်လျှင် ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

"ကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေက အခုအချိန်ထိ ငါ ဘာလုပ်နိုင်လဲဆိုတာ မသိသေးဘူးဘဲ.... ဒီတစ်ပုံစံတည်း

အထပ်ထပ် အခါခါ အသုံးပြုနေတာ အသုံးမဝင်ပါဘူး။ ဒါတောင် ဒီတိုင်း တိုက်ခိုက်နေကြသေးတယ်”

လင်းဟွမ်၏ စိတ်ထဲ ထိုအတွေးဝင်လာသည်နှင့် တပြိုင်နက် သူ့ခန္ဓာကိုယ်က တုံ့ပြန်လိုက်သည်။

သူ့ခန္ဓာကိုယ် နောက်ကျောပေါ်က အတောင်ပံ (၁၂) ခုသည် တဖြတ်ဖြတ် ခတ်သွားပြီး မကြာခင် လုံးဝ ပျောက်ကွယ်သွားသည်။ ပြန်ပေါ်လာသောအခါ အထပ်ထပ်၊ အရပ်ရပ် ကာကွယ်ထားသော နွယ်လက်တံ ပိုက်ကွန်ကြီးကို ဖြတ်ကျော်နိုင်ခဲ့သည်။

သို့သော် သူ့ခန္ဓာကိုယ် ကောင်းကောင်း ပြန်မပေါ်သေးခင် အန္တရာယ် အသိတစ်ခုက သူ့စိတ်ကို

နိုးကြွားလာသည်။ ထို့ကြောင့် လျှပ်တစ်ပြက် ခုန်ကူးခြင်းကို နောက်တစ်ကြိမ် အသုံးပြုပြီး ပျောက်ကွယ်သွားပြန်သည်။

မူလနေရာမှ ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် သူ မတ်တပ်ရပ်ခဲ့သော မြေပြင်ပေါ်၌ ပိုက်ကွန်ကြီး တစ်ခုပေါ်လာပြီး အစပိုင်းက လင်းဟွမ် ရပ်ခဲ့သော နေရာကို ဖုံးအုပ်သွားသည်။

ထိုနေရာနှင့် မီတာ ဒါဇင်နှင့်ချီဝေးသော နေရာတွင်....

လင်းဟွမ်သည် သူ့ဗီဇစိတ်ကို ယုံကြည်ပြီး ရှောင်ရှားခဲ့သဖြင့် အန္တရာယ်ကို ကျော်လွှား နိုင်ခဲ့သောကြောင့် ဝမ်းသာနေသည်။ လင်းဟွမ်သည်

ထောင်ခြောက်တစ်ခု ရှိနေကြောင်း သတိထားမိပြီးနောက် သတိကြီးကြီး ထားခဲ့သည်။

"ကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေက ဖော်ပြထားတာထက် ပိုပြီး ညဏ်ကောင်းနေတယ်။ အကွာအဝေးက သုံးပုံတစ်ပုံပဲ ကျန်တော့တယ် ဆိုပေမယ့် သတိပေါ့လို့မရဘူး။ မြေအောက်ထဲမှာ အမြစ်တွေနဲ့ ထောင်ခြောက်တွေ ချထားတာကို ငါ သတိမထားလိုက်မိဘူး"

"သူတို့ရဲ့ ညဏ်ရည် ညဏ်သွေးက သန္ဓေသုံးကြိမ်ပြောင်းထက် မလျော့ကျနိုင်ဘူး။ (၁၀)

နှစ်သား ကလေးတစ်ယောက်ရဲ့ ဉာဏ်ရည်ကို လျော့တွက်မိလို့ ခံရသလိုပေါ့”

သွေးရဲရဲလေးက သတိပေးလိုက်သည်။

“မင်းရဲ့ဗီဇကို အားကိုးပြီး အန္တရာယ်ကို ကျော်နိုင်တာ ကံကောင်းတာပဲ။ ဒါပေမယ့် မင်းရဲ့ဗီဇက အမြဲတမ်း မမှန်နိုင်ဘူးဆိုတာ သတိထားဦး။ ဒီလို အန္တရာယ်များတဲ့ နေရာမှာ ရှင်သန်နိုင်ဖို့ဆို အရည်အချင်းက အရေး အကြီးဆုံးပဲ”

“ဟုတ်တယ်......၊ ငါ တကယ် ပေါ့သွားတယ်။ ကြမ်းတမ်း ညောင်မှုတ်ဆိတ်ရဲ့ အမြစ်တွေက တိုက်ခိုက်နိုင်မယ်လို့ ငါ တကယ် မထင်လိုက်မိဘူး”

လင်းဟွမ်က သူ သတိပေါ့သွားကြောင်း ဝန်ခံလိုက်သည်။

"ဒါပေမယ့် ဒီညောင်မှုတ်ဆိတ်တွေက လွန်ပါတယ်ကွာ။ တစ်ခါမှ မမြင်ဖူးတဲ့ သူတို့ရဲ့ အမြစ်တွေကိုတောင် အသုံးပြုလာတယ်။ လှည့်ကွက်ထဲ ကျမသွားတာ ကံကောင်း"

"နောက်ထပ် သတိထားရမယ့်အချက်က ကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေ ဆန့်ထုတ်နိုင်တဲ့ အကွာအဝေးပဲ။ ငါတို့ ထင်ထားသလောက် မဟုတ်လောက်ဘူး ။ ကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေနဲ့ လသားရဲတွေရဲ့ တိုက်ပွဲကို ငါ စောင့်ကြည့်နေပြီးတော့ ဒီအချက်ကို

သဘောပေါက်ခဲ့တာပဲ.။ လသားရဲ နည်းနည်းလောက် ဖမ်းပြီးတာနဲ့ နှယ်လက်တံတွေက ခွဲထွက်လာနိုင်တယ်။ လသားရဲအများစုက အရှုံးမပေးခင်၊ လက်မလျော့ခင် နည်းနည်းလောက် ရုန်းကန်ပြီး လေးကျသွားတယ်။ သူတို့ရဲ့ သားကောင်ကို အဆိပ်သုံးပြီး ထိန်းချုပ်နေတဲ့ပုံပဲ”

“ရပြီ၊ ငါ သတိထားလိုက်မယ်......”

လင်းဟွမ်သည် ကြမ်းတမ်း ညောင်မှုတ်ဆိတ်လက်မှ လွတ်မြောက်အောင် ထွက်ပြေးရန် အာရုံစိုက်နေသဖြင့် ယင်းအချက်ကို သတိမထားမိခဲ့ပေ။ ကြမ်တမ်း ညောင်မှုတ်ဆိတ်နှင့် ပက်သက်သည့် အချက် အလက်ထဲတွင် အဆိပ်ပြင်းသော နှယ်လက်တံများ

အကြောင်းကို မဖော်ပြထားပေ။ သို့သော်လည်း သွေးရဲရဲလေး သတိပြုမိသည့် အချက်က အမှန်ဖြစ်နိုင်ကြောင်း လင်းဟွမ် ယုံကြည်သည်။

အစောပိုင်းက လင်းဟွမ် ထွက်ပြေး လွတ်မြောက်သွားသောအခါ ကြမ်းတမ်း ညောင်မှုတ်ဆိတ်များ၏ ဒေါသကို မီးစပျိုးမိခဲ့ကြောင်း သတိမထားမိခဲ့ချေ။

"ငါတို့လက်ထဲက ဘယ်လို လွတ်သွားတာလဲ။ ဒီကောင် ထွက်ပြေးတဲ့နေရာမှာ ဆရာ ကျလှချည်လား......"

"သူရဲ့ လုပ်ရှားမှုက အကောင်းဆုံး မဟုတ်သေးဘူး.....၊ အနာဂတ်ကို ကြိုမြင်နိုင်တဲ့ စွမ်းရည်ပဲ..... ဒါကြောင့်လည်း ငါတို့ရဲ့ တိုက်ခိုက်မှုကို တိတိကျကျ ခန့်မှန်းပြီး အချိန်မီ ရှောင်တိမ်းနိုင်တာပေါ့.......၊ ဒါကမှ တကယ် ကြောက်စရာကောင်းတဲ့ အချက်ပဲ..."

"ဒီကောင်က အင်မော်တယ် အဆင့် (၄) ပဲ ရှိသေးတယ်ဆိုတာ မင်းတို့ သတိထားမိလား.....၊ တကယ်လို့ သူသာ အင်မော်တယ် အဆင့် (၉) ဖြစ်သွားရင် ဘာတွေ ဖြစ်လာမလဲ....."

ဤဆွေးနွေးမှုထဲတွင် ပါဝင်သော ကြမ်းတမ်းညောင်မှုတ်ဆိတ်အားလုံး တိတ်ဆိတ် သွားသည်။ ခဏအကြာ ညောင်မှုတ်ဆိတ် အကြီးအကဲတစ်ယောက်က

"သူ အဆင့်တက်သွားပြီးတာနဲ့ ပြန်လာပြီး ငါတို့ကို လက်စားချေလိမ့်မယ်။ အဲ့ဒီအခါကျရင် ငါတို့က သူနဲ့ တိုက်ခိုက်နိုင်တော့မှာ မဟုတ်ဘူး။ အခုတော့ ငါတို့ရဲ့ လုံခြုံရေးအရ ဒီကောင့်ကို လွတ်ပေးလိုက်လို့ မရဘူး"

"သဘောတူတယ်...."

"ငါလဲ တူတယ်..."

"ငါလဲ ထောက်ခံတယ်"

...

ကျန်သည့် ညောင်မှုတ်ဆိတ်အပင် အားလုံးက သဘောတူ ထောက်ခံကြသည်။

“ကဲ ကန့်ကွက်စရာ မရှိတော့ဘူးဆိုရင် ကျန်တဲ့ အဖွဲ့ဝင်တွေကို အကြောင်းကြားလိုက်....၊ ဒီကောင့်ကို အသက်ရှင်ရက် ဖမ်းစရာ မလိုတော့ဘူး”

ယခုအခါ၌ ကြမ်းတမ်း ညောင်မှုတ်ဆိတ် အားလုံးသည် အပျော်အပျက် အနေနှင့် မမှတ်ယူကြတော့ပေ။ ထိုအစား လင်းဟွမ်ကို ၎င်းတို့၏ အကြီးမားဆုံး ရန်သူတစ်ယောက်အနေနှင့် သတ်မှတ်လိုက်ကြသည်။

လင်းဟွမ်သည် ထိုအကြောင်းနှင့် ပတ်သက်၍ ဘာမှ မသိသော်လည်း ပိတ်မိလုနီးပါး ဖြစ်သွားပြီးနောက် သတိပိုကြီးလာခဲ့သည်။

ကြမ်းတမ်း ညောင်မှုတ်ဆိတ်များသည် ဆွေးနွေးပွဲ လုပ်ပြီးနောက် သတ်ဖြတ်ချင်သော စိတ်ဆန္ဒ ပိုမို ကြီးထွားလာခဲ့သည်။

လင်းဟွမ်သည် ပတ်ဝန်းကျင် အခြေအနေက အနည်းငယ် ထူးဆန်းလာကြောင်း ခံစား သိရှိလိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် တိုက်ပွဲက ပြင်းထန်လာသည်။

ကြမ်းတမ်း ညောင်မှုတ်ဆိတ်များသည် လသားရဲများအား အမဲလိုက်နေခြင်းကို လုံးဝ စွန့်လွှတ်လိုက်သည်။ ယခုအခါ သန်းပေါင်းများစွာသော နွယ်လက်တံများသည် လင်းဟွမ်ထံ ဦးတည်၍ တိုးဝင်လာကြသည်။

လင်းဟွမ် တုန်လှုပ်သွားသည်။ အဖြစ်အပျက်ကို သူ မသိသော်လည်း သူ့ခန္ဓာကိုယ်က တိုက်ခိုက်မှုကို တုံ့ပြန်ပြီးသား ဖြစ်နေသည်။ လျှပ်တစ်ပြတ် ခုန်ကူးခြင်းကို အသက်သွင်းကာ မူလနေရာမှ ပျောက်ကွယ်သွားသည်။ ပြန်ပေါ်လာသောအခါ

မရေမတွက်နိုင်သော နွယ်လက်တံများက နေရာအနှံ့မှ တိုးဝင်လာသည်။

"ဒီကောင်တွေ ရူးသွားပြီလား...."

လင်းဟွမ်သည် ကြောက်စရာ ကောင်းသည်ဟု ခံစားမိပြီး တိုးတိုးလေး ရေရွတ်လိုက်သည်။

"ကြမ်းတမ်း ညောင်မှုတ်ဆိတ် နယ်မြေထဲက တတ်နိုင်သမျှ အမြန်ဆုံးထွက်၊ လုံးဝ အတားမခံနဲ့"

သွေးရဲရဲလေးလည်း ဘာဖြစ်နေလဲ ဆိုသည်ကို မသိပေ။ ယခုလက်ရှိ လုပ်ရမည့် အရာက လင်းဟွမ်သည် ကြမ်းတမ်း ညောင်မှုတ်ဆိတ်အပင်များ၏

နွယ်လက်တံများ တိုက်ခိုက်နိုင်သော နေရာမှ ကြိမ်းသေပေါက် ထွက်လာနိုင်အောင် လုပ်ရမည်။

"ကောင်းပြီ"

လင်းဟွမ် ခေါင်းငြိမ့်ပြီး ပြန်ဖြေလိုက်သည့်အချိန်တွင် နွယ်လက်တံများက သူ့ထံ ပြေးဝင် တိုက်ခိုက်လာပြန်သည်။ နွယ်လက်တံ အရေအတွက်က အတူတူပင်....။

မြောက်များစွာသော နွယ်လက်တံများသည် နေရာ ရှုထောင့်ပေါင်းစုံမှ ဝိုင်းရံတိုက်ခိုက်ပြီး အသံတစ်စက်မှ မကြားရပေ။

လင်းဟွမ်သည် အစောကြီး ကတည်းက လျှပ်တစ်ပြတ် ခုန်ကူးခြင်းကို အသက်သွင်းပြီး မီတာများစွာ ဝေးသောနေရာသို့ ခုန်ကူးသွားသည်။ ကြမ်းတမ်း ညောင်မှုတ်ဆိတ်၏ ပိုင်နက်မှ လွတ်မြောက်ရန် (၈) မီတာသာ ဝေးကွာတော့သည်။

လင်းဟွမ်သည် သူ့ကိုယ်သူ တည်ငြိမ်အောင် ဟန်ချက်ထိန်းပြီးသည့် အချိန်၌ ကြမ်းတမ်း ညောင်မှုတ်ဆိတ်များက နောက်တစ်ကြိမ် တိုက်ခိုက်လာသည်။ လင်းဟွမ်ကို သတ်ဖြတ်ရန် အခွင့်အရေး နည်းပါးလာပြီ ဖြစ်ကြောင်း သူတို့ သိနေကြသည်။

သူတို့၏ ပြိုင်ဘက်က သူတို့ တိုက်ခိုက်နိုင်သော အကွာအဝေးအတွင်းမှ မထွက်သွားခင် နောက်ထပ် သုံးကြိမ်ထက်နည်းသော တိုက်ခိုက်မှုသာ တိုက်ခိုက်နိုင်တော့မည်။

မရေမတွက်နိုင်သော နွယ်လက်တံများက သူ့နောက်လိုက်လာသည်ကို မြင်လျှင် လင်းဟွမ်သည် လျှပ်တစ်ပြတ် ခုန်ကူးခြင်းကို နောက်တစ်ကြိမ် အသက်သွင်းလိုက်သည်။ ပြန်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မြေပြင်မှ ကြီးမားသော ပိုက်ကွန်ကြီးတစ်ခု ထွက်ပေါ်လာပြန်သည်။

လင်းဟွမ်အား ခြုံမိခါနီး၌ လင်းဟွမ်၏ ခန္ဓာကိုယ်သည် ဘေးဘက်သို့ အနည်းငယ် လှုပ်ရှားသွားပြီး နောက်တစ်ကြိမ် ပျောက်ကွယ် သွားပြန်သည်။ နောက်ထပ် အခိုက်အတန့်တွင် လေထဲ၌ တိုက်ခိုက်သံများ ပေါ်လာပြီး လင်းဟွမ်က (၁၀) မီတာ ဝေးကွာသော နေရာတွင် ပေါ်လာသည်။

လင်းဟွမ်သည် ကြမ်းတမ်း ညောင်မှုတ်ဆိတ်များကို စိုက်ကြည့်နေစဉ် ကြမ်တမ်း ညောင်မှုတ်ဆိတ်အပင်များ ပေါက်ကွဲသွားသည်။ သစ်သား အပိုင်းအစများက မရေမတွက်နိုင်သော ဓါးမြှောင်များကဲ့သို့ လေထဲတွင်

လွင့်ထွက်လာသည်။ အများစုက လင်းဟွမ်ကို ချိန်ရွယ်ထားသည်။

"မင်း ထွက်ပြေးနိုင်မယ့် နေရာ မရှိတော့ဘူး။ အခုလက်ရှိ လုပ်နိုင်တဲ့ တစ်ခုတည်းသောအရာက နေရာကူးပြောင်းဖို့ပဲ ရှိတော့တယ်"

သွေးရဲရဲလေးက မျှော့မျိုးစေ့များမှ တဆင့် အဖြစ်အပျက်များကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။

ကြမ်းတမ်း ညောင်မှုတ်ဆိတ်များ၏ ခါးမြှောင်ပုံစံ ဖြစ်နေသော သစ်သားအပိုင်းအစက (၁၃) ပတ်လည်အတွင်းရှိ နေရာ တစ်ခုလုံးသို့ ဖုံးလွှမ်းသွားသည်။ ဤခါးမြှောင်သစ်သား အပိုင်းအစများ၏

တိုက်ခိုက်မှုက ပုံမှန်မဟုတ်သလို ဘေးကင်း လုံခြုံသော နေရာလည်း မရှိပေ။

လင်းဟွမ် ခေါင်းငြိမ့်လိုက်သည်။ နောက်ထပ် အခိုက်အတန့်တွင် အမှောင်ထုကြေးမုံကို အသက်သွင်းလိုက်သည်။ ထို့နောက် ဓါးမြှောင်သစ်သား အပိုင်းအစများက လင်းဟွမ်ကို ဖုံးအုပ်ထားသော အနက်ရောင် အလုံးကြီးအား ထိမှန်သွားကာ အလုံး၏ မျက်နှာပြင်ပေါ်တွင် လှိုင်းဂယက်များ ဖြစ်ပေါ်လာသည်။

လင်းဟွမ်သည် အမှောင်ထုကြေးမုံကို အသက်သွင်းပြီး ထိုဓါးမြှောင် သစ်သား အပိုင်းအစများ၏ တိုက်ခိုက်နိုင်စွမ်းကို စမ်းသပ်ရန် ဆုံးဖြတ်ခဲ့သည်။

နောက်တစ်ကြိမ် ခြေတစ်လှမ်း ရှေ့တိုးပြီးနောက် မီတာအနည်းငယ် ဝေးကွာသော နေရာတွင် ပြန်ပေါ်လာသည်။

"ဒီကြမ်းတမ်း ညောင်မှုတ်ဆိတ်တွေ ရှုံးသွပ်သွားတာပဲ ဖြစ်လိမ့်မယ်။ ငါ့ကို သတ်ဖို့အတွက် ကိုယ့်ကိုကိုယ်တောင် အနာခံခဲ့တာပဲ"

လင်းဟွမ် ပေါ်လာသည်နှင့် တပြိုင်နက် အမှောင်ထုကြေးမုံကို မရှေမတွက်နိုင်သော ဓါးမြှောင် သစ်သား အပိုင်းအစများက တိုက်ခိုက်ကြသည်။

ကြမ်းတမ်း ညောင်မှုတ်ဆိတ်၏ နယ်မြေပိုင်နက်မှ လွတ်မြောက်ရန် (၂) မီတာသာ ဝေးကွာသောကြောင့် လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

"နောက်တစ်ကြိမ် နေရာ ကူးပြောင်းသွားပြီးရင် ဒီကောင်က ငါတို့ထိန်းချုပ်ထားတဲ့ နေရာထဲကနေ အပြီးအပိုင် လွတ်သွားပြီ။ ဒီကောင့်ကို ထွက်ပြေးခွင့် မပေးနဲ့...."

ဤစကားကို ကြားလိုက်လျှင် ကြမ်းတမ်း ညောင်မှုတ်ဆိတ်အားလုံး ရှူးသွပ် သွားကြသည်။ မရေမတွက်နိုင်သော နွယ်လက်တံများသည် လေထဲတွင်

ပေါက်ကွဲသွားပြီး မီတာ ဒါဇင်နှင့်ချီသော ဧရိယာ တစ်ခုလုံးကို ချက်ချင်း ဖုံးလွှမ်းသွားသည်။

လင်းဟွမ် ထိတ်လန့်နေစဉ် သစ်သား အပိုင်းအစများက ပေါက်ကွဲပြီး မီးတောက်များ ဖြစ်ပေါ်လာသည်။ ပေါက်ကွဲနေသော မီးတောက်မီးလျှံ သစ်သား အပိုင်းအစများက သူ့အား ဝိုင်းရံလာသည်ကို မြင်လျှင် လင်းဟွမ်သည် တစ်ချက်ခုန်ပြီး ပျောက်ကွယ်သွားသည်။

## အခန်း(၇၉၁) - အဲဒါ ဒီမှာ....

"ဒီနတ်ဆိုးမွန်းစတားတွေ တကယ် ရှုံးသွားတာပဲ....."

နောက်ထပ် အခိုက်အတန့်တွင် လင်းဟွမ် ပြန်ပေါ်လာပြီးနောက် ကြမ်းတမ်း ညှောင်မှတ်ဆိတ်များ ထိန်းချုပ်နိုင်သော အကွာအဝေး၏ အပြင်ဘက်ကို ရောက်ရှိနေခဲ့ပြီ။ ထို့နောက် လေထဲတွင် ပြန့်ကျဲနေသော သစ်သား အပိုင်းအစများက အဆက်မပြတ် ပေါက်ကွဲနေသည်ကို နောက်ပြန် လှည့်ကြည့်လိုက်သည်။

ကြမ်းတမ်း ညောင်မုတ်ဆိတ် အနီးရှိ နေရာသုံးပုံ တစ်ပုံသည် ယခုအခါ မီးတောက်မီးလျှံများဖြင့် ဖုံးလွှမ်းနေသည်။

"နတ်ဆိုး မွန်းစတားတွေ အားလုံး ဒီလို ရှုးသွပ်သွားတာ ပုံမှန်တော့ မဟုတ်ဘူး"

လင်းဟွမ်သည် ဖြည်းဖြည်းခြင်း လမ်းလျှောက်နေပြီး

"နတ်ဆိုးမွန်းစတားတွေ အားလုံးကို အဆိုးမြင် ခံစားချက်က ထိန်းချုပ်ထားတယ်။ သူတို့ကို အစပြုလိုက်တာနဲ့ အပျက်သဘောဆောင်တဲ့ အဆိုးမြင် ခံစားချက်တွေ ပိုများလာတာပဲ။ ဆင်ခြင်တုံတရားတွေ၊

တွေးခေါ်နိုင်စွမ်းတွေ ဆုံးရှုံးသွားပြီး လုပ်ရပ်ရဲ့ အကျိုးဆက်ကိုလည်း မစဉ်းစားနိုင်တော့ဘူး....“

"ဒါပေမယ့် ငါ့ကို သတ်ဖို့အတွက်နဲ့ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အနာခံရတာလဲ....."

လင်းဟွမ်သည် ကြမ်းတမ်း ညောင်မှတ်ဆိတ် တောထဲ၌ နေရာအများစုက မီးတောက်များ ဖုံးလွှမ်းပြီး ဘာမှ မကျန်တော့သည်ကို မြင်လျှင် စဉ်းစားရ ခက်နေသည်။

အများအားဖြင့် ကြမ်းတမ်း ညောင်မှတ်ဆိတ် အပင်များသည် ဗုံး သို့မဟုတ် ဓားမြှောင်ကဲ့သို့ ဖြစ်နေသော အရာများကို

အသုံးပြုလေ့မရှိပေ။ ထိုစွမ်းရည်များမှာ အများအားဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက် သီးသန့် သိမ်းထားပြီး အသုံးပြုလိုက်သည်နှင့် နောက်ထပ် သုံးလအထိ ထပ်၍ အသုံးမပြုနိုင်တော့ပေ။

ကြမ်းတမ်း ညှောင်မုတ်ဆိတ် အပင်များသည် လင်းပွမ်ကို သတ်ဖြတ်ရန် ကြိုးစားရာတွင် ရှိသမျှ အရာအားလုံး ထုတ်သုံး၍ ရင်းနှီး ပေးဆပ်ခဲ့ကြခြင်းသာ....။

"ကဲ..... တိုက်ခိုက်ဖို့အချိန် နီးနေပြီ။ ပေါက်ကွဲမှုက လသားရဲတွေကို တိုက်ရိုက် ထိမှန်သွားပြီ တချို့ အကောင်တွေက ဒဏ်ရာ ပြင်းပြင်းထန်ထန်

ရသွားတယ်။ အခုချိန် ဒီကောင်တွေကို မတိုက်ခိုက်ဘူးဆိုရင် ကြမ်းတမ်း ညောင်မုတ်ဆိတ်တွေက သူတို့ကို သတ်ပစ်လိုက်နိုင်တယ်။"

သွေးရဲရဲလေးက သတိပေးသည်။

"တကယ်လို့ ကြမ်းတမ်း ညောင်မုတ်ဆိတ်တွေက ဒီကောင်တွေကို သတ်လိုက်ရင် အမှတ်ရမှာ မဟုတ်တော့ဘူး"

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး ပိုင်နှင့် ကျန်သည့် မွန်းစတားများကို လှည့်ကြည့်လိုက်သည်။

"ကဲ..... အစွမ်းပြဖို့ အချိန်ကျပြီ...."

ထိုကဲ့သို့ ပြောပြီးနောက် နောက်ထပ် အခိုက်အတန့်တွင် အရိပ်များ ဖြတ်ခနဲပေါ်လာပြီး ပိုင်နှင့် ကျန်သည့် မွန်းစတားများသည် သွေးရဲရဲလေးဘေးတွင် မတ်တပ်ရပ်နေကြသည်။

"ကဲ ငါ့ရဲ့ တာဝန်ကတော့ ပြီးပြီ။"

ထို့နောက် လင်းဟွမ်က သွေးရဲရဲလေးအား အခြေအနေကို ထိန်းချုပ်ခွင့် ပေးလိုက်သည်။

သွေးရဲရဲလေးက အနည်းငယ် ခေါင်းညိတ်ပြီး ပထမဦးဆုံး နာမည် စခေါ်လိုက်သည်။

"ချောကလက်လေး...."

သွေးရဲရဲလေး၏အသံကို ကြားသည်နှင့် ချောကလက်လေးက မူလအရွယ်အစားသို့ လျင်မြန်စွာ ပြန်ပြောင်းလိုက်သည်။

သွေးရဲရဲလေးက ထောင်ချောက်ကို စတင် စီစဉ်သည့်အချိန် ကတည်းက တိုက်ခိုက်ရန် နည်းဗျူဟာကို စဉ်းစားထားပြီးသား ဖြစ်သောကြောင့် သူဘာလုပ်ချင်လဲ ဆိုသည်ကို ကောင်းကောင်း သိနေသည်။

ချောကလက်လေးက စီစဉ်ထားသည့်အတိုင်း လိုက်လုပ်ရခြင်းပင်....။

အနက်ရောင်မီးလျှံများ မှုတ်ထုတ်လိုက်လျှင် ကြမ်းတမ်း ညောင်မုတ်ဆိတ်နှင့် လသားရဲအချို့ကို လွှမ်းခြုံသွားသည်။

ဤတိုက်ခိုက်မှု ထိမှန်သွားသော လသားရဲများသည် အော်ဟစ် ရုန်းကန်နေကြသည်။ ကြမ်းတမ်းညောင် မုတ်ဆိတ်၏ ချုပ်နှောင်မှုမှ လွတ်မြောက်ချင်သလို မီးဘေးမှလည်း လွတ်မြောက်ချင်နေကြသည်။

ကြမ်းတမ်း ညောင်မုတ်ဆိတ်များက သူတို့၏ နွယ်လက်တံများကို ဝှေ့ယမ်းကာ ချောကလက်လေးကို အပိုင်းပိုင်းခွဲရန် ဆန့်ထုတ်လိုက်ကြသည်။

အစပိုင်းတွင် ချောကလက်လေးသည် အတောင်ပံများ တဖျတ်ဖျတ်ခတ်ပြီး ပျံသန်းနေဆဲ ဖြစ်သောကြောင့် ပိုမိုမြင့်မားသော နေရာသို့ ပျံသန်းသွားသည်။ ကြမ်းတမ်းညောင်မုတ်ဆိတ်များ၏ တိုက်ခိုက်မှုကို မကြောက်သော်လည်း သွေးရဲရဲလေးက အမြင့်ပျံသန်းရန် ပြောထားသောကြောင့် ချောကလက်လေးက ပျံသန်းသွားခြင်းပင် ။

ကြမ်းတမ်း ညောင်မုတ်ဆိတ်အပင်များ၏ နွယ်လက်တံများ ရောက်နိုင်သော အကွာအဝေးကို ကျော်လွန်သွားပြီ ဖြစ်သောကြောင့် ကြမ်းတမ်း

ညောင်မုတ်ဆိတ်များ၏ တိုက်ခိုက်မှုအတွက် စိတ်ပူစရာ မလိုတော့ချေ။

"ကိုင်လီ....."

ပထမအကြိမ် တိုက်ခိုက်မှု ပြီးသည်နှင့် သွေးရဲရဲလေး၏အသံ ထွက်ပေါ်လာသည်။

ကိုင်လီက အနက်ရောင် ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားပြီး လုံ့ကိုကိုင်စွဲကာ လုံ့ထိပ်ဖျားကို ကောင်းကင်ပေါ် ညွှန်ပြ လိုက်သည်။ လုံ့ထိပ်ဖျားတွင် ခရမ်းရောင်လျှပ်စီးများ တဖျတ်ဖျတ် လျှပ်လာသည်။

ရုတ်တရက်ဆိုသလို ကောင်းကင်ပေါ်တွင် နက်မှောင်သော တိမ်တိုက်များ ဖြစ်ပေါ်လာပြီး ထိုတိမ်တိုက်များ၏ မျက်နှာပြင်ပေါ်တွင် ခရမ်းရောင် လျှပ်စီးများ တဖျတ်ဖျတ် လျှပ်နေသည်။

ခဏအကြာ ကောင်းကင်ပေါ်တွင် အဆုံးမရှိ မိုးခြိမ်းသံများ တခြိမ်းခြိမ်း မြည်လာပြီး မိုးကြိုးမုန်တိုင်း ကျရောက်လာသကဲ့သို့ မြေပေါ်ကို မိုးကြိုးများ ပစ်လွှတ်လိုက်သည်။

သန့်စင်စွမ်းအားနှင့် အတူပါလာသော လျှပ်စီးကြောင်းများသည် ကြမ်းတမ်း ညောင်မုတ်ဆိတ်များအတွက် အဆိပ် ကဲ့သို့ပင်။

ထို့အပြင် ချောကလက်လေး၏ နဂါးမီးလျှံကြောင့် ဒဏ်ရာများ ရထားသဖြင့် ကြမ်းတမ်းညောင်မုတ်ဆိတ် အများအပြားသည် မီးလောင်ကာ ပွဲချင်းပြီး သေဆုံးသွားကြသည်။ ကြမ်းတမ်းညောင်မုတ်ဆိတ် အနည်းငယ်သာ အသက် ရှင်နေသေးသော်လည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရထားပြီး သေလုနီးပါး ဖြစ်နေကြသည်။

လသားရဲနှင့် ကြမ်းတမ်း ညောင်မုတ်ဆိတ်များသည် အသက်လု နေရသည်။ သစ်သားအပိုင်းအစများ ပေါက်ကွဲခြင်း၊ နဂါးမီးလျှံနှင့် မီးရှို့ခံရခြင်း၊ မိုးကြိုး အပစ်ခံရခြင်းများ တွေ့ကြုံပြီးနောက် အသက်ရှင်ရန်

မလွယ်ကူပေ။ တိုက်ခိုက်ရန် မဆိုထားနှင့် ထွက်ပြေးရန်ပင် ခွန်အား မရှိတော့ချေ။

သွေးရဲရဲလေးသည် တိုက်ပွဲ၏ ရလဒ်အပေါ် စိတ်ကျေနပ်သည့်ပုံ မရှိသော်လည်း ကျန်သည့် မွန်းစတားများကို ချက်ချင်း ဝင်ရောက်တိုက်ခိုက်ရန် မတောင်းဆိုခဲ့ပေ။ ထိုအစား လန်စန်လော့ကို အော်ခေါ်လိုက်သည်။

လန်စန်လော့က ခေါင်းငြိမ့်ပြီး ကြမ်းတမ်းသောင်မုတ်ဆိတ်အချို့ ရှိနေသောနေရာသို့ ဆေဘာအား ဆန့်ထုတ်ကာ ညွှန်ပြလိုက်သည်။

ကောင်းကင်ပေါ်တွင် ထူးဆန်းသော လှိုင်းလုံးကြီး တစ်ခု ဖြစ်ပေါ်လာသည်။ ထို့နောက် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်းမသိ ထွက်ပေါ်လာသော အနက်ရောင် ခေါင်းတစ်စင်း ပေါ်လာသည်။

ခေါင်းသည် ကျဉ်းမြောင်း၍ ရှည်လျားကာ အရှည် တစ်မီတာခန့် ရှိ၏။

ပထမဦးဆုံးဆေဘာ ပေါ်လာပြီး မကြာခင် အလျား၊အနံတူသော ဒုတိယမြောက် ဆေဘာနှင့် တတိယမြောက်ဆေဘာ တစ်ချောင်းပြီး တစ်ချောင်း အဆက်မပြတ် ထွက်ပေါ်လာသည်။ မျက်စိတစ်မှိတ် အတွင်းမှာပင် လန်စန်လော့ အရှေ့၌

ထောင်ပေါင်းများစွာသော အနက်ရောင်ခဲးများ ပေါ်လာသည်။

ဆေဘာအားလုံး၏ ထိပ်ဖျားသည် လန်စန်လော့ ညွှန်ပြထားသော ကြမ်းတမ်း ညောင်မုတ်ဆိတ်အပင်များ ရှိနေသည့်နေရာသို့ ချိန်ရွယ်ထားပြီးနောက် အော်ဟစ်လိုက်သည်။

"သတ်..."

ထို့နောက် လေတိုးသံများနှင့်အတူ ကောင်းကင်တခွင်၌ ထောင်သောင်း များစွာသော ခဲးများ၏ တဝီဝီ ပျံသန်းနေသောအသံကို အတိုင်းသား ကြားနေရသည်။

ထောင်ပေါင်းများစွာသော ငါးများသည် မိုးသည်းထန်စွာ ရွာသွန်းသကဲ့သို့ ပြိုဆင်းလာကာ ကြမ်းတမ်း ညောင်မုတ်ဆိတ်များဆီသို့ ပြေးဝင်ပြီး သစ်ပင်ကိုယ်ထည်များထံ ထိုးဖောက် ဝင်ရောက်သွားကြသည်။

လန်စန်လော့၏ ဓားအသော်ချေက အားကောင်းလွန်း၍ မဟုတ်ပေ။ အင်မော်အဆင့် (၈) ၏ ကြံ့သလို တိုက်ခိုက်မှု တစ်ခုနှင့်သာ ယှဉ်နိုင်သည်။ ပုံမှန်အားဖြင့်တော့ ဤငါးများက ကြမ်းတမ်း ညောင်မုတ်ဆိတ်များကို အန္တရာယ် မပေးနိုင်ချေ။

သို့သော်လည်း ဤတိုက်ခိုက်မှုက ကြမ်းတမ်းညောင်မုတ်ဆိတ်များ၏ နောက်ဆုံး ကောက်ရိုးတစ်မျှင်ကို ဖြတ်ချလိုက်ခြင်းပင်....။

သေခြင်းတံခါးကို ခေါင်းချင်း ဆိုင်နေသော ကြမ်းတမ်းညောင်မုတ်ဆိတ်များသည် မခုခံနိုင်တော့ချေ။ မကြာခင် ခေါးများ၏ တိုက်ခိုက်မှုကြောင့် အနိစ္စသဘောနှင့် ကိစ္စချော သွားကြသည်။

ကြမ်းတမ်း ညောင်မုတ်ဆိတ်များသည် ချောကလက်လေးနှင့် ကျန်သည့် မွန်းစတားများ၏ (၃)ကြိမ်တိုင်တိုင် တိုက်ခိုက်မှုကြောင့် သေဆုံး

သွားကြသည်။ သူတို့ထဲတွင် ဆယ်ပုံ၊တစ်ပုံ မပြည့်သော အကောင်များသာ အသက် ရှင်သန်နိုင်ခဲ့ကြသည်။

လသားရဲများလည်း တော်တော်လေး သနားစရာ ကောင်းနေသည်။ လန်စန်လော့ ထိန်းချုပ်ထားသော ဓားသွား တိုက်ခိုက်မှုတိုင်း၊ အထူးသဖြင့် အစောပိုင်းက ကံကြမ္မာစွမ်းအင်များ ကုန်ဆုံးသွားသော လသားရဲများအတွက်မူ သေစေနိုင်သော တိုက်ချက် တစ်ခု ဖြစ်ခဲ့သည်။ လန်စန်လော့၏ ဓားသွား တိုက်ချက်တိုင်းက အသေအပျောက်နှုန်းကို တိုးမြင့် စေခဲ့သည်။

သို့သော် အကွာအဝေး အကန့်အသတ်ကြောင့် ဤတိုက်ခိုက်မှုသည် ကြမ်းတမ်းညောင် မုတ်ဆိတ် အပင်နှစ်ဆယ်ကျော်ကိုသာ ဖုံးအုပ်နိုင်ခဲ့သည်။

"ချောကလက်လေး၊ ကိုင်လီ၊ လန်စန်လော့ ဆက်ပြီး ကူညီကြအုံး။ ကျန်နေတဲ့ ကြမ်းတမ်း ညောင်မုတ်ဆိတ်တွေကို တိုက်ခိုက်ကြ။ လသားရဲ့ ကြမ်းတမ်း ညောင်မုတ်ဆိတ် ဘယ်လောက်သေသေ ဂရုမစိုက်နဲ့။ လက်ကျန်တွေကို အဆုံးသတ်ဖို့ ငါ့တာဝန်ထား..... "

သွေးရဲရဲလေးသည် ချောကလက်လေးနှင့် အခြား မွန်းစတားများကို ညွှန်ကြားပြီးနောက် ခန္ဓာကိုယ်ကို လှည့်၍ ပိုင်ကိုကြည့်လိုက်ကာ

"ပိုင်...၊ ကျန်တဲ့လူတွေကို ဦးဆောင်ပြီးတော့ မွန်းစတားတွေကို သုတ်သင် ရှင်းလင်းပါ။ ပထမ တိုက်ခိုက်မှုအပြီးမှာ အသက်ရှင်နေသေးတဲ့ ကြမ်းတမ်း ညောင်မုတ်ဆိတ်နဲ့ လသားရဲတွေကို သတ်။ ချောကလက်လေးတို့ အဖွဲ့ မတိုက်ခိုက်ရေးသေးတဲ့ နေရာကို မသွားနဲ့။ သူတို့နောက်က လိုက်ပြီး ရှင်းပစ်ရုံပဲ..."

သွေးရဲရဲလေးက သတိပေးစကား ပြောသည့်အချိန်၌ ရုပ်ဆိုးကို ရည်ရွယ်ချက် ရှိရှိ စိုက်ကြည့်ပြီး ပြောလိုက်ခြင်းပင် ။

ရုပ်ဆိုး လူ့ရှင်တော်က စပ်ဖြဲဖြဲပြုံးနေပြီး ဒီဘက်နားထဲကဝင်ပြီး ဟိုဘက် နားထဲက ထွက်သွားသလိုပင်.....။

“ငါ ကြည့်လုပ်လိုက်မယ်....."

ပိုင်က ရုပ်ဆိုးလူ့ရှင်တော်ကို တစ်ချက် ကြည့်ပြီးနောက် သွေးရဲရဲလေးအား တိုးတိုးလေး ပြောလိုက်သည်။

ထို့နောက် တစ်ချက်ခုန်ပြီး အော်ပြောလိုက်သည်။

"ငါ့ နောက်က လိုက်ခဲ့...."

အာဏာရှင်နှင့် ကျန်သည့် မွန်းစတားများသည် ပိုင်နှင့်ရုပ်ဆိုးနောက်မှ ခြွင်းချက်မရှိ လိုက်ပါသွားကြသည်။

သူတို့အဖွဲ့ ရောက်သောအခါ စိုးရိမ်ကြောင့်ကြခြင်းမရှိဘဲ သက်တောင့်သက်သာစွာ တိုက်ပွဲကြီးတစ်ခု စတင်လိုက်သည်။

မကြာခင် သွေးရဲရဲလေး ညွှန်ကြားသည့်အတိုင်း တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာခဲ့သည် ။ထိုတိုက်ပွဲသည် လင်းပွှမ် မျှော်လင့်ထားသလောက် မပြင်းထန်ခဲ့ပေ။

ချောကလက်လေး၊ ကိုင်လီနှင့် လန်စန်လော့တို့ သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ပြီးနောက် ကြမ်းတမ်း ညောင်မုတ်ဆိတ်ဖြစ်စေ၊ လသားရဲများဖြစ်စေ ပြန်လည် တိုက်ခိုက်ရန် ခွန်အား မရှိတော့ပေ။ ဒါသည် ပိုင်နှင့်ကျန်သည့် မွန်းစတားများအတွက် သတ်ပစ်ရန် ပိုမို လွယ်ကူစေခဲ့သည်။

သေချာသည်မှာ တစ်ဖက်သတ် သတ်ဖြတ်ပွဲကြီး ဖြစ်ပြီး စက္ကန့်နှင့်အမျှ လင်းဟွမ်၏အမှတ်များ တိုးမြင့် လာခဲ့သည်။

ကြမ်းတမ်း ညောင်မုတ်ဆိတ်များ ကြားထဲတွင် ပိုင်နှင့် ကျန်သည့်မွန်းစတားများက တိုက်ခိုက်ရင်း အလုပ်

ရှုပ်နေကြစဉ် ရုပ်ဆိုးလူရှင်တောကမူ အားလပ်ရက် ခရီးထွက်လာသကဲ့သို့ အေးအေးလူလူ လမ်းပတ်လျှောက်နေသည်။

အစပိုင်းတွင် ကြမ်းတမ်းညောင်မုတ်ဆိတ်များကို တိုက်ခိုက်ရန် ကူညီပေးခဲ့သော်လည်း မကြာခင် အချောင်ခိုလာသည်။ ဒါသည် အသင်းအဖွဲ့၏ တိုက်ခိုက်မှုကို သက်ရောက်မှု မရှိသောကြောင့် သွေးရဲရဲလေးက ဆူပူကြိမ်းမောင်းခြင်း မရှိပေ။

ရုပ်ဆိုး လူရှင်တော်သည် ကြမ်းတမ်း ညောင်မုတ်ဆိတ် တစ်ပင်ကို ငါးကြိမ်တိုင်တိုင် သေသေချာချာ စစ်ဆေးပြီးနောက် လမ်းလျှောက်

သွားနေသည်။ ထို့နောက် အဖြူရောင်လက်အိတ်ဝတ်ဆင်ထားသော ညာဘက်လက်ကို ဝှေ့ယမ်းလိုက်သည်။ မကြာခင် မည်သည့်နေရာက ထွက်ပေါ်လာမှန်း မသိ ထွက်ပေါ်လာသော ရောမလက်ကြီးတစ်ခု ထွက်ပေါ်လာပြီး ကြမ်းတမ်းညောင်မုတ်ဆိတ် အပင်ကို ဖမ်းကိုင်၍ အလွယ်တကူ နှုတ်ပစ်လိုက်သည်။ ထို့နောက် ကောင်းကင်ပေါ် ဆွဲတင်သွားကာ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။

သွေးရဲရဲလေးနှင့် လင်းဟွမ်တို့သည် ထိုမြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

"ရုပ်ဆိုး..... မင်း.... ဘာလုပ်နေတာလဲ"

သွေးရဲရဲလေးက မျက်မှောင်ကြုတ်ပြီး မေးခွန်း ထုတ်လိုက်သည်။

"သူတို့အားလုံးကို သတ်လိုက်တာက ဖြုန်းတီးမှု တစ်ခုပဲ။ ငါက လက်တွေ့ စမ်းသပ်မှုလုပ်ဖို့ သူတို့ထဲက တစ်ချို့ကို အရှင်လတ်လတ် ဖမ်းချင်တာ..."

ရုပ်ဆိုးလူရှုင်တော်က သွေးရဲရဲလေးကို ရဲတင်းစွာ ပြောလိုက်သည်။ ပေးထားသော ညွှန်ကြားချက်မှာ အသေသတ်ရန် ဖြစ်သော်လည်း ရုပ်ဆိုးလူရှုင်တော်ကမူ သူတို့ထဲမှအချို့ကို အရှင်လတ်လတ် ဖမ်းဆီးချင်နေသည်။ အမှန်တကယ်ဆို ဒါက သွေးရဲရဲလေး၏အမိန့်ကို ဖီဆန်

နေခြင်းပင်။ သွေးရဲရဲလေးလည်း ဘာမှ ထပ်မပြောတော့ပေ။

"ရတယ် ထားလိုက်....."

ထို့နောက် လင်းဟွမ်က သွေးရဲရဲလေးကို တိုးတိုးလေး ကပ်ပြောလိုက်သည်။ ရုပ်ဆိုးလူ့ရှင်တော်ကို မဆူချင်ပေ။ အမှန်တကယ်ဆို အရှင်လတ်လတ် ဖမ်းဆီးချင်သော ရုပ်ဆိုးလူ့ရှင်တော်၏ ဆုံးဖြတ်ချက်က အမှားမရှိပေ။

ရုပ်ဆိုး လူ့ရှင်တော်က တစ်ပင်ပြီး တစ်ပင် ဆွဲနှုတ်နေပြီး တိုက်ပွဲကလည်း လျှင်မြန်စွာ ပြီးဆုံးသွားခဲ့သည်။

(၁၀)မိနစ်ခန့် ကြာသောအခါ တိုက်ပွဲက အဆုံးသတ်သွားသည်။ သူတို့သည် လသားရဲအားလုံးကို ချေမှုန်းနိုင်ခဲ့သလို ကြမ်းတမ်း ညောင်မုတ်ဆိတ် သုံးပုံ၊နှစ်ပုံက တိုက်ပွဲအတွင်း၌ ကိုယ့်ကိုယ်ကို စတေးသွားကြသည်။

လက်ကျန် ကြမ်းတမ်း ညောင်မုတ်ဆိတ်များကို ရှင်းလင်းဖို့အတွက် သွေးရဲရဲလေးက နောက်ဆုံး ညွှန်ကြားချက်ပေးရန် လုပ်လိုက်စဉ် သူ့ခန္ဓာကိုယ်က ရုတ်တရက် တောင့်တင်းသွားသည်။

တစ်ချိန်တည်းမှာပင် သွေးရဲရဲလေး ဘေးတွင် ရပ်နေသော လင်းဟွမ်ကလည်း ထိတ်လန့်

တုန်လှုပ်သွားသော အမူအရာ ပေါ်လာသည်။ လင်းဟွမ်သည် လည်ပင်း တောင့်တင်းသွားပြီး အနီးနားမှ သွေးရဲရဲလေးကို လှမ်းကြည့်လိုက်သည်။

တုန်လှုပ်ချောက်ခြားနေသော မျက်နှာများနှင့် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်ကြသည်။ သူတို့ မြင်ခဲ့သည့် အရာကို သူတို့ သိကြသည်။

"အဲဒါက ငါတို့ကို ရှာတွေ့သွားတဲ့ပုံပဲ"

သွေးရဲရဲလေးက စိုးရိမ်နေသည်။

"ဟုတ်တယ်။ တကယ်တော့ ငါ့တို့ကို စိုက်ကြည့်နေပြီ"

လင်းဟွမ်က အားတင်းကာ ပြုံးလိုက်ပြီး ခေါင်းခါပြလိုက်သည်။

"သူမက ငါ့ရဲ့ နယ်မြေပိုင်နက် အသိစိတ်ထဲ ဝင်လာတာနဲ့ တစ်ခုခု မှားနေပြီဆိုတာ သိလိုက်တယ်။ ငါ့ရဲ့စိတ်စွမ်းအားကို အပြင်ဘက်ကနေ စစ်ဆေးနေတာ ဖြစ်လိမ့်မယ်။ အဲဒါက ငါ့စိတ်စွမ်းအားနဲ့ တန်းတူလောက်ပဲ။ အဲဒီနောက် အဆက်အသွယ်ရပြီး ငါ့နေရာကို ရှာနိုင်တာပဲ"

လင်းဟွမ်က အဖြစ်အပျက်များနှင့် ပတ်သတ်၍ သွေးရဲရဲလေးကို ပြောပြလိုက်သည်။

" ဒီခရီးစဉ် တစ်လျှောက်လုံးမှာ ငါက ထောင်နဲ့ချီတဲ့ မျှော့မျိုးစေ့တွေကို ဝှက်ထားခဲ့ပေမယ့် တစ်ချက်တည်းနဲ့ အဖျက် ခံလိုက်ရတယ်။ စောစောတုန်းကတော့ ဘယ်လိုလိုက်တာလဲ ဆိုတာ စဉ်းစားနေတာ။ အခုတော့ မင်းပြောတာ နားထောင်ပြီး ငါ နားလည်သွားပြီ။ ဒါက သူ့ရဲ့စိတ်စွမ်းအားကြောင့်ပဲ။"

ပြိုင်ဘက်၏အစွမ်းပေါ် ထိတ်လန့်ကြောက်ရွံ့နေသော သွေးရဲရဲလေးသည် ယခုမှ စိတ်သက်သာရာ ရသွားသည်။

"သူ့မှာ စိတ်စွမ်းအား မရှိရင်တောင် တကယ် အားကောင်းတယ်။ သူ့ရဲ့အော်ရာက ချန်းသွမ်နဲ့တောင်

ယှဉ်လို့ရတယ်။ ငါကြုံဖူးသမျှထဲမှာ အစွမ်းထက်ဆုံး အင်မော်တယ်အဆင့် မွန်းစတားပဲ…”

လင်းဟွမ်လည်း မျက်နှာပျက်ယွင်း နေပြီ။

"ထွက်သွားကြမလား.."

သွေးရဲရဲလေးက မေးလိုက်သည်။

"အင်း…. ထွက်သွားမယ်။"

လင်းဟွမ်က လျင်မြန်စွာ ခေါင်းညိတ်လိုက်သည်။

"ပျားဘုရင်မရဲ့ စွမ်းရည်က မယုံနိုင်စရာပဲ။ နောက်ပြီးတော့ သန်းနဲ့ချီနေတဲ့ တိုက်ခိုက်ရေး ပျားနတ်ဆိုးတွေကလည်း ရှိသေးတယ်။ နောက်ပြီးတော့

အင်မော်တယ် အဆင့် (၉) ရှိတဲ့ စောင့်ရှောက်သူ (၁၂)ကောင်လည်း ရှိသေးတယ်။ ငါတို့ရဲ့ လက်ရှိ စွမ်းရည်နဲ့ဆိုရင် တိုက်ခိုက်နိုင်စွမ်း မရှိသေးဘူး။ ငါတို့ဆီမှာ အမှတ်တွေလည်း လုံလောက်နေပြီ...."

လင်းဟွမ်သည် ကီလိုမီတာ များစွာအကွာမှ ပျားဘုရင်မတစ်ကောင် ဦးဆောင်နေသော စစ်တပ်ကြီးကို လှမ်းကြည့်ပြီး ပြုံးလိုက်သည်

"လက်ကျန် ကြမ်းတမ်း ညောင်မှတ်ဆိတ်တွေကို အသက်ရှင်ခွင့်ပေးပြီး သူတို့ကို ဒုက္ခပေးခဲ့ရအောင်....."

## အခန်း(၇၉၂) - နတ်ဘုရားတစ်ပိုင်းခေတ်ကြွင်း သုံးခု။

ဦးဆောင်သူ စာရင်းပေါ်ရှိ ပထမနေရာမှ နာမည်၏ အမှတ်များက အဆက်မပြတ် တိုးတက်လာသည်ကို မြင်လျှင် ကြယ်လမ်းစဉ်သစ်ပင်မှ လူများသည် စတင် ငြီးငြူလာကြသည်။

လင်းဟွမ်၏ အမှတ်များက မရပ်တန့်ပေ။

သို့သော်လည်း အမှတ်က (၂၈၇) သန်းသို့ ရောက်သွားသောအခါ တိုးတက်မှုက ရုတ်တရက်

ရပ်တန့်သွားသောကြောင့် လူအများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့သည်။

"လင်းရှီရဲ့ အမှတ်တွေက လွန်ခဲ့တဲ့ (၁၀) မိနစ်ကတည်းက အဆက်မပြတ် မြင့်တက်နေတာ အခု ရပ်တန့်သွားပြီ။ ဒါပေမယ့် ဦးဆောင်စာရင်းပေါ်က နာမည်က လင်းနေတယ်ဆိုတော့ သူ လိုင်းပေါ်မှာ ရှိနေတုန်းပဲ....။ ပုန်းဖို့နေရာ ရှာနေတာလား......"

"မွန်းစတားအလုံးအရင်း ကျူးကျော်မှုက အခုမှ စပေမယ့် သူ မတိုက်ခိုက်နိုင်လောက်ဘူး။ ငါတို့ ထင်သလောက်တော့ မသန်မာဘူး ထင်တယ်၊ တစ်ညလုံး တိုက်နိုင်မယ်လို့ ငါက ထင်ထားတာ...."

"မင်းပြောတာ သိပ်မကြာသေး သလိုပဲ။ အတိအကျ ပြောရမယ်ဆိုရင် နှစ်နာရီ ရှိသွားပြီ။ လင်းရှီက လျှို့ဝှက်သစ်တောထဲမှာ မွန်းစတားအလုံးအရင်း ကျူးကျော်မှုကြီးကို တားဆီးဖို့ သတ္တိရှိတယ်။ နှစ်နာရီတောင် တိုက်ခိုက်ပြီးပြီ သူ မသေသေးဘူး။ လင်းရှီက အစွမ်းမထက်ဘူးလို့ ထင်နေတဲ့လူတွေ... လျှို့ဝှက် သစ်တောထဲသွားပြီး နှစ်နာရီကြာအောင် အသက်ရှင်နိုင်မလားဆိုတာ စမ်းကြည့်ပါလား....."

...

လင်းဟွမ်က ပါရမီရှင်သမဂ္ဂထဲတွင် ပြုလုပ်နေသော ဆွေးနွေးမှုနှင့် ပတ်သက်၍ လုံး၀ စိတ်မဝင်စားပေ။

ထွက်ခွာမည့်အစား ကြယ်လမ်းစဉ် ကုန်တိုက်ထဲ ဝင်သွားခဲ့သည်။

"စုစုပေါင်း အမှတ် (၂၈၇) သန်း ရှိတယ်။ အမှတ် (၂၆၃)သန်းက ကံကြမ္မာသလင်းကျောက် (၂၆၃) ဘီလီယံနဲ့ ညီမျှတယ်။ ရလဒ်က ငါ့မျှော်လင့်တာထက် လုံးဝ ကျော်သွားပြီ"

လင်းဟွမ်က ရယ်မောပြီး ပြောလိုက်သည်။ ယခင်က အမှတ် (၂၄) သန်းရထားပြီးသား ဖြစ်သောကြောင့် နှစ်ရက်အတွင်း အမှတ်ပေါင်း သန်းဆယ်နှင့်ချီပြီး ရနိုင်လျှင် ကံကောင်းမည်ဟု ထင်ခဲ့သည်။

သွေးရဲရဲလေး၏ တိုက်ပွဲဗျူဟာကို အသုံးပြုပြီး သူရခဲ့သော အမှတ်များမှာ သူမျှော်လင့်ထားသည်ထက် ပိုများနေလိမ့်မည်ဟု မထင်ထားခဲ့ချေ။

"ကံကြမ္မာ သလင်းကျောက်တွေက မင်းရဲ့ အမှတ်တွေနဲ့ တိုက်ရိုက်လဲဖို့ မတန်ဘူး"

သွေးရဲရဲလေးက သတိပေးလိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်မှ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်ကို မပြန်ခင် ပိုင်နှင့် ကျန်သည့် မွန်းစတားများကို ကတ်ပုံစံ ပြန်သိမ်းလိုက်သည်။ သူနှင့်အတူ သွေးရဲရဲလေးကိုသာ ကြယ်လမ်းစဉ် ကုန်တိုက်ထဲ ခေါ်ဆောင်လာခဲ့သည်။

"ငါ သိတယ် အပြင်မှာရောင်းမှာ၊ ဒီမှာက လဲလှယ်ရကျိုးနပ်တဲ့ပစ္စည်းတွေ ရှိ၊မရှိ ကြည့်ရအောင် မင်းကို ခေါ်လာတာ။"

လင်းဟွမ်သည် ကံကြမ္မာ သလင်းကျောက်များအတွက် သူ့အမှတ်များကို တိုက်ရိုက် လဲလှယ်မည်မဟုတ်ပေ။ ဤကဲ့သို့ လုပ်ဆောင်ခြင်းက တုံးအလွန်းရာ ကျ၏။

"ပစ္စည်းက ပိုရှားပါးလေလေ လေလံပွဲမှာ ကမ်းလှမ်းတဲ့ ဈေးနှုန်းက ပိုမြင့်လေလေပဲ....။ မင်းအမှတ်တွေအရ ဦးစားပေး ရွေးချယ်မှုအနေနဲ့ နတ်ဘုရားတစ်ပိုင် ခေတ်ကြွင်းတွေ ဝယ်သင့်တယ်...။ နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတွေ ထဲမှာတောင်

နတ်ဘုရားတစ်ပိုင်းအဆင့် ဓါးနဲ့ ဆေဘာတွေက ဝယ်လိုအား များတယ်။ နောက်ပြီးတော့ နတ်ဘုရားတစ်ပိုင်းအဆင့် ချပ်ဝတ်တန်ဆာတွေကို ရောင်းမယ်ဆိုရင်လည်း ဝယ်သူမရှိမှာကို စိုးရိမ်နေစရာ မလိုဘူး”

သွေးရဲရဲလေးက ရယ်မောရင်း အကြံပေးလိုက်သည်။

"အမှတ် (၂၆၃) သန်းက အများကြီးလို့ ထင်ရပေမဲ့ နတ်ဘုရားတစ်ပိုင်းအဆင့် ခေတ်ကြွင်း နည်းနည်းလေးပဲ ဝယ်လို့ ရတာပဲ။ ကြယ်လမ်းစဉ် ကုန်တိုက်ထဲမှာ ဈေးအသက်သာဆုံး နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတောင် အမှတ် (၁ဂ) သန်း ရှိတယ်။"

လင်းဟွမ်သည် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းများ၏ ဈေးနှုန်းကို အကြမ်းဖျင်း ကြည့်လိုက်သည်။ ထို့နောက် ကြယ်လမ်းစဉ် ကုန်တိုက်ရှိ စခရင်ကြီးကိုကြည့်ကာ ပစ္စည်းများကို ထပ်မံ စစ်ဆေးလိုက်သည်။

"ဈေးအသက်သာဆုံး နတ်ဘုရားတစ်ပိုင်းအဆင့် ဆေဘာက အမှတ် (၁၆) သန်းရှိတယ်။ ဓါးက အမှတ် (၁၅)သန်းနဲ့ ချပ်ဝတ်တန်ဆာက အမှတ် (၁၉) သန်း..."

လင်းဟွမ်သည် ယခင်က သူမြင်ဖူးသည့် အရာများထက် များစွာ ပိုမို၍ ဈေးကြီးနေကြောင်း သဘောပေါက်လိုက်သည်။ ဈေးသက်သာသော

ပစ္စည်းများကို အခြားသူများ ဝယ်ယူသွားခြင်း ဖြစ်နိုင်သည်။

"အသေးစိတ် အချက်အလက်တွေ စစ်ဆေးပေး"

သွေးရဲရဲလေးက လင်းဟွမ် ပြောသည့်အတိုင်း စခရင်မျက်နှာပြင်ကို စိုက်ကြည့်လိုက်သည်။

ကြယ်လမ်းစဉ် ကုန်တိုက်ထဲတွင် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း အနည်းငယ်သာ ကျန်ရှိတော့သည်။ သူတို့ထဲမှ အများဆုံးမှာ ဆေးဘာဖြစ်ပြီး (၂၈) ခုရှိသည်။ အနည်းဆုံးမှာ ချပ်ဝတ်တန်ဆာဖြစ်ပြီး (၁၇) ခု၊ ဓါးက (၂၃) ချောင်း ရှိသည်။

လင်းဟွမ်နှင့် သွေးရဲရဲလေးတို့သည် ဤပစ္စည်းသုံးမျိုး၏ အသေးစိတ် အချက်အလက်များကို ဖတ်ကြည့်လိုက်ကြသည်။

"ဈေးအမြင့်ဆုံးရတဲ့ ပစ္စည်းတွေက အရည်အသွေး အကောင်းဆုံးတွေပဲ။ အဲဒါတွေကို လေလံပွဲမှာ ရောင်းရင် တန်ဖိုးအရ အမြတ်နည်းမယ်"

လင်းဟွမ်သည် ဤကိစ္စနှင့် ပတ်သက်၍ ကောင်းကောင်း နားလည်သည်။

"ဒါဆိုရင် ငါတို့က ဈေးလျော့တဲ့ ပစ္စည်းတွေပဲ ဝယ်သင့်တာပေါ့...."

"လေလံပွဲမှာ ရောင်းချမယ့် ပစ္စည်းစာရင်း မြင်ပြီးပြီလား။ နောက်ဆုံးနေ့မှာ ရောင်းချမယ့် နောက်ဆုံးပစ္စည်းက ဘာလဲ...."

သွေးရဲရဲလေးက ချက်ခြင်း အကြံမပေးသေးဘဲ မေးလိုက်သည်။

"နောက်ဆုံးနေ့မှာ ရောင်းချရမယ့် ပစ္စည်းနှစ်ခုက နတ်ဘုရားတစ်ပိုင်းအဆင့် ဆေဘာနဲ့ နတ်ဘုရားတစ်ပိုင်းအဆင့် တိုက်ခိုက်ရေး ဓါးတစ်လက်ပဲ....."

"ဒီ နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းနှစ်ခုပဲ ရောင်းမှာလား...."

"ဟုတ်တယ်၊ သူတို့မှာ နှစ်ခုပဲရှိတယ်။ နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတွေက ဂေါ်ဖီထုပ်တွေ မဟုတ်ဘူး။ နောက်ဆုံးနေ့မှာ ဒီပစ္စည်းနှစ်ခုကို ရောင်းတာက ဆွဲဆောင်မှု တစ်ခုလို့ ယူဆလို့ ရတယ်....."

လင်းဟွမ်က ခေါင်းညိတ်ရင်း ပြောလိုက်သည်။

"နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းနှစ်ခုရဲ့ အရည်အသွေးက ဘယ်လိုလဲ....."

သွေးရဲရဲလေးက ထပ်မေးလိုက်သည် ။

"ပေးထားတဲ့ အချက်အလက်တွေ အရတော့ သူတို့ရဲ့ အရည်အသွေးက ဒီပစ္စည်းတွေနဲ့ အတူတူပဲ....."

ထို့နောက် လင်းဟွမ်က စခရင်ပေါ်ရှိ နတ်ဘုရားတစ်ပိုင်းအဆင့် ဆေဘာ တစ်ချောင်းနှင့် ဓါးတစ်လက်ကို ညွှန်ပြလိုက်သည်။ ဆေဘာ၏ ဈေးနှုန်းမှာ အမှတ် (၂၂) သန်းဖြစ်ပြီး ဓါးက အမှတ် (၂၃)သန်း ဖြစ်သည်။

"လေလံပွဲ နောက်ဆုံးနေ့မှာ ရောင်းချမယ့် စာရင်းတွေအရဆိုရင် နောက်ဆုံးနေ့မှာ ရောင်းချမယ့် ပစ္စည်းတွေရဲ့ အရည်အသွေးကို ပြောင်းလဲအောင်လုပ်ဖို့ အကြံပေးချင်တယ်"

သွေးရဲရဲလေးက ရယ်မောရင်း ပြောလိုက်သည်။

"လေလံပွဲ နောက်ဆုံးနေ့မှာ ရောင်းတဲ့ပစ္စည်း ဖြစ်ဖို့ဆိုရင် အရည်အသွေး ပိုကောင်းတဲ့ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတွေကို ရှာသင့်တယ်လို့ ပြောချင်တာလား...."

"ဟုတ်တယ်၊ မင်း မှန်တယ်။ သူတို့ရောင်းမယ့် နောက်ဆုံးပစ္စည်းကို ကြိုကြေငြာထားပြီး ဈေးနှုန်းကလည်း သတ်မှတ်ပြီးသား ဖြစ်လို့ အရည်အသွေးပိုကောင်းတဲ့ ပစ္စည်းတွေကို ပေးလိုက်မယ် ဆိုရင် ပိုကောင်းတဲ့ဈေးနှုန်း ရနိုင်တယ်။ လူတွေက ဒီပစ္စည်းတွေနဲ့ အရည်အသွေးချင်း နှိုင်းယှဉ်ပြီးတော့

အရည်အသွေး ပိုကောင်းတဲ့ နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတွေကိုပဲ လေလံဆွဲကြလိမ့်မယ်။"

သွေးရဲရဲလေး စိတ်ထဲတွင် အစီအစဥ်တစ်ခု ရှိနှင့်နေပြီသားပင် ....

"ဒါပေမယ့် သူတို့က ပစ္စည်းစာရင်း ကြော်ငြာ ပြီးသွားပြီ။ ငါက ပစ္စည်းတွေကို ဒီနေ့ ပို့မယ်ဆိုရင်တောင် နည်းနည်း နောက်ကျနေတော့ ငါ့အတွက် အကောင်းဆုံး ဈေးနှုန်း ပေးပါ့မလား..."

လင်းဟွမ် စိုးရိမ်နေသေးသည်။

"စိတ်မပူနဲ့။ သူတို့က ဒီနယ်ပယ်မှာ ကျွမ်းကျင်တဲ့ လူတွေပဲ။ နည်းလမ်း ရှိမှာပါ။ ငါတို့က သူတို့လက်ထဲ

ပစ္စည်း ပေးလိုက်ဖို့ပဲလိုတယ်...။ ကျန်တာ သူတို့ လုပ်လိမ့်မယ်"

သွေးရဲရဲလေးက ယုံကြည်မှုအပြည့်နှင့် အာမ ခံလိုက်သည်။

" ဒီဟာ ရွေး....။ အမှတ် (၃၁) သန်း ကျတယ်။ အမှတ် (၂၃) သန်း ကုန်ကျတဲ့ ဆေဘာထက် အရည်အသွေး ပိုကောင်းတယ်။ ဓါးကိုတော့ အမှတ် (၂၉) သန်းတန် ရွေး....."

သွေးရဲရဲလေးက စကားပြောနေရင်း အမှတ် (၃၃) သန်းတန် ချပ်ဝတ်တန်ဆာ အတွဲကို ရွေးချယ်လိုက်သည်။

"ဒီပစ္စည်း သုံးမျိုးလား...."

လင်းဟွမ်က မေးလိုက်သည်။

"ဟုတ်တယ်၊ ဒီသုံးမျိုးဆို လုံလောက်ပြီ။ မတူညီတဲ့ပစ္စည်း သုံးမျိုးနဲ့တင် ဖောက်သည်အုပ်စု သုံးစုကို ပစ်မှတ်ထားနိုင်ပြီ။ ဒါက ရောင်းချတဲ့ တစ်ခုတည်းသော ချပ်ဝတ်တန်ဆာပဲ။ လေလံဆွဲတဲ့ လူတွေကို စိတ်လှုပ်ရှားစေမှာ အမှန်ပဲ.....။ လေလံပွဲမှာ ဆေဘာတစ်ချောင်းနဲ့ ဓါးတစ်ချောင်းက ရောင်းချပြီးသား။ ဓားတစ်ချောင်းနဲ့ ဆေဘာတစ်ချောင်း ဝယ်ရင် လုံလောက်ပြီ။ ဒီထက်ပိုနေရင် တန်ဖိုးမရှိဘူးလို့ တွေးကြလိမ့်မယ်။ တခြားပစ္စည်းတွေ ယူစရာ မလိုတော့ဘူး"

သွေးရဲရဲလေးက ရှင်းပြလိုက်သည်။

ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့ဝင်များသည် သူတို့၏ဝယ်ယူမှု အပေါ်တွင် (၃၀) ရာခိုင်နှုန်း လျှော့စျေးရသည်။

လင်းဟွမ်က သွေးရဲရဲလေး ရွေးချယ်ထားသော နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း သုံးခုကို ဝယ်ယူရန် အမှတ်(၆၅.၁) သန်း အသုံးပြုခဲ့ရသည်။

ဒါသည် ပစ္စည်းနှစ်ခုဝယ် တစ်ခု အလကားရခြင်းနှင့် ညီမျှသည်။ အမှတ် (၂၈) သန်းခန့် ချွေတာနိုင်ခဲ့သည်။ အစကတော့ စိတ်မကောင်း ဖြစ်နေခဲ့ပြီး ယခုမူ အပျော်က ပိုများနေသည်။

လင်းဟွမ်သည် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းသုံးခု ဝယ်ယူပြီးနောက် နာရီဝက်ခန့် ကြာသောအခါ လျှို့ဝှက်သစ်တောမှ ထွက်လာပြီး ပါရမီရှင်သမဂ္ဂထဲမှ ထွက်လိုက်သည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှလူများက လင်းဟွမ် တစ်ခုခုဖြစ်နေပြီလားဟု တွေးတောရင်း ဦးဆောင်သူ စာရင်းပေါ်ရှိ အမှတ်များကို စိုက်ကြည့်နေကြသည်။

နာရီဝက် ကြာသောအခါ လင်းဟွမ်၏နာမည်က မှိန်ဖျော့သွားသည့်တိုင် အမှတ်များက ပြောင်းလဲသွားခြင်း မရှိခဲ့ပေ။

"လင်းရှီ ထွက်သွားပြီလား..."

"နာရီဝက် ကြာတာတောင် သူ့အမှတ်တွေက မပြောင်းဘူး။ သူက အခုမှ စကစားနေတာလေ။ ဒီအချိန်မှာ ဘာဖြစ်လို့ ထွက်သွားရတာလဲ။ သူ ဘာလုပ်နေတာလဲ၊ ငါတို့ကို လှည့်စားနေတာလား....."

"သူဟာ ကြောက်စရာကောင်းတဲ့ မွန်းစတား တစ်ကောင် ဒါမှမဟုတ် ရောမ မွန်းစတားတွေနဲ့တွေ့ပြီး ထွက်ပြေးနေတာများ ဖြစ်နေမလား...."

ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ ချက်ချင်း ထွက်ခွာသွားခြင်း မဟုတ်သောကြောင့် လူအများက ဤယူဆချက်ကို သဘောတူခဲ့ကြသည်။ ထွက်ခွာရန် နှစ်စက္ကန့်ခန့် ကြန့်ကြာမှု ရှိ၏။ အကယ်၍

လူတစ်ယောက်က နှစ်စက္ကန့်အတွင်းတွင် အာရုံပျံ့လွင့်နေပါက ထိုလူသည် ထွက်မရတော့ပေ။ လွန်ခဲ့သော နာရီဝက်ခန့်က လင်းဟွမ်ကို မွန်းစတားများက လိုက်ဖမ်းနေခဲ့မည်ဆိုလျှင် အရာအားလုံးက အဓိပ္ပါယ် ရှိသည်။

ကြယ်လမ်းစဉ် သစ်ပင်ပေါ်မှ လူတိုင်းဆွေးနွေးနေကြစဉ် လင်းဟွမ်ကမူ ရုပ်ဖျက်ပြီး ဝမ်ပေါင်မြို့လေလံပွဲသို့ အပြေးအလွှား သွားနေသည်။

## အခန်း(၇၉၃) - တစ်မူထူးခြားသော ရုပ်ဖျက်မှု

"လှည့်စားခြင်းကတ်ကို အသက် သွင်းပြီးပါပြီ။ ကျေးဇူးပြုပြီး ရုပ်ဖျက်ဖို့အတွက် ပုံစံ ရွေးချယ်ပေးပါ"

"သင် ရုပ်ဖျက်ချင်တဲ့မျိုးနွယ်ကို ရွေးချယ်ပေးပါ..."

"လူသား မျိုးနွယ်..."

"ကျား/မ ရွေးချယ်ပေးပါ..."

"ကျား..."

"ရုပ်ဖျက်ချင်တဲ့ တိုက်ခိုက်ရေးအဆင့်ကို ရွေးချယ်ပေးပါ..."

"နတ်ဘုရားတစ်ပိုင်း အဆင့်..."

"အသေးစိတ် ဓာတ်ကောင်ဒီဇိုင်းကို ပြုလုပ်ပေးပါ..."

"ကျပန်း..."

"ဓာတ်ကောင်ရဲ့ ခန္ဓာကိုယ်ကို ကျပန်း ဖန်တီးနေပါတယ်... အသွင်အပြင်နဲ့ ဝတ်စားဆင်ယင်မှု ၊ ဓာတ်ကောင် စရိုက်ကိုလည်း ကျပန်း ပြင်ဆင်နေပါတယ်"

"ရုပ်ဖျက်မှုကို အတည်ပြုလား...၊ တကယ်လို့ အတည်မပြုရင် ကျပန်းပြင်ဆင်မှုကို နောက်တစ်ကြိမ် ပြုလုပ်ပေးမယ်..."

“အတည်ပြုတယ်…”

ပိန်ပါးပြီး အရပ်ရှည်သော လူတစ်ယောက်အဖြစ် ကျပန်း ပြုလုပ်ပေးခဲ့သည်။ ခြေတံလက်တံ ရှည်ကာ အရပ်မှာ (၁.၉၂) မီတာခန့် ရှိ၏။ လက်ဖဝါး အရွယ်အစားက သာမန် လူတစ်ယောက်ထက် အဆပေါင်းများစွာ ကြီးမားသော်လည်း ထိုအရာ အားလုံးက လင်းဟွမ်၏အာရုံကို ဆွဲဆောင်နိုင်သည့် အချက် မဟုတ်သေးပေ….။

သူ့ကို အံ့အားသင့်စေသည့် အရာမှာ မှန်ကို စိုက်ကြည့်ပြီးနောက် ရောင်ပြန်ဟပ်နေသော သူ့ပုံရိပ်ပင်…။

ကြမ်းတမ်း ရက်စက်သော်လည်း ခန့်ညားသော မျက်နှာ ရှိသည်။ သွေးရောင်တောက်ပ၍ သွေးဆာနေသော မျက်လုံးတစ်စုံနှင့် ညိုနေသော မျက်နှာက ထူးခြားစေသည်။ ဘေးဘက်မှ ကြည့်ပါက ကြင်နာ သနားတတ်မည့်သူ မဟုတ်ကြောင်း ထင်ရှားနေသည်။ သူ့မျက်လုံးကို ကြည့်လိုက်ရုံနှင့် သူ့လက်တွင် သွေးမည်မျှ စွန်းထင်းခဲ့ပြီလဲ ဆိုသည်ကို တွေးမိကြလိမ့်မည်။

လင်းဟွမ်သည် မှန်ကို ကြည့်ပြီးနောက် ပြုံးလိုက်သည်။ ပါးစပ်ကို အကျယ်ကြီး ဖွင့်လိုက်လျှင် အေးစက် ရက်စက်သော အငွေ့အသက်က ပျံ့နှံ့လာသည်။

သူ့ပုံရိပ်ကို သူပြန်မြင်ပြီး တုန်လှုပ် ချောက်ချားသွားကာ ကြွမ်းကြွမ်းတမ်းတမ်း ပြုံးကြည့်လိုက်သည်။

"ကြည့်ရတာ ကြောက်စရာကြီး..."

လင်းဟွမ်သည် ခန္ဓာကိုယ်အသစ်နှင့် ရင်းနှီးအောင် မှန်ရှေ့တွင် လှုပ်ရှားမှု အချို့ ပြုလုပ်ကာ လေ့ကျင့်နေခဲ့သည်။

ထို့နောက် အနက်ရောင် ကုတ်အင်္ကျီအရှည်ကို ဝတ်ဆင်လိုက်သည်။ ရှည်လျားသော ဝတ်စုံက သူ့ခန္ဓာကိုယ်ကို အပြည့်အဝ ဖုံးလွှမ်းသွားသည်။ ဝတ်စုံကို ဝတ်ဆင်ပြီးနောက် သူ့ခန္ဓာကိုယ် ပုံပန်းသဏ္ဍာန်ကို ရှာဖွေတွေ့ရှိရန် ခက်ခဲသွားသည်။ ခေါင်းတွင် ဦးထုပ်နှင့်

ဖုံးထားပြီး ဆံပင်ကိုပင် လုံးဝ မမြင်ရချေ။ ဦးထုပ်အရိပ်ကျနေသောကြောင့် မျက်နှာကိုလည်း မမြင်နိုင်ပေ..။ ထို့ကြောင့် သူ့ကို ရှင်းရှင်းလင်းလင်း မြင်ရရန်ခက်ခဲလှ၏။

"ဒီလို ဝတ်လိုက်တော့ ပိုတောင် ကြောက်စရာကောင်းလာသေးတယ်..."

လင်းဟွမ်က ကိုယ့်ကိုယ်ကို ပြန်ကြည့်၍ လှောင်ပြောင် ရယ်မောလိုက်သည်။

ကောင်းကောင်းမွန်မွန် သေသေချာချာ ပြင်ဆင်ပြီးနောက် ဝမ်ပေါင် လေလံပွဲသို့ ဦးတည်သွားလိုက်သည်။

ဝမ်ပေါင်လေလံပွဲကို မနက် (၈) နာရီမှ ည (၁၂) နာရီအထိ တစ်ရက်လျှင် (၁၆) နာရီ ဖွင့်လှစ်ထားသည်။ လင်းဟွမ်သည် ပါရမီရှင် သမဂ္ဂထဲမှ ထွက်လာသောအခါ ည (၁၀) နာရီပင် မထိုးသေးချေ။ ယခုဆိုလျှင် (၁၀) နာရီကျော်လောက်သာ ဖြစ်လိမ့်မည်။

လေလံပွဲသို့ ရောက်သောအခါ ပုံမှန်အတိုင်း လူစည်ကားနေသေးသည်။ လေလံပွဲ တရားဝင် မစခင် တစ်ပတ်အလို၌ မတူညီသော ဝပ်ကျင်းအသေးများမှ လူများသည် ရောင်းဝယ်ဖောက်ကားရန်နှင့် အသေးစား ရောင်းဝယ်မှုများကို ပြုလုပ်ရန် ဤနေရာသို့

ရောက်လာတတ်ပြီး အသေးစား ရောင်းဝယ်မှုများက လျှင်မြန်စွာ အလုပ်ဖြစ်၍ စီးပွားရေး ဖြောင့်သည်။

လူတိုင်းသည် သူတို့ လက်လွတ် ဆုံးရှုံးသွားနိုင်သော ရတနာများကို ရှာဖွေချင်ကြသည်။ လေလံပွဲထဲ ဝင်လိုက်သည်နှင့် လင်းဟွမ် ထင်ထားသလို သက်ဝင် လှုပ်ရှားမှု ကင်းမဲ့နေခြင်း မရှိချေ။ ဤအချိန်တွင် လူအများကြီး ရှိတော့မည် မဟုတ်ဘူးဟု သူ ထင်ခဲ့သော်လည်း မယုံနိုင်လောက်အောင် စည်ကားသော နေရာသို့ ရောက်လာပုံရသည်။

လေလံပွဲကို လှည့်ပတ် ကြည့်ပြီးနောက် လင်းဟွမ်သည် ယူနီဖောင်း ဝတ်ထားသော အမျိုးသမီး

တစ်ဦးထံ လျှောက်သွားသည်။ သူမ၏ ဝတ်စား ဆင်ယင်ထားသော ပုံစံအရ ရောင်းသူ မဟုတ်သလို ဝယ်ယူသူလည်း မဟုတ်ကြောင်း ခွဲခြားသိရှိရန် မခက်ပေ။ လေလံပွဲမှ ဝန်ထမ်းတစ်ဦးသာ …

"ငါ့မှာ ရောင်းစရာတစ်ခု ရှိတယ်… မင်းသူဌေးနဲ့ တွေ့ဖို့ ခေါ်သွားပေး…"

လင်းဟွမ်က အမျိုးသမီးအနား ရောက်သည်နှင့် ပြောလိုက်သည်။ အသံတိုးခြင်း၊ မတိုးခြင်းကို စိတ်ထဲ မထားချေ။

"အမ်… အမ်… မင်းမှာ ဘာပစ္စည်းမျိုးလဲဆိုတာ သိလို့ရမလား…"

လင်းဟွမ်၏ သွေးဆာနေသော မျက်လုံးတစ်စုံကို မြင်လိုက်လျှင် ယူနီဖောင်း ဝတ်ထားသော အမျိုးသမီးသည် ချက်ချင်း ကြောက်လန့်ပြီး စကားပင် ထစ်သွားသည်။ လင်းဟွမ်ကို ပြုံးပြကာ ခပ်တန်းတန်းနေရန် ကြိုးစားလိုက်သည်။

"နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း..."

လင်းဟွမ်က စကားကို ခပ်တိုတို ခပ်ပြတ်ပြတ် ပြောလိုက်သည်။

လေလံပွဲသည် အစက ဆူညံနေသော်လည်း သူ စကား စပြောသည်နှင့် ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားသည်။ ဒါသည် သူလိုချင်သော အကျိုးသက်ရောက်မှု

ဖြစ်သောကြောင့် လင်းဟွမ်က အကြံများစွာဖြင့် ပြုံးလိုက်သည်။

နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း ရောင်းချမည့် အကြောင်းကို တတ်နိုင်သမျှ လူများများ သိစေချင်သည်။ ထိုမှသာလျှင် လေလံပွဲ နောက်ဆုံးနေ့တွင် ရောင်းချမည့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းက နှစ်ခုထက် ပိုမည့်အကြောင်း အများစုက သိကြလိမ့်မည်။

ထိုအခါ ခေတ်ကြွင်းအတွက် ငွေများကို ပို၍ စုဆောင်းကြလိမ့်မည်။

သို့သော်လည်း လူအများစုက လင်းဟွမ်ကို တစ်ချက် လှမ်းကြည့်ပြီး ချက်ချင်း အကြည့်လွှဲသွားကြသည်။

သွေးဆာနေသော မျက်လုံးတစ်စုံကို မြင်လိုက်လျှင် မျက်လုံးချင်း ဆုံအောင်ကြည့်ရန် သတ္တိမရှိဘဲ လျင်မြန်စွာ အကြည့်လွှဲသွားကြခြင်းသာ ။

သူတို့ထဲမှ လူအနည်းစုက လင်းဟွမ်ကို အကဲခတ်နေကြသော်လည်း လင်းဟွမ်က သူတို့၏ အကြည့်ကို မမြင်သလို လျစ်လျူရှုထားသည်။ သူတို့အမြင်မှာ အင်မတန် အန္တရာယ်များသော လူတစ်ယောက် ဖြစ်နေသည်။ လူအနည်းစုကသာ ဟန့်တားမှုကို ခံနိုင်ရည်ရှိပြီး လင်းဟွမ်ကို ခိုး၍ စောင့်ကြည့်နေကြသည်။ သူ့ထံမှ သဲလွန်စ ရနိုင်မလား ဆိုသည်ကို သိချင်နေကြသည်။

လင်းဟွမ်က စိတ်ထဲ လုံးဝ မထားချေ။ သူမ၏ အဖြေကို စိတ်ရှည်ရှည် စောင့်ရင်း ဝန်ထမ်းမကို စိုက်ကြည့်နေသည်။

"နတ်... နတ်... နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်းလား..."

ဝန်ထမ်းအမျိုးသမီးက ကြောက်လန့်တကြား ပြောလိုက်ပြီး စကားထစ် နေသေး၍ နှုတ်ခမ်းက အနည်းငယ် တုန်ခါနေသည်။ သို့သော်လည်း လင်းဟွမ်က သူမကို စကားဖြတ် ပြောလိုက်သည်။

"ငါ့ကို အချိန်မဖြုန်းနဲ့... မင်းသူဌေးနဲ့ တွေ့ဖို့ ခေါ်သွား..."

လင်းဟွမ်၏ စရိုက်မှာ ကြမ်းတမ်း ရိုင်းစိုင်းပြီး ပြေပြစ်ခြင်း မရှိပေ။ သူ့ကဲ့သို့ စရိုက်မျိုးက လူတစ်ယောက်အား သူ့စကားကို သေချာပေါက် နာခံစေလိမ့်မည်။

ထိုဝန်ထမ်း အမျိုးသမီး၏ ခန္ဓာကိုယ်မှာ တဆတ်ဆတ် တုန်နေသည်။ ကြောက်ကြောက် လန့်လန့်နှင့် လင်းဟွမ်ကို သူမသူဌေးနှင့် တွေ့ဆုံရန် ခေါ်ဆောင်သွားသည်။

သူမက သူဌေးကို မည်သူနှင့်မျှ တွေ့ဆုံပေးခွင့် မရှိကြောင်းကိုပင် လုံးဝ မေ့လျော့သွားသည်။ သာမန် အခြေအနေဆိုလျှင် လူတစ်ယောက်က သူဌေးနဲ့

တွေ့ဆုံရန် ခွင့်တောင်းလာပါက ညွှ့်သည်အား သူဌေးထံ ခေါ်သွားနိုင်သော အခွင့်အာဏာ ရှိသည့် မန်နေဂျာကို ဦးစွာ အကြောင်းကြားရသည်။

ခဏအကြာ ဝန်ထမ်း အမျိုးသမီးသည် လင်းဟွမ်ကို တံခါးတစ်ခုရှေ့သို့ ခေါ်ဆောင်လာခဲ့သည်။

"ဒါ သူဌေးရုံးခန်းပဲ..."

လင်းဟွမ် ပေးအပ်သော တာဝန် ပြီးမြောက်သွားပြီးနောက် ဝန်ထမ်း အမျိုးသမီးသည် စိတ်သက်သာရာ ရသွားပြီး စကားထစ်ခြင်း မရှိတော့ပေ။

"သူ ဒီမှာ ရှိတယ်..."

လင်းဟွမ်သည် ည (၁၀) နာရီ ဖြစ်နေသောကြောင့် စဉ်းစားသွားသည်။

ရုပ်ဖျက်ထားသည့် အချက်ကို တစ်စုံတစ်ယောက်က သတိထား မိသွားမည်ကို စိုးရိမ်သောကြောင့် နယ်မြေပိုင်နက် အသိကိုပင် ဖယ်ရှားခဲ့သည်။ စိတ်စွမ်းအားကိုလည်း အသက် မသွင်းရဲချေ။ ထို့ကြောင့် တံခါးနောက်ကွယ်မှ အခြေအနေကို မသိရပေ။

"သူ ဒီအချိန်ဆို ဒီမှာ ရှိနေနိုင်တယ်... သူ့ငွေးက လေလံပွဲ စရင် တစ်နေ့ (၂၄) နာရီ ရုံးမှာရှိနေကြ..."

ဝန်ထမ်း အမျိုးသမီးက ခေါင်းညိတ်ပြီး ပြောလိုက်သည်။

လင်းဟွမ်က သူမကို မမေးသော်လည်း သူမ မထွက်သွားရဲပေ။

လင်းဟွမ်က တံခါးတွန်းဖွင့်ခါနီး၌ တံခါးနောက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

“ဗီအိုင်ပီ ရောက်နေတာလား... ကျေးဇူးပြုပြီး ဝင်လာခဲ့ပါဗျာ...”

စကားသံ ဆုံးသွားသည်နှင့် တံခါးက အလိုလို ပွင့်သွားသည်။

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်ပြီး မဆိုင်းမတွ လျှောက်ဝင်သွားသည်။

ဝင်လာပြီးနောက် အခန်းကို လှည့်ပတ် ကြည့်လိုက်သည်။

သန့်ရှင်းသပ်ရပ်ပြီး ရိုးရိုးရှင်းရှင်း အလှဆင်ထားသော အခန်းတစ်ခန်း ဖြစ်သော်လည်း အသေးစိတ် ကြည့်ပါက အလွန်ဇိမ်ခံသော အခန်းတစ်ခန်း ဖြစ်ကြောင်း ကောင်းကောင်း သိနိုင်သည်။

ရုံးစားပွဲသည် ရှားပါးသော သစ်တစ်မျိုးအစား ဖြစ်ပြီး မှင်သလင်းကျောက်နှင့် ပြုလုပ်ထားသည်။ ရုံးစားပွဲ ပြုလုပ်ရန် မှင်အလင်း သလင်းကျောက် တစ်ခုလုံး အသုံးပြုထားသည်ဟုပင် ထင်ရသည်။ အလေးချိန်ကို

အခြေခံ၍ ပြောရလျှင် ၎င်း၏စျေးနှုန်းမှာ ရှေးဟောင်းခေတ်ကြွင်းများနှင့်ပင် ယှဉ်နိုင်သည်။

အခြားတစ်ဖက်တွင်မူ ရုံးခန်း ထိုင်ခုံကို ရွှေညိုရောင်ဖြင့် တည်ဆောက်ထားသည်။ ရွှေညိုရောင်ရွှေသည် သတ္တုစပ်ဖြစ်ပြီး ရှေးဟောင်းခေတ်ကြွင်းများ ပြုလုပ်ရာတွင် အဓိက အသုံးပြုသော သတ္တုစပ်ပစ္စည်းတစ်မျိုး ဖြစ်သည်။ ကုလားထိုင်များကို အရည်အသွေး ကောင်းမွန်သော ပစ္စည်းများဖြင့် ပြုလုပ်ထားပြီး စျေးနှုန်းက ရှေးဟောင်းခေတ်ကြွင်းတစ်ခုနှင့်ပင် ယှဉ်နိုင်သည်။

ဆိုဖာထိုင်ခုံ၏ ကုန်ကျစရိတ်မှာလည်း ကြီးမားသည်။ ဆိုဖာထိုင်ခုံ၏ ခြေထောက်နှင့် လက်တန်းကို ကြည့်လိုက်ရုံဖြင့် ဘောင်များကို မွန်းစတားများ၏ အရိုးများနှင့် ပြုလုပ်ထားကြောင်း သိသာနေသည်။

ဆိုဖာ ပတ်ပတ်လည်တွင် ရစ်ခွေထားသော သားရေမှာ အနက်ရောင် နဂါးမျိုးစပ်၏ ကြေးခွံဖြစ်ပြီး နောက်ကျောနှင့် ထိုင်ခုံများကို ကျားသစ်သားရေဖြင့် ပြုလုပ်ထားသည်။ ဒါသည် မြွေနဂါးကောက်ဟုခေါ်သော နဂါး၏ အရေပြားဖြစ်ကြောင်း အကြမ်းဖျင်း သိလိုက်သည်။ သားရေအတွက်ကိုမူ ကြေးခွံကိုးခု နဂါး၏အရေပြားဖြင့် ပြုလုပ်ထားသည်။

ထိုနှစ်ကောင်လုံးမှာ အင်ပါယာအဆင့် မွန်းစတားများ ဖြစ်ကြသည်။ ထို့ကြောင့် မွန်းစတား အရိုးမှာလည်း အင်ပါယာအဆင့် မွန်းစတား ဖြစ်နိုင်ကြောင်း လင်းဟွမ်က ခန့်မှန်းလိုက်သည်။ ဆိုဖာ၏စျေးနှုန်းမှာ ရှေးဟောင်း စိတ်ဝိညာဉ်လက်နက်တစ်ခု စျေးနှုန်းနှင့် ညီမျှသည်။

သူတို့နှစ်ယောက်က ဆိုဖာထိုင်ခုံပေါ်တွင် ခန့်ခန့်ကြီး ထိုင်နေကြသည်။

## အခန်း(၇၉၄) – ခမ်းခမ်းနားနား တွေ့ဆုံခြင်း။

ဆိုဖာထိုင်ခုံပေါ်တွင် သူတို့နှစ်ယောက် ထိုင်လိုက်သည့်အချိန်၌ လင်းဟွမ်အား စိတ်အနှောင့်အယှက် ဖြစ်စေမည့် အော်ရာများ မထုတ်လွှင့်ပေ။ သို့ရာတွင် သူ့ခန္ဓာကိုယ်မှ ထွက်ပေါ်နေသော အော်ရာများကိုလည်း ထိန်းချုပ်ထားခြင်း မရှိပေ။

လင်းဟွမ်သည် အင်ပါယာအဆင့်များနှင့် အကြိမ်ပေါင်းများစွာ ထိတွေ့ ဆက်ဆံဖူးသောကြောင့်

ငင်းအော်ရာက အင်ပါယာအဆင့် ဖြစ်ကြောင်း အလွယ်တကူ သိရှိနေသည်။

သူတို့နှစ်ယောက်က လင်းဟွမ်အား စိုက်ကြည့်နေစဉ် လင်းဟွမ်ကလည်း မျက်နှာသာ ပြန်ပေးလိုက်သည်။

ဆိုဖာ၏ ဘယ်ဘက်ခြမ်းတွင် ထိုင်နေသောလူမှာ အတော်လေး အရပ်ရှည်ပြီး အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။ သူ့မျက်နှာတွင် အစိမ်းရောင် ဖျော့ဖျော့လေး သမ်းနေပြီး မကြာခင်ကမှ မုတ်ဆိတ် ရိတ်ထားခဲ့သည်မှာ ထင်ရှားသည်။ သို့သော်လည်း မျက်နှာပေါ်က အမွေးအမျှင်များကို မြင်နေရသေးသည်။

ဤအခိုက်အတန့်တွင် သူက သိုးထီးတစ်ကောင်ကဲ့သို့ မတ်မတ်ထိုင်နေပြီး မျက်နှာအမူအရာက တင်းမာနေသည်။ လင်းဟွမ်ကို စစ်ဆေးနေသလို စိုက်ကြည့်နေသည်။

ညာဘက်တွင် ထိုင်နေသောလူကမူ အလွန် အားနည်းသော်လည်း သူ့ဘေးတွင် ထိုင်နေသောလူထက် ပိုပိန်သည်။ ရှည်လျားသော အညိုရောင် ဆံပင်များကို ကျစ်ဆံမြီး ကျစ်ထားသည်။ မကြာခင်ကမှ ရိတ်ထားသော မုတ်ဆိတ်မွှေးများက အစိမ်းရောင် သမ်းနေသည်။ သူ့ဘေးနားတွင် ထိုင်နေသောလူထက် ပို၍ အေးအေးဆေးဆေး ရှိသည်။ သို့သော်လည်း

သတိထားနေပြီး ဆိုဖာပေါ်တွင် ပြည့်ပြည့်ဝဝ ဖင်ချထိုင်ထားခြင်း မရှိပေ။ လင်းဟွမ်ကို စူးစူးဝါးဝါး စိုက်ကြည့်ပြီး အကဲခတ်နေသည်။

လင်းဟွမ်သည် လေ့လာပြီးနောက် ဦးထုပ်ချွတ်၍ ဖုံးကွယ်ထားသော မျက်နှာကို ဖော်ထုတ်လိုက်သည်။ တစ်ခုခုလွဲမှားနေကြောင်း သူတို့ နှစ်ယောက် သိသွားမည်ကို မစိုးရိမ်ပေ။ ရှောင်ဖိန်၏ လှည့်စားခြင်းကတ်ကို အစစ်အမှန် နတ်ဘုရားမှသာလျှင် ရုပ်ဖျက်ခြင်း စွမ်းရည်အား ဖော်ထုတ်နိုင်ကြောင်း ရှောင်ဖိန်က ပြောခဲ့ဖူးသည်။

ဤအဆင့်နှစ်ယောက်က အနီးကပ်ကြည့်ရုံ မဆိုထားနှင့် အတုယောင်နတ်ဘုရားပင် အနီးကပ် စစ်ဆေးရုံနှင့် မသိနိုင်ချေ။

လင်းဟွမ်က ဦးထုပ်ချွတ်လိုက်ရာ လှည့်စားခြင်း အငွေ့အသက်ဖြစ်သော နတ်ဘုရားတစ်ပိုင်း အော်ရာ ပေါက်ကွဲထွက်လာသည်။ အော်ရာ အနည်းငယ်မျှသာ စိမ့်ထွက်သွားသော်လည်း အနီးကပ်ရှိနေသော အင်ပါယာအဆင့် နှစ်ယောက်သည် လင်းဟွမ် ပြသသော တိုက်ခိုက်ရေးအဆင့်ကို ရှင်းရှင်းလင်းလင်း သိလိုက် ကြသည်။

သူတို့၏ မျက်လုံး သူငယ်အိမ်များ ချက်ချင်း ကျယ်သွားပြီး အချင်းချင်း အကြည့်ချင်း ဖလှယ် လိုက်ကြသည်။ တစ်ချိန်တည်းမှာပင် ဆိုဖာထိုင်ခုံပေါ်မှ မတ်တပ်ထရပ်ပြီး လင်းဟွမ်ကို လေးလေးနက်နက် အရိုအသေ ပေးလိုက်ကြသည်။

"ဆရာ.."

နတ်ဘုရားတစ်ပိုင်း ဆိုသည်မှာ ဤကုန်းမြေပေါ်တွင် သံသယရှိစရာ မလိုသော အစွမ်းအထက်ဆုံး တိုက်ခိုက်ရေး သမားဖြစ်ပြီး မူရင်းဒေသ ကုန်းမြေသို့ သွားလျှင်ပင် အသန်မာဆုံး လူများထဲမှ တစ်ယောက်ဖြစ်မည်မှာ သေချာသည်။ အဓိကဇုန်များရှိ လူသိများသော မိသားစု

ပေါင်းများစွာ၏ ခေါင်းဆောင်များ၊ အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များသည် နတ်ဘုရားတစ်ပိုင်း အဆင့်များ ဖြစ်ကြသည်။

ကျစ်ဆံမြီး ကျစ်ထားသော အမျိုးသားနှင့် ကုတ်အင်္ကျီဝတ်ထားသော အမျိုးသားတို့သည် တိုက်ခိုက်ရေးအဆင့် ကွာခြားချက်ကြောင့် သာမဟုတ်ဘဲ အဆင့်အတန်း ကွာဟချက်ကြောင့်လည်း လေးစားနေကြသည်။ မည်သည့် အဖွဲ့အစည်းမှ မပါဝင်ဘဲ လေ့ကျင့်ခဲ့ကြသည့်လူများ အပါအဝင် ဤကမ္ဘာပေါ်ရှိ နတ်ဘုရားတစ်ပိုင်း အားလုံးသည် တော်ဝင်မိသားစု အကြီးအကဲများနှင့် နှိုင်းယှဉ်နိုင်သည်။

သူတို့ နှစ်ယောက်လုံးက အကြီးအကဲများကို လေးစားကြသည်။

လင်းဟွမ်က ဤအကြောင်းကို သိနေသဖြင့် ဂါရဝပြုခြင်းက သူ့အတွက် မထူးဆန်းပေ။ လက်ကို အနည်းငယ်ခါပြပြီး ဆိုဖာထံ လျှောက်သွားသည်။ ထို့နောက် တစ်ခုတည်းသာရှိသော ထိုင်ခုံပေါ် ထိုင်လိုက်သည်။

ကျစ်ဆံမြီး ကျစ်ထားသော ယောက်ျားကို စိုက်ကြည့်ပြီး စကားတစ်ခွန်းမှ မပြောပေ။

ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် သူတို့ နှစ်ယောက်လုံးသည် စိုးရိမ် တုန်လှုပ်လာကာ

ကျစ်ဆံမြီးကျစ်ထားသော အမျိုးသားက စကား စပြောလိုက်သည်။

“ရောင်းသူလား၊ ဝယ်သူလားဆိုတာ သိခွင့်ရမလား..”

“အေး ငါ့မှာ ရောင်းချင်တဲ့ပစ္စည်း နည်းနည်း ရှိတယ်.. ဒါပေမယ့် မင်းက သူတို့အကြောင်း သိနေမလားတော့ မသိဘူး..”

လင်းဟွမ်က အငယ်လေးများကို သွန်သင်ဆုံးမ နေသလို ပြောလိုက်သည်။

“မစိုးရိမ်ပါနဲ့.. ကျွန်တော်တို့မှာ ကျွမ်းကျင်တဲ့ အကဲဖြတ်သူ (၂၈) ယောက်ရှိပါတယ်.. အဲ့ဒီအထဲမှာ (၂၅) ယောက်က (S) အဆင့် အကဲဖြတ်သူဖြစ်ပြီး ကျန်တဲ့

သုံးယောက်က (A) အဆင့် အကဲဖြတ်သူပါ.. ပြီးတော့ ကျွန်တော်ရယ်၊ ကျွန်တော့်ဘေးက လူကလည်း (S) အဆင့် အကဲဖြတ်သူတွေပါ..”

ပစ္စည်းတစ်ခုကို အခြေခံ၍ စစ်ဆေးသည့်အခါ အကဲဖြတ်မှု အဆင့်အတန်းသည် ဟာသ မဟုတ်ချေ။ စစ်မှန်သော အကဲဖြတ်သူတစ်ယောက်က ပစ္စည်းတစ်ခု၏ ပါဝင်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ ကုန်ကြမ်း တစ်ခုချင်းစီ၏ ဈေးနှုန်းများ၊ ကုန်ပစ္စည်းကို အချောသတ် လုပ်ရမည့် လုပ်ငန်းစဉ်၏ အခက်အခဲများကို ရှင်းရှင်းလင်းလင်း ဆုံးဖြတ်နိုင်စွမ်း ရှိရသည်။ သို့မှသာလျှင် အကဲဖြတ်သူ တစ်ယောက်က

ပစ္စည်းတစ်ခု၏ ဈေးနှုန်းကို တိကျမှန်ကန်စွာ ခန့်မှန်းနိုင်လိမ့်မည်။

အကဲဖြတ်သူတစ်ယောက်က ပစ္စည်းတစ်ခု၏ ခေါ်ဆိုဈေးနှုန်းကို သတ်မှတ်ပိုင်ခွင့် ရှိသည်။ အကဲဖြတ်သူတစ်ယောက်၏ အဆင့်အတန်းသည် သူတို့၏ တိုက်ခိုက်ရေးအဆင့်ပေါ်၌ များစွာ မူတည်သည်။ အကြောင်းမူ အကဲဖြတ်သူသည် ဓါတ်ကြွင်း၏ လုပ်ဆောင်ချက်ကို အတိအကျ သိရှိစေရန် ဓါတ်ကြွင်း၏ ကံကြမ္မာစွမ်းအား ပြောင်းလဲနှုန်း၊ အခြားအသေးစိတ်အချက်အလက်များကို သိရှိရန်၊ အကဲဖြတ်နိုင်ရန်

အတွက် ဓါတ်ကြွင်းထဲသို့ ကံကြမ္မာစွမ်းအား ထည့်သွင်းရန် လိုအပ်သောကြောင့်ပင် ။

ဥပမာအားဖြင့် ပြောရလျှင် အင်မော်တယ်အဆင့် အောက်ရှိ မည်သူမဆို ရှေးဟောင်း ဓါတ်ကြွင်းကို အသက်သွင်းနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ရှေးဟောင်းဓါတ်ကြွင်း တစ်ခုကို အကဲဖြတ် စစ်ဆေးရန်အတွက် သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ အနည်းဆုံး အင်မော်တယ် အဆင့်တွင် ရှိနေရန် လိုအပ်သည်။

အဆင့် (A) ဟု ခေါ်သော အကဲဖြတ်သူများက အင်မော်တယ်အဆင့်တွင် ရှိကြပြီး ရှေးဟောင်း

ခါတ်ကြွင်းများကို တိကျစွာ အကဲဖြတ်နိုင်ကြသည်။ တစ်ချိန်တည်းမှာပင် သူတို့တွင် ရှေးဟောင်း ခါတ်ကြွင်းများအတွက် ဈေးနှုန်း သတ်မှတ်ပိုင်ခွင့် ရှိသည်။ ထိုအရာမှာ လေလံပွဲတွင် စဦးဖွင့်သော ခေါ်ဆိုဈေးနှုန်းကို ညွှန်းဆိုခြင်းပင် ။

(S) အဆင့် အကဲဖြတ်သူများကမူ အခြေခံအားဖြင့် သူတို့၏ တိုက်ခိုက်ရေးအဆင့်မှာ အင်ပါယာအဆင့်တွင် ရှိရမည်ဖြစ်ပြီး နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းများကို ဝေဖန်ပိုင်းခြား ဆန်းစစ်နိုင်စွမ်းလည်း ရှိရမည်။ သူတို့တွင် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းအတွက် ဈေးနှုန်းသတ်မှတ်ပိုင်ခွင့် ရှိသည်။

လင်းဟွမ်သည် မမျှော်လင့်ထားသဖြင့် အံ့အား သင့်သွားသည်။

လေလံပွဲ အများအပြားကို မရောက်ဖူးသော်လည်း အဖွဲ့ခွဲ (၇) ရှိ အကြီးဆုံး လေလံအိမ်တော် ဖြစ်သည့် ကျိုတို လေလံအိမ်တော်တွင် (၆) အဆင့် အကဲဖြတ်သူ သုံးဦးသာ ရှိကြောင်း သူသိထားသည်။ ဝမ်ပေါင် လေလံအိမ်တော်သည် အဖွဲ့ခွဲ (၃) ရှိ လေလံအိမ်တော် အားလုံးထဲတွင် အဆင့် (၁၀) သာ ရပ်တည်သည်။ ၎င်းသည် အဆင့် (၁၁) ရှိသည့် အမှောင်ထု လေလံအိမ်တော်ထက် သာလွန်ခြင်း မရှိပေ။ အခြေခံအားဖြင့် ဝမ်ပေါင်လေလံပွဲ အဆင့်ကို အချိန်မရွေး

အစားထိုး နိုင်သည်။ သို့သော်လည်း ဤကဲ့သို့ လေလံအိမ်တော်က ဌာနခွဲ (၇) ရှိ ကျိုတို လေလံအိမ်တော်နှင့် အဆင့်အတန်း တူညီနေသည်။

'ဒါက အဓိက ဇုန်တစ်ခုပါ။ တခြား ဌာနခွဲတွေနဲ့ ယှဉ်လို့မရဘူး...'

လင်းဟွမ် စိတ်ထဲမှ တွေးလိုက်မိသော်လည်း စိတ်လှုပ်ရှားခြင်း မရှိသကဲ့သို့ ပြုမူနေသည်။

"မင်းတို့ နှစ်ယောက်လုံးက (S) အဆင့် အကဲဖြတ်သူတွေလား.."

လင်းဟွမ်က သူတို့နှစ်ယောက်ကို စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည်။ ကျစ်ဆံ မြီးကျစ်ထားသော

အမျိုးသားက ပြုံးပြီး သူ၏လက်မှတ်ကို ပရိုဂျက်တာပေါ်တွင် ထုတ်ဖော် ပြသလာသည်။

"ဆရာ.. ဒါက ကျွန်တော့်လက်မှတ်ပါ.."

သူ့ဘေးနားတွင် ဝတ်စုံဝတ်၍ ရပ်ထားသော လူကလည်း အမူအရာကင်းမဲ့စွာ လက်မှတ်ထုတ်ပြသည်။ ဒါသည် အကဲဖြတ်သူနှင့် သက်ဆိုင်သော သက်သေပြ လက်မှတ်တစ်ခုပင် ။ ဓါတ်ပုံ၊ အမည်၊ လက်မှတ်၊ အိုင်ဒီနှင့် မှတ်ပုံတင်သည့်အချိန် စသည့် အချက်အလက်များ ပါဝင်သည်။

ဆန်းစစ် လေ့လာထားသည့် ပစ္စည်းများ၊ အသေးစိတ် အကဲဖြတ်မှုဆိုင်ရာ အစီရင်ခံစာများကဲ့သို့

အချက်အလက်များကိုမူ ဖုံးကွယ်ထားသည်။ အကဲဖြတ်သူက ကျန်သည့်လူများကို ဝင်ရောက် လေ့လာနိုင်ရန် အခြားသူများအား ဝင်ခွင့်ပေးရန် လိုအပ်သည်။

လင်းဟွမ်က ဤအရာအားလုံးကို သိရန်မလိုအပ်ပေ။ ထို့ကြောင့် သူတို့၏လက်မှတ်ကိုပင် ကြည့်ရန် မလိုအပ်ချေ။ သူ၏ မောက်မာမှုကို သက်သေပြရန်အတွက်သာ သူတို့၏ သက်သေ အထောက်အထားကို သံသယဖြစ်သော အမူအရာနှင့် မေးခဲ့ခြင်းသာ ။ သူတို့ နှစ်ယောက်၏ လက်မှတ်များကို ကြည့်ပြီးနောက် လင်းဟွမ်က ကျစ်ဆံမြီးကျစ်ထားသော လူကို ချက်ချင်း ပြုံးပြလိုက်သည်။

"မင်းနာမည်က ထန်ရှုဆိုတော့ မင်းက ထန်မိသားစု ကလား.."

အဖွဲ့ခွဲ(၃)တွင်ရှိသော မိသားစုတချို့တွင် ထန်မိသားစုသည် နတ်ဘုရားတစ်ပိုင်း နှစ်ပါးရှိသည်။ လင်းဟွမ်သည် ဝမ်ပေါင်လေလံပွဲသို့ မရောက်ခင်က ဤလေလံအိမ်တော်သည် အမှန်တကယ်ပင် ထန်မျိုးနွယ်များက လည်ပတ်နေကြောင်း မသိခဲ့ချေ။

"ကျေးဇူးပြုပြီး ငါ့ကို မရယ်ပါနဲ့.."

ထန်ရှုက ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး ထန်ရှု၏ အထောက်အထားအကြောင်း ထပ် မမေးတော့ချေ။

"လေလံအိမ်က ထန်မိသားစုရဲ့ လုပ်ငန်းတစ်စိတ်တစ်ပိုင်း ဆိုတော့ အတော်လေး စိတ်ချရမယ်လို့ ထင်တယ်.."

လင်းဟွမ်က စကားကို အဆုံးသတ်ပြီးနောက် အင်ပါယာနှလုံးသား လက်စွပ်ထဲမှ သွေးရဲရဲလေး ရွေးချယ်ထားသော နတ်ဘုရားတစ်ပိုင်း ဆေဘာဓါးကို ထုတ်ယူလိုက်သည်။ ထို့နောက် ဖြည်းဖြည်းချင်း ဆွဲထုတ်လိုက်သည်။

ဆေဘာကို ဓါးအိမ်ထဲမှ ဖြည်းဖြည်းချင်း ဆွဲထုတ်သည်နှင့် တပြိုင်နက် ဓါးအပေါ်တွင် အနုစိပ် ရေးချယ်ထားသော ကနုတ်များက သွေးရောင်တောက်ပ၍

ဖြာထွက်လာသည်။ မကြာခင် သွေးကဲ့သို့ ဖြစ်နေသော အနီရောင် အလင်းများက ခါးသွားတစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

"နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း....."

သူတို့ နှစ်ယောက်လုံးက ဆေဘာကို ခါးအိမ်ထဲက ဆွဲထုတ်လိုက်သည့် အချိန်ကတည်းက စိုက်ကြည့် နေကြသည်။

"မင်းတို့တွေ ဒီဆေဘာကို ဘယ်လိုထင်လဲ.."

လင်းဟွမ်က တောက်ပစွာပြုံးပြီး မေးလိုက်သည်။

"မယုံနိုင်စရာ ကောင်းတဲ့ ဆေဘာတစ်လက်ပဲ။ လေလံပွဲမှာ နောက်ဆုံးရောင်းချဖို့ ရည်ရွယ်ထားတဲ့ ပစ္စည်းထက်တောင် အများကြီး ပိုကောင်းသေးတယ်.."

ထန်ရှုသည် လင်းဟွမ်လက်ထဲမှ ဆေဘာကို စိတ်လှုပ်ရှားစွာ ဆုပ်ကိုင်လိုက်သည်။ ဆေဘာကို တော်တော်လေး ကြိုက်နှစ်သက်နေပုံပင် ။ သူ့ဘေးမှ ဝတ်စုံဝတ်ထားသော လူကလည်း ဆေဘာ၏ တစ်လက်မတိုင်းကို သေသေချာချာ စိုက်ကြည့်နေသည်။

"ငါ့ကို ဈေးတစ်ခု ဖွင့်ပေး.."

လင်းဟွမ်သည် အခြားသော နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှစ်ခုကို မပြသေးပေ။ ဈေးနှုန်း မဖွင့်ခိုင်းခင်

သူတို့နှစ်ယောက်အား ဆေဘာကို ကောင်းကောင်း ကြည့်ရှုနိုင်စေရန် စိတ်ရှည်ရှည် စောင့်ဆိုင်း နေခဲ့သေးသည်။

"ဒီဆေဘာရဲ့ အဖွင့်ဈေးနှုန်းက ဘီလျှံ (၃၀) ပဲ.."

ဝတ်စုံဝတ်ထားသောလူက ကမ်းလှမ်းသည်။

"မင်း.... ဘယ်လို ထင်လဲ.."

လင်းဟွမ်ကို ကြည့်ရသည်မှာ ဈေးနှုန်းနှင့် ပတ်သက်၍ မကျေမနပ် ဖြစ်နေပုံရပြီး ထန်ရှူကို လှည့်ကြည့်ကာ မေးလိုက်သည်။

“ဘီလျှံ (၃၀) က တော်တော်လေး သင့်တော်တဲ့ ဈေးနှုန်းပါ..”

ထန်ရှုသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် တုံ့ပြန်လိုက်သည်။

“ဒါပေမယ့် လေလံပွဲ နောက်ဆုံးနေ့မှာ ရောင်းမယ့်အတွက် ဆေဘာဈေးက နည်းနည်း ပိုမြင့်သွားနိုင်တယ်။ ဒါကြောင့် (၃၃) ဘီလျှံဆိုပြီး ဈေးပြင်လိုက်မယ်..”

ထန်ရှုသည် ဈေးနှုန်း သတ်မှတ်ပြီးနောက် လင်းဟွမ် မျက်နှာပေါ်က မျက်နှာအမူအရာ ပြောင်းလဲခြင်း မရှိကြောင်း သတိထားလိုက်မိသဖြင့် ဆက်ရှင်းပြသည်။

"ဆရာ.. ခေါ်ဈေး အရမ်း မြင့်နေစရာ မလိုဘူး။ ခေါ်ဈေး အရမ်းမြင့်နေရင် လေလံပွဲထဲမှာ လေလံဆွဲဖို့ အလားအလာ ရှိနေတဲ့ လေလံဆွဲသူတွေ လက်လန် သွားနိုင်တယ်.."

"ဒါဆို လေလံပွဲ နောက်ဆုံးနေ့မှာ မင်းတို့ ရောင်းချဖို့ စဉ်းစားထားတဲ့ ပစ္စည်းရဲ့ ခေါ်ဈေးက ဘယ်လောက်လဲ.."

လင်းဟွမ်က မေးလိုက်သည်။

"(၂၅) ဘီလျံ.. ပုံမှန်ဈေးထက် နည်းနည်း ပိုများပါတယ်။ တကယ်လို့ လေလံပွဲ နောက်ဆုံးနေ့မှာ ရောင်းချမယ့်ပစ္စည်း မဟုတ်ရင် (၂၃) ဘီလျံထက် မပိုပါဘူး.."

ထန်ရှူက ရိုးသားစွာ ပြောလိုက်သည်။

"ကောင်းပြီ.. ဒါဆိုလည်း ဒီဈေးနှုန်းကို ငါ လက်ခံလိုက်မယ်.."

လင်းဟွမ်က တောက်ပစွာ ပြုံးလိုက်သည်။

"ဆေဘာရဲ့ဈေးနှုန်းက (၃၃) ဘီလျံဆိုတော့ ငါကလည်း အရည်အသွေးတူတဲ့ တခြား နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း နှစ်ခုကို တူညီတဲ့ ဈေးနှုန်းနဲ့ ထောက်ပံ့ပေးရမှာပေါ့.. ဟုတ်တယ် မဟုတ်လား.. မင်းတို့နှစ်ယောက် ကြည့်ကြပါအုံး.."

လင်းဟွမ်က စကား ပြောပြီးသည်နှင့် နတ်ဘုရားတစ်ပိုင်းအဆင့် ဓါတ်ကြွင်း ဓါးတစ်ချောင်းနှင့် သံချပ်ကာ တစ်ခုကို ထုတ်ယူလိုက်သည်။

ထန်ရှုနှင့် ထန်ရီတို့ အံ့အောသင့်သွားသည်။ လင်းဟွမ်က သူတို့ကို ကစားခဲ့သည်။ အမှန်တကယ်ဆို ဆေဘာ၏ ဈေးမှာ ပေါက်ဈေးထက် အနည်းငယ် မြင့်နေသည်။ လင်းဟွမ်ထံတွင် နောက်ထပ် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှစ်ခု ရှိနေလိမ့်မည်ဟု မထင်ထားခဲ့ကြချေ။

မကြာခင် သူတို့နှစ်ယောက် အကြည့်နှင့် ဆွေးနွေးပြီးနောက် ဓါတ်ကြွင်းနှစ်ခု၏ စွဲဆောင်ခြင်းကို ခံလိုက်ရသည်။

"ဓါး အရည်အသွေးက ဆေဘာနဲ့ အတူတူပဲ။ လေလံပွဲ နောက်ဆုံးနေ့မှာ ရောင်းလို့ရတယ်။ ခေါ်ဈေးက (၃၂) ဘီလျှံ ဖြစ်လိမ့်မယ်။ ချပ်ဝတ်တန်ဆာ တစ်စုံကတော့ တစ်ခုတည်းသော ကာကွယ်ရေး နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းဖြစ်နေလို့ ကျွန်တော်တို့ လေလံပွဲမှာ (၃၈) ဘီလျှံပဲ။ ဈေးတောင် နည်းနည်း ပိုမြင့်နိုင်သေးတယ်။"

" ဆရာ ကမ်းလှမ်းတဲ့ဈေးကို သဘောတူလား.."

"ကောင်းပြီလေ.."

လင်းဟွမ်က အမူအရာကင်းမဲ့စွာ ပြန်ဖြေလိုက်သည်။ အမှန်တကယ်ဆို ရင်ထဲ၌ ဝုန်းဒိုင်း ကခုန်နေသည်။ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းသုံးခု၏ အဖွင့်ဈေးနှုန်းမှာ ဘီလျံ ၉၀ ဟု မျှော်လင့်ထားသော်လည်း အမှန်တကယ်တွင် အဖွင့်ဈေးမှာ ဘီလျံ (၁၀၀) ကျော်သွားသည်။

"ပုံမှန်ဆိုရင် လေလံဌာနက စီမံခန့်ခွဲရေးခကို (၅) ရာခိုင်နှုန်း ကောက်ပေမယ့် ကျွန်တော်က အထွတ်အထိပ် မန်ဘာကတ်ပေးမှာဆိုတော့ စီမံခန့်ခွဲခက (၃) ရာခိုင်နှုန်းပဲ ကျသင့်ပါမယ်။ လေလံပွဲက တစ်ခုခု

ဝယ်မယ်ဆိုရင် ပစ္စည်းအားလုံးအတွက်လည်း (၂၀) ရာခိုင်နှုန်း လျှော့ဈေးပေးအုံးမှာပါ..”

ထို့နောက် ထန်ရှုသည် စကားကို ခေတ္တရပ်လိုက်ပြီး အသံလျှော့ကာ ..

“တရားမဝင် ပစ္စည်းတွေလည်း ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ လေလံအိမ်တော် ဒေဝါလီ မခံမချင်း ဒီမန်ဘာကတ်က ရာသက်ပန် သက်တမ်း ရှိပါတယ်”

ထန်ရှုက သူ့အင်ပါယာ နှလုံးသား လက်စွပ်ထဲမှ လက်ဖဝါးတစ်ဝက် အရွယ်စားခန့်ရှိသော

ရွှေရောင်ကတ်ပြားတစ်ခုကို ထုတ်ယူ၍ လင်းဟွမ်ထံ ပေးလိုက်သည်။

"ဒါကို ဆရာရဲ့ အင်ပါယာနှလုံးသား လက်စွပ်နဲ့ စကန်ဖတ်လိုက်ရင် ဆရာရဲ့ အထောက်ထားကို ကူးယူထားလိမ့်မယ်။ ကျွန်တော်တို့ရဲ့စနစ်က ဆရာရဲ့ အင်ပါယာနှလုံးသား လက်စွပ်ကို အလိုလို ရှာပေးလိမ့်မယ်.."

လင်းဟွမ်သည် သူ့လက်ထဲမှကတ်ကို လှမ်းယူပြီး လှန်ကြည့်လိုက်သည်။

"ငါက အင်ပါယာ နှလုံးသားလက်စွပ်နဲ့ စကာန် ဖတ်ပြီးရင် ကတ်ကို အသုံးပြုလို့ မရတော့ဘူးလို့ ပြောချင်တာလား.."

"ဟုတ်ပါတယ်။ အင်ပါယာနှလုံးသား လက်စွပ်တစ်ခုကို ကတ်တစ်ခုပဲ ကုတ်တွဲလို့ ရပါတယ်။ အထောက်အထားကို ကုဒ်တွဲပြီးသွားရင် ကတ်ကို ထပ်သုံးစရာ မလိုတော့ပါဘူး၊ ကတ်ကို ကြိုက်သလို လုပ်လိုက်လို့ ရပါတယ်"

"ဒါဆိုရင် အင်ပါယာ နှလုံးသားလက်စွပ်နဲ့ မချိတ်ဆက်သရွေ့ ဘယ်သူ့ကိုမဆို ပေးလို့ရတာပေါ့.."

လင်းဟွမ်က ထပ်မေးလိုက်သည်။

"ဟုတ်။ ဒါပေမယ့် အဓိပတိ အဖွဲ့ဝင်ကတ်နဲ့ ချိတ်ဆက်ထားတဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကပဲ ဒီကမ်းလှမ်းမှု ဈေးနှုန်းကို အကျိုးခံစားခွင့် ရှိမှာပါ.."

"ကောင်းပြီ.....၊ ငါသိပြီ.. ငါ့ပစ္စည်းတွေကို ဒီမှာ ထားခဲ့မယ်။ လေလံပွဲကိုတော့ ငါ မအားလို့ မလာနိုင်ဘူး ။ ငါ့အစား ငါ့တပည့် လာလိမ့်မယ်။ ပြီးတော့ မင်းတို့ ရောင်းရတဲ့ငွေကို သူ့ကိုပဲ ပေးလိုက်။ လေလံပွဲ တက်တဲ့အခါကျရင် ဒီကတ်ကို သူ ယူလာလိမ့်မယ်"

လင်းဟွမ်သည် ရီကျန်းနှင့် အတူ လေလံပွဲလာရန် စီစဉ်ထားသောကြောင့် ရုပ်ဖျက်ထားသည့် ပုံစံနှင့် လေလံပွဲကို နောက်တစ်ကြိမ် မလာနိုင်တော့ချေ။

“ဆရာကိုယ်တိုင် လေလံပွဲ မတက်နိုင်လို့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် မင်းရဲ့တပည့်ကို ကောင်းကောင်းမွန်မွန် ညှော့ခံလိုက်ပါ့မယ်”

“မြေအောက် လေလံပွဲအကြောင်းကိုလည်း သူ့ကို သတိပေးလိုက်ပါကွာ။ သူ့မှာ ဝယ်စရာတစ်ခုခု ရှိမယ်ထင်ပါတယ်..”

လင်းဟွမ်က ရည်ရွယ်ချက်ရှိရှိ အရိပ်အမြွတ် ပြောလိုက်ခြင်းပင်.....။

အများသူငှာအတွက် ရောင်းချခြင်း မရှိသည့် တရားမဝင်ပစ္စည်းများကို ဝယ်ယူချင်သည် ဆိုပါက မြေအောက် လေလံပွဲသို့ သွားရမည်။ ထိုအတွက် ဖိတ်ကြားမှု လိုအပ်ကြောင်း သူသိနေသည်။ ဒါသည် ဝယ်ယူသူများကို ပြဿနာ မတက်စေရန် ကာကွယ်ထားပေးခြင်းပင် ။

“ဟုတ်ကဲ့.. ကျွန်တော် မှတ်ထားပါ့မယ်။ စိတ်မပူပါနဲ့.. သူ့အတွက် သေချာပေါက် စီစဉ် ပေးလိုက်ပါ့မယ်..”

ထန်ရှူက ထူးထူးဆန်းဆန်း မစဉ်းစားဘဲ ခေါင်းညိတ်လိုက်သည်။

"ကဲ.. ဒါဆိုလည်း ရပြီ။ မင်းတို့ လုပ်စရာရှိတာ ဆက်လုပ်ကြ။ မင်းတို့ ညှော်ဝတ်ကျေတဲ့အတွက် ကျေးဇူးတင်ပါတယ်.."

စကားဆုံးသွားသည်နှင့် လင်းဟွမ်၏ ခန္ဓာကိုယ်သည် ဖန်ခွက်တစ်ခွက် ကွဲသကဲ့သို့ လျင်မြန်စွာ ပြိုကျသွားပြီး မှိန်ဖျော့၍ ပျောက်ကွယ်သွားသည်။

သူတို့နှစ်ယောက်သည် မြင်နေရသော မြင်ကွင်းကြောင့် လုံးဝ အံ့အားသင့်နေသည်။ လင်းဟွမ် ခန္ဓာကိုယ် လုံးဝ ပျောက်ကွယ်သွားသည့် အချိန်ကျမှ အသိ ပြန်ဝင်လာသည်။

"အိုး.. နတ်ဘုရားတစ်ပိုင်းရဲ့ စွမ်းရည်က အံ့မခန်းပဲ.."

ထန်ရှုက အံ့ဩမှင်တက်စွာ ရေရွတ်လိုက်သည်။

"ဒါက တမူထူးခြားတဲ့ လှုပ်ရှားမှု စွမ်းရည်လား၊ ဒါမှမဟုတ် ကိုယ်ပွားစွမ်းရည်လားဆိုတာ ငါတောင် မသိတော့ဘူး.."

ထန်ရီလည်း မျှော်လင့်ထားသဖြင့် အံ့အား သင့်နေသည်။

"ငါတို့ ရုံးခန်းထဲမှာ စောင့်ကြည့်ရေးစနစ် ရှိတယ်.. ဒီမြင်ကွင်းကို မှတ်တမ်း တင်ထားလောက်တယ်.."

ထန်ရှုက စောင့်ကြည့်ရေးခရုကို ဖုံးကွယ်၍ ထား ထားသောနေရာသို့ လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ငါတို့ရဲ့ အကြီးအကဲတွေဆီ တင်ပြသင့်တယ်လို့ ထင်တယ်.. သူတို့ကတော့ သူ့ကို သိကောင်းသိလိမ့်မယ်"

ထန်ရှုက အကြံပြုလိုက်သည်။

"ငါလည်း အဲ့ဒီလို တွေးနေတာ.."

ဟိုတယ်နှင့် မီတာ (၁၀၀) ဝေးသောနေရာတွင် လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးနေသည်။

လင်းဟွမ်သည် ဤကဲ့သို့ အံ့ဩဖွယ်ကောင်းသော အကျိုးသက်ရောက်မှု ရှိရှိ ထွက်ခွာနိုင်ရန် သူတို့နှစ်ယောက်နှင့် တွေ့ဆုံဖို့အတွက် ကိုယ်ပွားကို စေလွှတ်ခဲ့ခြင်းပင် ။

ကိုယ်ပွားကို ကိုယ်ပွားကတ်နှင့် ဖန်တီးထားခြင်းဖြစ်ပြီး ကိုယ်ပွား၏အသိစိတ်ကို ဖုံးကွယ်ရန်အတွက် လှည့်စားခြင်းကတ်နှင့် ဖုံးကွယ်ထားခြင်းသာ... ။

လင်းဟွမ်သည် ယခင်ကတည်းက ဆိုဖာပေါ်တွင် ထိုင်နေခဲ့ခြင်း ဖြစ်သည်။ လှည့်စားခြင်းကတ် အသုံးပြုခဲ့သလို သူ့နာမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိဘဲ လေလံခန်းမထဲမှ မည်ကဲ့သို့ ပြန်ထွက်ရင်ကောင်းမလဲ စဉ်းစားခဲ့သည်။ သူက မည်မျှပင် ဟန်ဆောင်ဖုံးကွယ်ထားပါစေ သူ၏ တိုက်ခိုက်ရေးအဆင့်မှာ သန့်ရှင်း မီးလျှံအဆင့်သာ ရှိနေသေးသည်။ အကယ်၍ အင်ပါယာအဆင့်

နှစ်ယောက်က သူ့နောက်ကို ခြေရာခံ လိုက်လာမည် ဆိုပါက မျက်ခြေဖြတ်ထားရန် မဖြစ်နိုင်ပေ။

လင်းဟွမ်သည် အချိန် အတော်ကြာအောင် ခေါင်းပေါက်မတတ် စဉ်းစားပြီးမှ ဤအကြံအစည်ကို ရခဲ့ခြင်းပင် ။ ခမ်းနားကြီးကျယ်စွာ ထွက်ခွာနိုင်ရန် ကိုယ်ပွားဖန်တီး၍ တွေ့ဆုံခဲ့သည်။ သူ့နောက်သို့ မည်သူမှ မလိုက်နိုင်သလို လေထဲမှ လူများကိုလည်း တားဆီးနိုင်ခဲ့သည်။

လင်းဟွမ်က ရှောင်ဖိန်ကို သူ၏အင်ပါယာနှလုံးသား လက်စွပ်ကို ကတ်တစ်ခုအဖြစ် ပြောင်းလဲရန် တောင်းဆိုခဲ့သည်။ ထို့နောက် ကတ်ကို ကိုယ်ပွား၏

ဘယ်ဘက်လက်တွင် ပြန်သိမ်းခဲ့သည်။ အဓိပတိ အဖွဲ့ဝင်ကတ်ကိုမူ လင်းဟွမ်က အင်ပါယာနှလုံးသား လက်စွပ်ထဲ ဖြည်းဖြည်းချင်း ထည့်သွင်းခဲ့ခြင်းသာ....

ထို့နောက် လင်းဟွမ်က အသက် ခပ်ပြင်းပြင်းလေး ရှူပြီး ပြောလိုက်သည်။

"အမှား မလုပ်ခဲ့မိလို့ ဝမ်းသာပါတယ်...."